# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ - ၁၁၃)


၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက် | ၂၀၁၇ ခုနှစ်၊ ဇွန် ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၆)၊ အမှတ် (၂၆၀)


**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ**

စာ » ၃



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများနှင့် တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် တပ်မတော်အရာရှိများအား တွေ့ဆုံ**

စာ » ၄



**ဆီးရီးယား တပ်မတော် ဂျက်လေယာဉ်တစ်စင်းကို အမေရိကန်စစ်လေယာဉ်ပစ်ချ**

စာ » ၁၀

# နယ်စပ်ကုန်သွယ်မှုဆောင်ရွက်နေသော မြန်မာနိုင်ငံသား ကုမ္ပဏီလုပ်ငန်းရှင်များ ဘဏ်စာရင်းများအား တရုတ်နိုင်ငံမှ ယာယီပိတ်သိမ်းခဲ့မှုအပေါ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်




**မြန်မာနိုင်ငံသား ပို့ကုန်သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီပိတ်သိမ်းခဲ့သည့် China Construction Bank ကို တွေ့ရစဉ်**

ဓာတ်ပုံ-အယ်လ်စိုး(မူဆယ်)

**နေပြည်တော် ဇွန် ၁၉**

မြန်မာ-တရုတ်နှစ်နိုင်ငံကြား ကုန်သွယ်မှုဆိုင်ရာ ငွေပေးချေမှုကို တရုတ်နိုင်ငံ ရွှေလီမြို့ရှိ Agricultural Bank of China, China Construction Bank နှင့် Industrial and Commercial Bank of China ဘဏ်များဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန် ၁၅ ရက်မှစ၍ မြန်မာနိုင်ငံသား ပို့ကုန်သွင်းကုန် ကုန်သည်လုပ်ငန်းရှင်များ၏ ဘဏ်စာရင်းများအား တရုတ်နိုင်ငံဘက်မှ ယာယီပိတ်သိမ်းခဲ့ကြောင်း သိရှိရသည်။

ဘဏ်စာရင်းများ ပိတ်သိမ်းခဲ့မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် တရုတ်နိုင်ငံခရီးစဉ်အတွင်း သိလျှင်သိချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေး ကောင်စစ်ဝန်နှင့် စတင်ညှိနှိုင်းခဲ့ပြီး ၂၀၁၇ ခုနှစ် ဇွန် ၁၆ ရက်တွင်လည်း ဘဏ်စာရင်းများ ထပ်မံပိတ်သိမ်းခဲ့မှုသတင်းများအပေါ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးသို့ ယင်းနေ့တွင် တယ်လီဖုန်းဖြင့် ဆက်သွယ်၍ ဖြေရှင်းဆောင်ရွက်ပေးရန် ညှိနှိုင်းခဲ့သည်။

ထို့အပြင် မြန်မာကုန်သည်များ၏ ငွေစာရင်း Account များ ပိတ်သိမ်းခဲ့မှုအား မည်သည့်အတွက်ကြောင့် ပြုလုပ်ခြင်းဖြစ်သည်ကို သိရှိလိုကြောင်း၊ ပိတ်ထားသော မြန်မာနိုင်ငံသား ကုန်သည်လုပ်ငန်းရှင်များ၏ ငွေစာရင်းများအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန် ရွှေလီမြို့ ပါတီကော်မတီအတွင်းရေးမှူးနှင့် ရွှေလီမြို့အစိုးရဌာန ပြည်ပရေးရာတာဝန်ခံတို့ထံ ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပုံမှန်ဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဖြေရှင်းကူညီပေးရန် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့လည်း ညှိနှိုင်းအကြောင်းကြားခဲ့သည်။

၂၀၁၇ ခုနှစ် ဇွန် ၁၇ ရက်တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ ပဲပြောင်းနှမ်းအသင်း၌ Bank Account များ ပိတ်ထားခြင်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်းနှင့်

*စာမျက်နှာ ၃ ကော်လံ ၁*




မြန်မာ့အလင်း

# တရားမဝင် ပြည်ပထွက်ခွာ အလုပ် လုပ်ကိုင်မှုများ အရင်းအမြစ်မှ ဖော်ထုတ်အရေးယူ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက စင်ကာပူနိုင်ငံတွင် အိမ်ဖော်အလုပ် လုပ်ကိုင်နေသူ မြန်မာနိုင်ငံမှ တိုင်းရင်းသူ အမျိုးသမီးငယ်တစ်ဦး အထပ်မြင့်ကွန်ဒိုပေါ်မှခုန်ချကာ မိမိကိုယ်ကို သတ်သေသည့် ဗီဒီယိုဖိုင်တစ်ခု လူမှုကွန်ရက်များပေါ်တွင် ပျံ့နှံ့ခဲ့ခြင်းနှင့်ပတ်သက်ပြီး ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည်။ သတ်သေသွားသည့် အမျိုးသမီးငယ်မှာ စင်ကာပူနိုင်ငံသို့ လွန်ခဲ့သည့်ရှစ်လခန့်ကမှ ရောက်ရှိလာပြီး အိမ်အကူအလုပ်ကို လုပ်ကိုင်ခြင်းဖြစ်သည်ဟုလည်း သတင်းများအရ သိရသည်။

စင်စစ်အားဖြင့် မြန်မာနိုင်ငံမှ အိမ်အကူလုပ်သား အမျိုးသမီးများကို ၂၀၁၃ ခုနှစ်က လူဦးရေ ၃၀၀ ခန့်ကိုသာ တရားဝင်အနေဖြင့် ဟောင်ကောင်နှင့်စင်ကာပူသို့ ပို့ဆောင်ခွင့်ပြုခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် ပို့ဆောင်ခွင့်မပြုတော့ဘဲ ရပ်ဆိုင်းခဲ့သည်။ ရပ်ဆိုင်းခဲ့ရသည့်ဖြစ်စဉ်မှာလည်း စင်ကာပူတွင် အေဂျင်စီများက မြန်မာအမျိုးသမီး အိမ်အကူများကို ဓာတ်ပုံများနှင့်အတူ ဈေးနှုန်းများနှင့်ယှဉ်တွဲ၍ သတင်းစာများတွင် ကြော်ငြာထည့်သွင်းကာ ခေတ်သစ်ကျွန်အရောင်းအဝယ်တစ်ခုသဖွယ် ပြုမူခဲ့ခြင်းကြောင့် ဖြစ်သည်။ အိမ်အကူလုပ်သား တရားဝင်ပို့ဆောင်မှုကို အစိုးရကဆက်လက်ခွင့်မပြုတော့ဘဲ တားမြစ်ခဲ့သော်လည်း နည်းအမျိုးမျိုးဖြင့် တရားမဝင်ပို့ဆောင်မှုများက ဆက်လက်ဖြစ်ပေါ်နေခဲ့ရာ လက်ရှိအခြေအနေတွင် စင်ကာပူ၌ တရားဝင်စာရင်းအရ မြန်မာအိမ်အကူလုပ်သား ၁၀၀ ကျော်သာရှိသော်လည်း တရားမဝင်ကိန်းဂဏန်းများအရ ၄၀၀၀၀ ကျော်ခန့် ရှိနေပြီဖြစ်သည်ဟု ဆိုသည်။ အိမ်အကူအလုပ် လုပ်ကိုင်ရင်း အထပ်မြင့်တိုက်ပေါ်မှပြုတ်ကျကာ ကံသီ၍ အသက်ဘေးမှလွတ်မြောက်လာခဲ့ရသည့် မြန်မာမိန်းကလေးတစ်ဦးဆိုလျှင် အသက်ပင်မပြည့်သေး။

လုပ်ငန်းခွင်ကျွမ်းကျင်မှု၊ဘာသာစကားကျွမ်းကျင်မှု စသည့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရာတွင် လိုအပ်သည့် ကျွမ်းကျင်မှုနည်းပါးစွာ၊ အချို့ဆိုလျှင် ကျွမ်းကျင်မှုလုံးဝမရှိဘဲ တရားမဝင်အလုပ်အကိုင်အေဂျင်စီများ၊ လူပွဲစားများ၏ ဆွဲဆောင်မှုများကြောင့် အိမ်ပေါင်၊ ယာပေါင်ဖြင့် ထွက်ခွာသူများ၊ အကြွေးစနစ်ဖြင့် ထွက်ခွာသူများ အများစုမှာ ကျေးလက်ဒေသအနှံ့အပြားမှ ဖြစ်ကြသည်။

ကျေးလက်စီးပွားရေးဖြစ်သည့် လယ်ယာစီးပွားရေးအခြေအနေ နိမ့်ကျမှု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေနည်းပါးမှု စသည်တို့က ကျေးလက်မှလူငယ်လူရွယ်များကို အိမ်နီးချင်းနိုင်ငံများဆီသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် ထွက်ခွာရန် စေ့ဆော်မှုတစ်ခု ဖြစ်နေသည်။ အလုပ်အကိုင်ပွဲစား၊ လူပွဲစားတို့က ချောင်ကြိုချောင်ကြားရွာငယ်များအထိဆင်းကာ မစားရဝခမန်း စည်းရုံးမှုများကြောင့် တရားမဝင်ရွှေ့ပြောင်းအလုပ်သမားများ များပြားလာရပြီး တရားဝင်ကိန်းဂဏန်းနှင့် တရားမဝင်ကိန်းဂဏန်းတို့မှာ သမုဒ္ဒရာတွင်မျောနေသည့် ရေခဲတောင်ကြီးများ၏ ရေပေါ် ပေါ်နေသည့်အပိုင်းနှင့် ရေအောက်နစ်နေသည့်အပိုင်းတို့ ပမာဏ ကွာခြားကြသလို ကွာခြားနေရခြင်း ဖြစ်သည်။

မိမိနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမားများအား အကာအကွယ်ပေးနိုင်ရန်မှာ ဝန်ကြီးဌာနတစ်ခုတည်းက သို့မဟုတ် တစ်ခုချင်းဆီက ဆောင်ရွက်နေခြင်းဖြင့် ခက်ခဲနေဦးမည်ဖြစ်ပြီး ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှသာ အောင်မြင်မှုနှင့် နီးစပ်နိုင်မည် ဖြစ်သည်။ တစ်ဖက်တွင်လည်း ဌာနတွင်းအကျင့်ပျက်ဝန်ထမ်းများရှိ၊ မရှိ ဖော်ထုတ်အရေးယူရန်နှင့် တရားမဝင်အေဂျင်စီများ၊ လူရှာစုဆောင်းသူ လူပွဲစားများကို ထိထိရောက်ရောက် ရှာဖွေအရေးယူခြင်း၊ ကျေးလက်အရောက် ပညာပေးခြင်းတို့ဖြင့်သာ လူမှုစီးပွားဘဝ အနိဋ္ဌာရုံတို့ လျော့နည်းပပျောက်ကွယ်နိုင်မည်ဟု ရှုမြင်မိပါကြောင်း။ ။

## ကြိုးဝိုင်းနယ်မြေများ မြေပုံကြမ်းဖော်ထုတ်ရေး ကွင်းဆင်းဆောင်ရွက်

**မော်လူး ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ညွှန်ကြားချက်အရ ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကမ္ဘာကျော်ခြင်းဒစ် WHITE CITY အမာခံစစ်စခန်းကို ခရီးသွားလုပ်ငန်းနှင့် ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းရေးနယ်မြေအဖြစ် ဖော်ထုတ်နိုင်ရေး ရည်ရွယ်၍ အင်းတော်မြို့နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမောင်မောင်တာ၊ စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးရွှေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရှေးဟောင်းအမွေအနှစ်ထိန်းသိမ်းရေးမှ ဦးချိတ်နှင့်အဖွဲ့ က ဇွန် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ် သစ်တောကြိုးဝိုင်း သတ်မှတ်နယ်မြေများ မြေပုံကြမ်းဖော်ထုတ်နိုင်ရန် ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ **ညိုမင်းထက်(မြန်မာစာ)**

### အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်




" ဦးစွာနားထောင်ပါ "

# အန္တရာယ်ရှိဓာတ်တိုင် ဆိုင်းကြိုး ပြင်ဆင်ပြီးစီး

**သထုံ ဇွန် ၁၉**

မြန်မာ့အလင်းသတင်းစာ ဇွန်လ ၁၉ ရက်နေ့ပါ ထင်သာမြင်သာပြုပြင်စရာ ကဏ္ဍတွင်ပါရှိသော **ဓာတ်တိုင်ကို ထိန်းညှိထားသော စတီးကြိုး (ဆိုင်းကြိုး) ကားလမ်းမပေါ်ရောက်နေသဖြင့် ယာဉ်အန္တရာယ်များဖြစ်လာနိုင်** ခေါင်းစဉ်ဖြင့် ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးပေါ်ရှိ ၃၃ ကေဗွီ သထုံ-ဘီးလင်း ဓာတ်အားလိုင်း ဓာတ်တိုင်ကို မလဲအောင်ထိန်းညှိထားသော စတီးကြိုး (ဆိုင်းကြိုး)ကို မွန်ပြည်နယ် ဓာတ်အားပေးလုပ်ငန်း ဒုတိယပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်စိုး ကြီးကြပ်သော လျှပ်စစ်ဝန်ထမ်းများက ဇွန် ၁၉ ရက် မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ပြောင်းရွှေ့ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ**



## နေပြည်တော်အခြေစိုက် သတင်းဂျာနယ်ရုံးသစ်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် အခြေစိုက်ထုတ်ဝေမည့် "နေပြည်တော်တိုင်း(မ်)" မှုခင်းနှင့် သတင်းစုံ သတင်းဂျာနယ်ရုံးသစ်ဖွင့်လှစ်ခြင်းအား ဇွန် ၁၉ ရက် နံနက် ၁၀ နာရီက ရုံးသစ်တည်ရာ နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေ ရဲစခန်းအနီး ဂျာနယ်ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်တိုင်း(မ်)သတင်းဂျာနယ် အယ်ဒီတာချုပ် ဦးစိုးဝင်း(ဝရိန်မိုး)နှင့် အကြံပေးအယ်ဒီတာ ဦးမောင်မောင်ဦးတို့က အမှာစကားများပြောကြား၍ အုပ်ချုပ်မှုအယ်ဒီတာ စာရေးဆရာမ ဓညဝတီမြခင်က ဂျာနယ်ထုတ်ဝေခြင်းနှင့်ပတ်သက်၍ ဂျာနယ်၏ အသွင်သဏ္ဌာန်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ယခု အသစ်ထုတ်ဝေမည့် နေပြည်တော်တိုင်း(မ်)သတင်းဂျာနယ်ကို အမှတ်စဉ်(၁)အဖြစ် ဇွန်လ တတိယပတ်မှစတင်၍ မြန်မာနိုင်ငံတစ်ဝန်းသို့ ထုတ်ဝေဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ် (ရှုပဗေဒ)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

(မိုး/ဇလ)

# နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

### ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၉-၆-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၀၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၇၀/၆၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၇၅/၇၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၃၀/၇၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၉၀/၇၁၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၁ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၂၂ ·၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၂ ·၈၁ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ ·၀၄ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၁၉၉ ·၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ ·၅၉ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂) နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အခမ်းအနား ရန်ကုန်မြို့၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ရုံးချုပ်) ၌ ပြုလုပ်သည်။ **(ယာပုံ)**

အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးဉာဏ်ဝင်းက မွေးနေ့အမှတ်တရစကားပြောကြားပြီး မွေးနေ့အခမ်းအနားကို တက်ရောက်လာကြသူများနှင့် အတူ ကျင်းပကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အတွက် မွေးနေ့ဆုမွန်တောင်းခြင်းများ ပြုလုပ်ကြသည်။

အခမ်းအနားသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

"အရင်နှစ်တွေ တုန်းကတော့ မရောက်ဖြစ်ခဲ့ပါဘူး။ အဝေးကပဲ ဆုတောင်းပေးခဲ့ပါတယ်။ ဒီနှစ်မှာတော့ မွေးနေ့ပွဲကို အရောက်လာပြီး ပါဝင်ဆင်နွှဲခွင့်ရလို့ ဝမ်းသာတယ်။ အမေ ကျန်းမာပါစေ။ နိုင်ငံတော်အတွက် ဒီထက်မက ပိုမိုဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု အခမ်းအနားတက်ရောက်လာသူ ပုဇွန်တောင်မြို့နယ်မှ ဒေါ်အေးအေးမြကြည်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ (၇၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ရုံးချုပ်) ရှေ့၌ သံဃာတော်များနှင့် သီလရှင်များကို ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်း လူငယ်အဖွဲ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် (တတိယအကြိမ်မြောက်) ဂုဏ်ပြုသွေးလှူဒါန်းပွဲကို အမျိုးသားသွေးဌာန(ဗဟို) ၌ ပြုလုပ်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ (၇၂)နှစ်ပြည့် မွေးနေ့မင်္ဂလာ ဂုဏ်ပြုအထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၁၉ ရက် နံနက် ၈ နာရီက ဘားအံပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



စုပေါင်းသွေးလှူဒါန်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က အမှာစကားပြောကြားခဲ့ပြီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးကျော်မြင့်က ကျေးဇူးတင်စကားပြောကြားကာ သွေးလှူဘဏ်တာဝန်ခံ ရောဂါဗေဒဆရာဝန်ကြီး ဒေါက်တာဘုန်းမိုးဝင်းက သွေးလှူရခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးပြောကြားရာ စေတနာရှင် သွေးလှူရှင်များကိုယ်စား ဒေါ်တင်တင်ရှိန်နှင့် စုပေါင်းသွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေး ဦးဆောင်ဆောင်ရွက်ခဲ့သူ ဦးအောင်ဌေးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ကြက်ခြေနီအသင်းမှ ကျောင်းသား/သူများ၊ ဘားအံပညာရေးကောလိပ်မှ ကျောင်းသား/သူများ၊ သံဃာတော်များ၊ ရဲတပ်ဖွဲ့ဝင်များ စုစုပေါင်း ၁၆၀ ခန့်က သွေးလှူဒါန်းနိုင်ရန် လိုအပ်သည့် သွေးစစ်ချက်များ ဆောင်ရွက်၍ စုပေါင်းသွေးလှူဒါန်းကြရာ A သွေးအမျိုးအစား ၃၃ လုံး၊ B သွေးအမျိုးအစား ၂၉ လုံး၊ O သွေးအမျိုးအစား ၅၇ လုံး၊ AB သွေးအမျိုးအစား ခြောက်လုံး သွေးပုလင်း စုစုပေါင်း ၁၂၅ လုံးအား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းနေမှုအား ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး စေတနာရှင် သွေးလှူရှင်များအား တစ်ဦးလျှင် အိုဗာတင်းတစ်ဘူး၊ ငှက်ပျောသီး တစ်လုံး၊ ကြက်ဥ ၁၀ လုံး၊ Ranferon-12 အားဆေး တစ်ကတ်၊ ဓာတ်ဆား နှစ်ထုပ်တို့အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေး

**သဲကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် မြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပညာပေးခြင်းလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ရှေ့ဖုံးမှ

ဆွေးနွေးပွဲသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ပြင်ပအစိုးရ အထောက်အကူပြု လူမှုနိုင်ငံရေးအင်အားစုမှ ကိုယ်စားလှယ်များ၊ ပဲပြောင်းနှမ်းအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လူအင်အား ၁၈၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဇွန် ၁၈ ရက်တွင် မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် ညွှန်ကြားရေးမှူး ၊ မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးတို့ ဦးစီး၍ ခရိုင်စီမံခန့်ခွဲရေး ကော်မတီဝင်များသည် ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန် ဦးစီးအဖွဲ့နှင့် မူဆယ်မြို့၌ တွေ့ဆုံ ဆွေးနွေးခဲ့ရာ ရွှေလီမြို့ ပြည်သူ့အစိုးရ ဒုတိယမြို့တော်ဝန်က တရုတ်နိုင်ငံ၊ လွေမုန်ကူးပြည်နယ်၊ အန်ဝေပြည်နယ်နှင့် အင်းနားမွန်ဂိုးလီယားတို့တွင် On Line မှ လောင်းကစားလုပ်ငန်းများလုပ်ကိုင်ပြီး ငွေကြေးများ တရားမဝင်လွှဲပြောင်းခြင်း၊ ငွေသွင်း/ငွေထုတ်လုပ်ငန်းများ ဆောင်ရွက်နေခြင်းများကြောင့် တစ်ဖက်နိုင်ငံ ရွှေလီမြို့ပေါ်ရှိ ဘဏ်ခွဲများမှ Bank Account (၃၄၉)ခုအား စစ်ဆေးရန်အတွက် ခေတ္တပိတ်ထားခဲ့ရာ မြန်မာနိုင်ငံသားပိုင် Bank Account (၁၃၂)ခု ပါဝင်နေကြောင်း သိရှိရသည်။

On Line လောင်းကစားမှုကို တရုတ်နိုင်ငံ ရဲချုပ်ရုံးမှ တိုက်ရိုက်ကိုင်တွယ်ဖြေရှင်းနေခြင်းဖြစ်ပြီး Bank Account များ စိစစ်ခြင်းမှာ ဆင့်ကဲဆင့်ကဲတင်ပြဆောင်ရွက်ခြင်းဖြစ်၍ အချိန်အနည်းငယ် လိုအပ်ပါကြောင်း၊ အမှုနှင့်မသက်ဆိုင် သော Bank Account များ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် Bank Account များ စိစစ်စစ်ဆေးဖြေရှင်းရေးအတွက်လည်း အထူးအဖွဲ့အား ဖွဲ့စည်းထားပြီးဖြစ်ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံမှ ၂၀၁၇ ခုနှစ်၊ ဇွန် ၁၈ ရက်တွင် ဆက်သွယ်ပြောကြားရာ၌ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ သံရုံးအနေနှင့်အလေးအနက်ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညှိနှိုင်းအကြောင်းကြားမှုအရ တရုတ်နိုင်ငံအစိုးရသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့သို့ လည်းကောင်း အသိပေးတင်ပြဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်စဉ်တွင် ယူနန်ပြည်နယ် အစိုးရပင် သိရှိခြင်းမရှိဘဲ တိုက်ရိုက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်ဘက်မှ ရွှေလီဒုတိယမြို့တော်ဝန်ကို တာဝန်ပေး၍ အဖွဲ့နှင့် ဆောင်ရွက်နေကြောင်းနှင့် အမြန်ဆုံးညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# (၉၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနား စည်ကားစွာကျင်းပမည်

**နေပြည်တော် ဇွန် ၁၉**

(၉၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဇူလိုင် ၁ ရက်တွင် နေပြည်တော်၌ ခမ်းနားစည်ကားစွာ ကျင်းပသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ရှိသည့် သမဝါယမအသင်းများ ကိုယ်စားပြုသည့် အသင်းချုပ်များမှ အသင်းများ၏ ဒေသထွက်ကုန်များကို ကုန်စည်ပြပွဲများ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး အသေးစားချေးငွေအရင်းအနှီး ပေးအပ်ပွဲများ၊ သမဝါယမအသင်းများ၏ စွမ်းဆောင်ရည်ဆုပေးအပ်ပွဲများကိုလည်း ခမ်းနားစွာပြုလုပ်သွားမည်ဖြစ်ကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

"ပြပွဲအနေနဲ့ ဇူလိုင် ၁ ရက်ကနေ ၃ ရက်အထိ ပြုလုပ်သွားမယ်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအခမ်းအနားကိုတော့ ဇူလိုင် ၁ ရက်နေ့ ပြုလုပ်မယ်။ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့က ကမ္ဘာတစ်ဝန်းမှာရှိတဲ့ သမဝါယမအသင်းတွေကို နှိုးဆော်ပြီးတော့ တစ်နှစ်တစ်ခါ ကျင်းပတာဖြစ်ပါတယ်။ ဒီနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ရဲ့ ဆောင်ပုဒ်ကတော့ "အားလုံးပါဝင်အရောက်လှမ်းချီ သမဝါယမပန်းတိုင်ဆီ" လို့ မြန်မာမှုပြန်ဆိုထားပါတယ်" ဟု ၎င်းက ပြောသည်။

၁၉၉၅ ခုနှစ်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် International Co-operative Alliance (ICA) သည် ၁၉၂၃ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက် စနေနေ့သည် (၉၅)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဖြစ်ပြီး ICA အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံတွင်လည်း သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်း အဆင့်ဆင့်တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# ရွှေကျင်မြို့နယ်၌ ကမ်းထိန်းနံရံကြောင့် ရေတိုက်စားမှု ကာကွယ်နိုင်ခဲ့

**ရွှေကျင် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် တံခွန်တိုင်ကျေးရွာတွင် စစ်တောင်းမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးများ ပြိုကျပြီး အိမ်များပြောင်းရွှေ့နေရသည့်အတွက် တံခွန်တိုင်ကျေးရွာနေ ဦးအောင်မင်း-ဒေါ်စန်းဌေး မိသားစုတို့က ကမ်းထိန်းနံရံတည်ဆောက်နိုင်ရေးအတွက် ငွေကျပ်သိန်း ၆၀ ကို လှူဒါန်းခဲ့ရာ အဆိုပါငွေဖြင့် မေလမှစ၍ ကျေးရွာနေပြည်သူတို့၏ လုပ်အားဖြင့် ပေ ၂၀၀ ကျော်ခန့်ရှိ ကမ်းထိန်းနံရံ တည်ဆောက်နိုင်သည့်အတွက် ရေတိုက်စားပြီး ကမ်းပါးပြိုကျမှုကို အတော်အတန် တားဆီးနိုင်ခဲ့သည်။



တံခွန်တိုင်ကျေးရွာတွင် စစ်တောင်းမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်အတွက် ပေ ၄၀၀ ခန့် ကျန်ရှိနေသေးပြီး အလှူရှင်များ လိုအပ်နေသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စိုးထံမှ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမိသားစုများနှင့် တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားလျက်ရှိသည့် တပ်မတော်အရာရှိများအား တွေ့ဆုံ

**နေပြည်တော် ဇွန် ၁၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇွန် ၁၈ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံရုံး၊ စစ်သံရုံး မိသားစုဝင်များအား တွေ့ဆုံသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သံရုံး၊ စစ်သံရုံးမိသားစုများအတွက် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်စကိုမြို့၏ ဖွံ့ဖြိုးတိုးတက်မှုကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး မြေအောက်ရထားဖြင့် Smolenskaya ဘူတာမှ Ploshchad Revolyutsii ဘူတာသို့ လိုက်ပါစီးနင်းလေ့လာခဲ့ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်အသီးသီးတွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မြန်မာ့တပ်မတော်အရာရှိများအားတွေ့ဆုံစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ တက္ကသိုလ်အသီးသီး၌ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် မြန်မာ့တပ်မတော် အရာရှိများအား ဇွန် ၁၈ ရက်တွင် မော်စကိုမြို့ရှိ Moscow Power Engineering Institute (MPEI) တက္ကသိုလ်တွင် သွားရောက်တွေ့ဆုံပြီး သြဝါဒစကားပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းသားအရာရှိများအနေဖြင့် ယခု သင်ယူလျက်ရှိသောပညာရပ်များတွင် သိပ္ပံပညာ၊ ကွန်ပျူတာပညာ၊ အင်ဂျင်နီယာပညာ စသည်များ ပါဝင်ကြောင်း၊ မိမိတို့သင်ကြားလျက်ရှိသည့် ဘာသာရပ်များအား လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာသင်ယူရန်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပညာတော်သင် အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် စွမ်းအင်ပမာဏကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်သာဂရစက်မှု နယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံ (သာဂရ) စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ မှာကြားပြီး Testing Shop တွင် အင်ဂျင်များအား လောင်စာဆီသက်သာစေရန်နှင့် စွမ်းရည်ပြည့်မီရန် စမ်းသပ်လျက်ရှိသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နည်းပညာသုတေသနဌာနသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အစိုးရသစ်တာဝန်ယူသည့် ဒုတိယနှစ်၌ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် စွမ်းအင်ပမာဏကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စွမ်းအင်မရှိလျှင် စက်မှုကဏ္ဍနှင့် လူနေမှုအဆင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍မရပါကြောင်း၊ စွမ်းအင် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ သည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးကြီးပါကြောင်း၊ သုတေသနဌာန (R & D)တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ဆန်းသစ်တီထွင်နေကြရမည်ဖြစ်ကြောင်း၊ ယခုနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် ပြည်ပမှ အကူအညီများပေးရန် ကမ်းလှမ်းလျက်ရှိသဖြင့် အဆင်သင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိရန်လိုကြောင်း၊ R & D ဌာန အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးရှိမည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဆန်းသစ်တီထွင်မှု လုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမှတ်(၃)စက်မှုသင်တန်းကျောင်း(သာဂရ) သို့ရောက်ရှိပြီး သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ တာဝန် ရှိသူများနှင့်တွေ့ဆုံပြီး သင်တန်းသားများအား အခြေခံနည်း စနစ်ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ လုပ်ငန်းခွင်တွင် အမှန်တကယ်ပြန်လည်အသုံးချနိုင်သည့် ဘာသာရပ် များကို လက်တွေ့ကျကျသင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်ရိုး ညွှန်းတမ်းများကို ခေတ်နှင့်အညီ Upgrade ပြုလုပ်ပေးရန် လိုကြောင်း၊ သင်တန်းနည်းပြ ဆရာ / ဆရာမများအနေဖြင့် သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနေသလို တစ်ဖက် ကလည်း မိမိတို့၏အရည်အသွေး ပိုမိုတိုးတက်စေရေး အစဉ်အမြဲ လေ့လာသင်ယူနေရန် လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ ပညာရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို တတ်အားသရွေ့ကူညီပံ့ပိုးပေးရန်လိုကြောင်း မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများ အခြေအနေနှင့် အိပ်ဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၆)အကြီးစားစက်ရုံ (သာဂရ)သို့ရောက်ရှိပြီး Assembly Shop တွင် တာဘိုင်ငယ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသည့်အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရခိုင်ဒေသအတွင်း အကြံပေးကော်မရှင်၏အကြံပြုချက်များအား ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်အား အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာစကော့အလန်မာစီရယ်လ် သည် ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



**ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ဒေသအတွင်း အကြံပေးကော်မရှင်၏အကြံပြုတင်ပြချက်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကိစ္စရပ်များ၊ ဒေသတွင်းလုံခြုံတည်ငြိမ်လာသည်နှင့်အမျှ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်မှုဖြင့် ဒေသအတွင်းပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းစဉ်များတွင်သာမက အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးဖော်ဆောင်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်များ စိစစ်ထုတ်ပေးခြင်း၊ မွေးစာရင်းလက်မှတ်များထုတ်ပေးခြင်း၊ ပညာသင်ကြားရေး၊ စားနပ်ရိက္ခာဖူလုံရေး လုပ်ငန်းများ၊ ပြန်လည်နေရာချထားရေးအစရှိသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းများတွင် ပိုမိုပူးပေါင်းအကောင်အထည်ဖော်ရေးနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများ၊ မြောက်ပိုင်းဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပေါ်နေသည့်အခြေအနေများ၊ အပြန်အလှန်ယုံကြည်မှုရရှိစေရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

## မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ရေကူးပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**မန္တလေး ဇွန် ၁၉**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ရေကူးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး) ရေကူးကန်၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ တင့်တင့်နှင့် ပါမောက္ခဌာနမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးတို့ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆုချီးမြှင့်ပွဲတွင် အမျိုးသမီး ပက်လက်ကူး၊ ရင်ပေါင်တန်းကူး၊ အလွတ်ကူး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုများ ရရှိကြသော မပန်းဖြူဖြူသက်၊ မမေဖြူသန့်၊ မယမင်းစိုးသန်း၊ မသဲအိအိဝင်း၊ မမေဝသာန်မိုးနှင့် အမျိုးသား ပက်လက်ကူး၊ အလွတ်ကူးပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့်တတိယဆုများ ရရှိကြသော မောင်လင်းခန့်နောင်၊ မောင်သူရိန်လင်း၊ မောင်ထွန်းဝင်းနှင့် မောင်အာကာကျော်တို့ကို ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နှင့် ပါမောက္ခဌာနမှူးများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်နှင့် ဒုတိယ ကျောင်းအုပ်ကြီး ဦးနိုင်လင်းအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသီဟ အောင်တို့က ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။



**မန်းကိုယ်ပွား**

# တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပျက်ကျရာတွင်ပါဝင်ခဲ့သော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်




**နေပြည်တော် ဇွန် ၁၉**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၂၅ သိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက **(ယာပုံ)** ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးသို့ လာရောက် ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံရယူသည်။

အလားတူ ပျက်ကျသွားသော လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် လေယာဉ် အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀၀ ကို Marga Land Mark ကုမ္ပဏီ ဥက္ကဋ္ဌ Mr. Stephen Suen က လည်းကောင်း၊ ထောက်ပံ့ငွေကျပ်သိန်း ၅၀ ကို ဦးသိန်းအောင် (ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်-ငြိမ်း)၊ ဒေါ်ခင်ဌေးမြင့် မိသားစုကလည်းကောင်း လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာစကော့ အလန်မာစီရယ်လ်အား ယနေ့ မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1)၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး တိုးတက်ပြောင်းလဲလာမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇွန် ၁၉**

ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်းနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစောတို့သည် Asean Parlimentarians For Human Rights (APHR) မှ Mr. Oren Samet, Director of Research and Advocacy နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ဆောင်အမှတ် (I-5) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် APHR ကိုယ်စားလှယ်များက ၎င်းတို့အဖွဲ့အစည်း၏ နောက်ခံသမိုင်း၊ ရည်ရွယ်ချက်နှင့် စီမံကိန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကော်မတီ ဥက္ကဋ္ဌများမှ ကော်မတီ၏လုပ်ငန်းစဉ်များ၊ နိုင်ငံတကာလွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ၏လူ့အခွင့်အရေး တိုးတက်ပြောင်းလဲလာမှု အခြေအနေများနှင့် အာဆီယံလူ့အခွင့်အရေးအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲရလဒ်များ၊ အကြံပြုချက်များကို သုတေသနစာတမ်းပြုစုပြီး သက်ဆိုင်ရာနိုင်ငံ အစိုးရများထံ တင်ပြမည်

**ရန်ကုန် ဇွန် ၁၉**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို ကမ္ဘာနှင့်အဝန်းရင်ဆိုင်နေရရာ ရာသီဥတုပြောင်းလဲလာမှုနှင့် ယင်းသို့ ပြောင်းလဲလာမှုအပေါ် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ မူဝါဒဆိုင်ရာအခန်းကဏ္ဍနှင့် ပတ်သက်သည့် စကားဝိုင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ မယ်လီယာဟိုတယ်၌ ယနေ့ကျင်းပခဲ့သည်။

အခမ်းအနားကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ (Myanmar Institute of Strategic and International Studies – Myanmar ISIS) နှင့် နော်ဝေ နိုင်ငံတကာလေ့လာရေးအဖွဲ့ (Norwegian Institute of International Affairs –NUPI) တို့ ပူးပေါင်း ကျင်းပခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်မောင်ရှိန်၊ အာဆီယံ ဆက်သွယ်ရေးနှင့် ပေါင်းစည်းရေးဆိုင်ရာ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Dr. AKP Mochtan နှင့် နော်ဝေ နိုင်ငံတကာလေ့လာရေးအဖွဲ့ ညွှန်ကြားရေးမှူး Dr. Ulf Sverdrup တို့က အမှာစကား ပြောကြားကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့အဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အာဆီယံနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

“ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကမ္ဘာနဲ့အဝန်း ရင်ဆိုင်နေကြရပါတယ်။ အရှေ့တောင်အာရှမှာ အပြင်းထန်ဆုံး ခံစားရတဲ့အထဲမှာ မြန်မာနိုင်ငံပါဝင်သလို ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတွေလည်း ပါဝင်ပါတယ်။ ဒါကိုသက်သာအောင် ဘယ်လိုလုပ်မလဲ၊ အတွေ့အကြုံတွေ ဖလှယ်ကြမယ်၊ အာဆီယံနိုင်ငံတွေအနေနဲ့ ဒီစိန်ခေါ်မှုတွေကို ဘယ်လိုဖြေရှင်းကြမလဲစတဲ့ သဘောထားအမြင်တွေကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်”ဟု ဆွေးနွေးပွဲနှင့် ပတ်သက်၍ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွန့်မောင်ရှိန်က ပြောသည်။

ဆွေးနွေးပွဲကို ဇွန် ၂၀ ရက်အထိ နှစ်ရက် ကျင်းပမည်ဖြစ်ပြီး ပါရီမြို့တွင် ချုပ်ဆိုခဲ့သည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်၊ ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင်၊ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ရန် ဒီရေတောစိုက်ပျိုးရေးနှင့် သက်ဆိုင်ရာ အာဆီယံနိုင်ငံများအလိုက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများ၊ ဆောင်ရွက်ချက်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြမည်ဖြစ်သည်။

ဆွေးနွေးပွဲရလဒ်များ၊ အကြံပြုချက်များကို သုတေသနစာတမ်းပြုစုပြီး သက်ဆိုင်ရာနိုင်ငံအစိုးရများ ထံတင်ပြမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**




❀ *ကျောဖုံးမှ*

မလေးရှား ယူ-၂၂ အသင်း အင်တာမီလန် လူငယ်အသင်းတို့နှင့် ကစားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် လက်ရွေးစင်အသင်းနည်းပြ ဂျာမန်လူမျိုး ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။

မြန်မာယူ-၁၈ အသင်းကို ပြင်သစ်နိုင်ငံသား ဘန်လာဆီက နည်းပြချုပ် အဖြစ်ဆောင်ရွက်နေပြီး စက်တင်ဘာ ၄ ရက်မှ ၁၇ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲ၊ နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိကျင်းပမည့် အာရှယူ-၁၉ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာယူ - ၁၈ အသင်းသည် ဖီးနစ်အသင်းအမည်ဖြင့် MNL -2 (ပထမတန်း) ပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိ သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အင်တာမီလန်အသင်းနှင့် မိတ်ဖက်ဆောင်ရွက်ရန် ကမ်းလှမ်းခံထားရပြီး လတ်တလောခြေစမ်းပွဲကစားရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။

# သထုံမြို့ရှိ (OSS) ပြည်သူ့ဝန်ဆောင်မှုရုံးများအား UNDP မှ လာရောက်လေ့လာ



**သထုံ ဇွန် ၁၉**

မွန်ပြည်နယ်သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးဝင်းအတွင်း ဖွင့်လှစ်ထားသည့် (OSS) ပြည်သူ့ဝန်ဆောင်မှုရုံးများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို UNDP မှ (OSS) အတိုင်ပင်ခံဖြစ်သည့် Miss Erin Weiser နှင့်အဖွဲ့သည် ဇွန် ၁၉ ရက် မွန်းလွဲပိုင်းက လာရောက်လေ့လာကြည့်ရှုကာ သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

Miss Erin Weiser က (OSS)ရုံး၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့်အခြေအနေ၊ လွယ်ကူမြန်ဆန်အောင် ဆောင်ရွက်နေမှုများနှင့် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု(OSS)ရုံး၏ လုပ်ငန်းများအား ပြည်သူများပိုမိုသိရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် အခြားသိလိုသည်များကိုမေးမြန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် (OSS) ရုံးများမှ ဌာနအလိုက်တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားခဲ့ကြသည်။ အဆိုပါ (OSS) ရုံးများမှာ သထုံမြို့နယ်အတွင်းရှိ ပြည်သူလူထုနှင့် အများဆုံးထိတွေ့ကာ လုပ်ငန်းများဆောင်ရွက်နေရသည့်ဌာနများမှ ထုတ်နုတ်အင်အားတို့ဖြင့်စုဖွဲ့ကာ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက စတင်ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း ယနေ့အချိန်အထိ ဌာန ၁၀ ခုကို ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

# ငပုတောမြို့နယ်အတွင်း ရေလှောင်တမံများတည်ဆောက်ပေးရန် လတ်တလောအစီအစဉ်မရှိ

နေပြည်တော် ဇွန် ၁၉

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ** (ယာပုံ) **မေးခွန်းလေးခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားတင်ပြခြင်း၊ ဥပဒေကြမ်းတစ်ခုအတည်ပြုခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးခြင်း တို့ကို ဆောင်ရွက်ကြသည်။**

ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **နွေရာသီတွင် ငပုတောမြို့နယ်၌ အဆိုးရွားဆုံးသော သောက်သုံးရေပြတ်လပ်မှုကို ဖူလုံစေရန် မြေသားမိုးရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ အဝီစိစက်တွင်းများ အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ငပုတောမြို့နယ် ငါးပြေမကျေးရွာအနီး မဲခရဲချောင်းဆုံတွင် ရေလှောင်တမံတည်ဆောက်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ အကြိုစူးစမ်းလေ့လာခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖြစ်မြောက်နိုင်စွမ်းရှိပါက ဒီဇိုင်းတွက်ချက်၍ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**အစီအစဉ်မရှိ**

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မူလခွင့်ပြုရန်ပုံငွေကျပ် ၄၄ သန်းခန့်ဖြင့် ကျေးရွာခုနစ်ရွာတွင် လက်တူးတွင်းလေးတွင်းနှင့် မြေသားရေကန် သုံးကန် စုစုပေါင်းရေရရှိရေး လုပ်ငန်းခုနစ်ခုကို ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးစားပေးအလိုက် ရေးဆွဲတင်ပြလာသည့် လုပ်ငန်းများအား စိစစ်ပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုပေါ် မူတည်၍ လျာထားဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ငပုတောမြို့နယ်အတွင်း ရေလှောင်တမံများတည်ဆောက်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် သိမ်ကျောင်းချောင်း သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉)သည် ရေသွင်း ရေထုတ်ကောင်းစွာ မလုပ်နိုင်သဖြင့် ၎င်းရေတံခါးအနီးတွင် ရေတံခါးအသစ်တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉)သည် ခိုင်ခံ့မှုမရှိတော့ပါကြောင်း၊ ၎င်းရေတံခါးအနီးတစ်ဝိုက်တွင် ရေတံခါးအသစ်တစ်လုံး တည်ဆောက်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေမပါရှိသည့်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေတောင်းခံ၍ ဘဏ္ဍာခွဲဝေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အကြောင်းပြန်ထားပါကြောင်း ဖြေကြားသည်။

ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၏ **ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောရေိယာအတွင်း လက်ရှိလုပ်ကိုင်နေသော တောင်သူများ၏ လယ်ယာမြေများကို စနစ်တကျစိစစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တောင်သူလယ်သမားတစ်ဦးချင်းအတွက် ငွေချေးစည်းကမ်းသတ်မှတ်ချက်တွင် သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ရရှိပြီးသူဖြစ်ရမည်ဟု ပါရှိပါကြောင်း။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမား တစ်ဦးချင်း၏ စိုက်ပျိုးလုပ်ကိုင်သော မြေအမျိုးအစားသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရှိသော မြေအမျိုးအစား ဟုတ်၊ မဟုတ်နှင့် မည်သည့်သီးနှံအမျိုးအစားအား ဧကမည်မျှစိုက်ပျိုးသည် ဆိုသည်ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့၏ စိစစ်ထောက်ခံချက်များအရ ချေးငွေထုတ်ချေးပေးခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်ယာမြေအဖြစ် သတ်မှတ်ခြင်းပြုနိုင်မည်မဟုတ်သော ကြိုးဝိုင်းသစ်တောမြေ၊ ကြိုးပြင်ကာကွယ်တောမြေများအတွက် ချေးငွေထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဂရိတ်ဝေါကုမ္ပဏီက သကြားစက်ရုံတည်ဆောက်ရန်သိမ်းယူခဲ့သော အောင်သာယာကျေးရွာနေတောင်သူ ၂၈ ဦး၏ လယ်ယာမြေ စုစုပေါင်း ဧရိယာ ၄၂ ဒသမ ၀၆ ဧကကို မူလမြေပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါလယ်ယာမြေ ၄၂ ဒသမ ၀၆ ဧကအား အစိုးရဌာနအဖွဲ့အစည်းများမှ သိမ်းယူပေးခဲ့ခြင်း မဟုတ်ပါကြောင်း၊ ဂရိတ်ဝေါကုမ္ပဏီနှင့် တောင်သူများ၏ သဘောတူညီကျေနပ်မှု စာချုပ်စာတမ်းများဖြင့် ခေတ်ကာလပေါက်ဈေးနှုန်း တစ်ဧကလျှင်ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ၁၃၅၀၀၀ နှုန်းဖြင့် အသီးသီးဝယ်ယူခဲ့ပြီး သကြားစက်ရုံတည်ဆောက်ရန် လန (၃၉) လျှောက်ထားခဲ့ခြင်းဖြစ်ပါကြောင်း။

ကျေးရွာစာသင်ကျောင်း ဆောက်လုပ်ရန်အတွက် တောင်းဆိုမှုကြောင့် ဂရိတ်ဝေါကုမ္ပဏီအနေဖြင့် မြေဧရိယာ ၄၂ ဒသမ ၀၆ ဧကအနက် ၂ ဧကကို ၂၀၁၂ ခုနှစ်တွင် ပြန်လည်လှူဒါန်းပေးခဲ့ပါကြောင်း၊ မူလက သကြားစက်ရုံတည်ဆောက်ရန် လျာထားခဲ့သောမြေဧရိယာ ၄၀ ဒသမ ၀၆ ဧကပေါ်တွင် ကုမ္ပဏီအနေဖြင့် ဂိုဒေါင်နှင့်ဝန်ထမ်းအိမ်ရာအတွက် (ပေ ၁၂၀ × ၂၄ ပေ)ရှိ အဆောက်အအုံတစ်လုံး ဆောက်လုပ်ထားပါကြောင်း၊ သုည ဒသမ ၀၆၆ ဧကသာ အသုံးပြုထားပြီး ၃၉ ဒသမ ၉၉ ဧက ကျန်ရှိနေပါကြောင်း။

**ပြန်လည်စိစစ်ဆောင်ရွက်ပေးမည်**

လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိထားမှုအနေဖြင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ မတိုင်မီကိစ္စရပ်ဖြစ်သော်လည်း သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အသုံးမပြုသည့်အတွက် ယခုပြဋ္ဌာန်းထားသည့် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေနည်းဥပဒေ (၉၀၊ ၉၁၊ ၉၂၊ ၉၃)တို့နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ် ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးကော်မတီက ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး တင်သွင်းထားသည့် **နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင်၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောနှင့် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်းတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းတို့ကို ဇွန် ၂၁ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာ ဖတ်ကြားတင်ပြခြင်း၊ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူ အတည်ပြုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**အဆုံးအဖြတ်ရယူမည်**

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် သဘောကွဲလွဲသည့် အချက်ရှစ်ချက်ကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၁၈ ရက် မြောက်နေ့ ကို ၂၀၁၇ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူထက်(သတင်းစဉ်)**




# တပ်တောင်-ရှူး လမ်းပိုင်းကို ရာသီမရွေးသွားနိုင်သော ကျောက်ချောလမ်းဖြစ်ရန် ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇွန် ၁၉**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လမ်းများ အဆင့်မြှင့်တင်ပေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။



ဦးသန့်စင်မောင်
(ပြည်ထောင်စုဝန်ကြီး)



ဒေါ်ထုမေ
(လွှတ်တော်ကိုယ်စားလှယ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ **စစ်တွေခရိုင် ပေါက်တောမြို့နယ်အတွင်းရှိ အလယ်ဖရုံကာကျွန်းတွင်တည်ရှိသော မြင့်ဂါ - ဖါးဒူး ကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်း မြင့်ဂါကားလမ်းနှင့် ကျွဲကူးမြစ်၏ မြောက်ဘက်ကမ်း တောင်းဖူး - ပေါက်တော ကားလမ်းတို့ကို ဇက်ကူး (ကူးတို့)ဖြင့် ကားများတင်ဆောင်ပြီး သွားလာနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ပေါက်တောမြို့နယ် အလယ်ဖရုံကာကျွန်းရှိ မြင့်ဂါ - ဖားဒူးကားလမ်းနှင့် ကျွဲကူးမြစ်၏ တောင်ဘက်ကမ်းရှိ တောင်းဖူး - ပေါက်တော ကားလမ်းတို့တွင် ဇက်ကူး(ကူးတို့)ဖြင့် ကားများတင်ဆောင်ပြီး သွားလာနိုင်အောင် ဆောင်ရွက်ပေးရန်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲမှ ကွင်းဆင်းလေ့လာခဲ့ပါကြောင်း။

လေ့လာတွေ့ရှိချက်များအရ ကျွဲကူးမြစ်၏ ရေလမ်းကြောင်းအခြေအနေမှာ ကျောက်ဆောင်များရှိပြီး ပင်လယ်နှင့်နီးသဖြင့် ရာသီဥတုဆိုးရွားပါက လှိုင်းထန်ပါကြောင်း၊ ၎င်းအပြင် မြင့်ဂါဆိပ်ကမ်းနှင့် တောင်ဖူးဆိပ်ကမ်းတို့တွင်လည်း ဇက်ကူး (ကူးတို့)ရေယာဉ်များ ကမ်းထိုးနိုင်သည့် ကမ်းခြေဆင်ခြေလျှောနှင့် ရေယာဉ်ဆိုက်ကပ်နိုင်သည့် ဧရိယာမရှိပါကြောင်း၊ ရေကျချိန်တွင် ပေ ၂၀၀ ခန့် သောင်ပြန့်ကြီး ဖြစ်ပေါ်လာသဖြင့် ကမ်းထိုး၍ မရနိုင်ပါကြောင်း။

ထို့ကြောင့် တောင်ဖူး - မြင့်ဂါ ကူးတို့လမ်းသည် မော်တော်ကား၊ ဆိုင်ကယ်စီးရေအလွန်နည်းပါးသော ဒေသဖြစ်ခြင်း၊ ရေယာဉ်ဆိုက်ကပ်ရန် ဆင်ခြေလျှောမရှိခြင်း၊ ဖောက်လုပ်ထားသည့် မော်တော်ကားလမ်းများမှာလည်း ကျောက်ခင်းလမ်းအဆင့်ဖြစ်ပြီး တောင်ဖူး - ပေါက်တော ကားလမ်းမှာ မိုးရာသီတွင် ပျက်စီးသွားခြင်း စသည့်အချက်များကြောင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ဇက်ရေယာဉ်များဖြင့် ကူးတို့ခရီးလမ်း ပြေးဆွဲပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ **ကျောက်ဖြူခရိုင် အမ်းမြို့နယ်ရှိ တပ်တောင် - ရှူး - တမန်ဒူး- ကမ်းထောင်းကြီး လမ်းအထိ ၂၆ မိုင် ၁ ဖာလုံမှ တပ်တောင် - ရှူး လမ်းအပိုင်း ၁၆ မိုင် ၄ ဖာလုံကို ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေး ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက လမ်းဦးစီးဌာနအနေဖြင့် တပ်တောင် - ရှူး - တမန်ဒူး- ကမ်းထောင်းကြီးလမ်းအား ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုနှင့် ပြည်နယ် ရန်ပုံငွေကျပ် ၁၀၅၆ ဒသမ ၉၀၃ သန်းဖြင့် လမ်း၊ တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၃၀၄ ဒသမ ၄၆၀ သန်းဖြင့် ၃၄ ပေအကျယ် မြေသား တာပေါင်တင်၍ ဖြုန်းကျောက်စရစ်ခင်းခြင်း လေးမိုင် တစ်ဖာလုံ၊ ပေ ၅၀ အောက် R.C.C Box Culvert ၁၃ စင်း တည်ဆောက်ခြင်းနှင့် တံတားသုံးစင်း၏ ဘီးလမ်းကြမ်းခင်းများ လဲလှယ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

လက်ရှိအခြေအနေအရ တပ်တောင်- ရှူး - တမန်ဒူး - ကမ်းထောင်းကြီးလမ်း ၂၆ မိုင် လေးဖာလုံမှာ အမာခံလမ်းအဆင့်သို့ အားလုံးနီးပါး ရောက်ရှိနေပြီဖြစ်သော်လည်း တမန်ဒူးအထိ လမ်းပေါက်နိုင်ရန်အတွက် ကျန်ရှိသော ရှူး - တမန်ဒူး- ကမ်းထောင်းကြီးအပိုင်း ကိုးမိုင် ငါးဖာလုံအား အမာခံလမ်းအဆင့်ရောက်ရှိအောင် ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါသဖြင့် တပ်တောင် - ရှူး အပိုင်း ၁၆ မိုင် လေးဖာလုံ အား ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း ရာသီမရွေးသွားလာနိုင်သော ကျောက်ချောလမ်းအဆင့်သို့ ရောက်ရှိအောင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းရေးဆွဲ၍ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိန်းလွင်၏ **ဗန်းမော်မြို့တွင် အမှန်တကယ် လိုအပ်နေသော ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းကို (၃)မိုင်ကွက်သစ်တွင် အဆင့်မြင့် တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဗန်းမော်မြို့တွင် လိုအပ်လျက်ရှိသော ကားကြီး၊ ကားလေး ယာဉ်ရပ်နားကွင်းအား သုံးမိုင် မြို့ကွက်သစ်ရှိ မြေဧရိယာ ၂၀ ဒသမ ၄၅ ဧကပေါ်တွင် ဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဝေးပြေးယာဉ်

**စာမျက်နှာ ၈ သို့**

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများအဆင့်တိုးမြှင့်ဖွင့်လှစ်

**ဂန့်ဂေါ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် မင်းရွာအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ မင်းရွာအခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲအခမ်းအနားကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး (**အပေါ်ယာပုံ**)က အမှာစကားပြောကြားရာတွင် ကျောင်းနေအရွယ် ကလေးအားလုံးနှင့် ကျောင်းသား ကျောင်းသူများ၏ သင်ယူမှုအခွင့်အလမ်း ပိုမိုကောင်းမွန်စေရေးအတွက် ယခုပညာသင်နှစ်တွင် သတ်မှတ်မူနှင့်ကိုက်ညီသော ကျောင်းပေါင်း ၅၀၉၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ရာ တိုင်းဒေသကြီးအတွင်း ကျောင်းအရေအတွက် ၁၀၁၂ ကျောင်းကို ကျောင်းအဆင့် တိုးမြှင့်ပေးခဲ့ပါကြောင်း၊ ယခုပညာသင်နှစ်တွင် အဆင့်တိုးကျောင်းများအတွက် လိုအပ်သောစာသင်ဆောင်၊ ပရိဘောဂ သင်ထောက်ကူပစ္စည်းများနှင့် ဆရာ ဆရာမများအား လာမည့်ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုဘဏ္ဍာပေါ်မူတည်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘအုပ်ထိန်းသူများ၊ ဒေသခံပြည်သူများ ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း။

### အောင်ချက်ရာခိုင်နှုန်းတိုးမြင့်

ယနေ့မကွေးတိုင်းဒေသကြီး၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ရာခိုင်နှုန်းမှာ ၃၇ ဒသမ ၉၈ ရာခိုင်နှုန်းဖြစ်ပြီး ပြည်ထောင်စု၏ ပျမ်းမျှအောင်ချက်ရာခိုင်နှုန်း ၃၃ ရာခိုင်နှုန်းထက် ပိုပါကြောင်း၊ လာမည့်ပညာသင်နှစ်တွင် မိမိတို့ကျောင်း၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းပိုမိုတိုးမြင့်အောင် ကြိုးစားကြစေလိုကြောင်း။

၂၀၁၆ ခုနှစ် ယူနက်စကိုပညာရေး အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကျောင်းထွက်နှုန်းအမြင့်မားဆုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်ရာ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းထွက်နှုန်းလျော့နည်းပြီး ကျောင်းနေမြဲနှုန်း အတန်းကူးပြောင်းနှုန်းနှင့် သင်ယူပြီးမြောက်နှုန်း ပိုမိုမြင့်မားအောင်ဆောင်ရွက်နေပါကြောင်း။

မူလတန်း ကျောင်းသား ကျောင်းသူများအနေဖြင့် မူလတန်းအဆင့်သင်ယူပြီးမြောက်ရေးသည် အဓိကဦးစားပေးဖြစ်ပါကြောင်း၊ ကျောင်းထွက်နှုန်းလျော့နည်းစေရန်အတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမကြာခဏပျက်တတ်သည့် ကျောင်းသား ကျောင်းသူများ၊ စာတတ်မြောက်မှု အားနည်းသည့် ကျောင်းသား ကျောင်းသူများအား ဂရုတစိုက်ပြန်လည်ကုစား သင်ကြားပေးမှုများကို ယခုနှစ် ဇူလိုင်လကတည်းက မိဘဆရာအသင်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### တွန်းအားပေးဆောင်ရွက်

နိုင်ငံတကာတွင် မူလတန်းပညာရေး အရည်အသွေးတိုင်းတာရာ၌ စာဖတ်စွမ်းရည်ကို စစ်ဆေးကြရာ ပညာရေးဝန်ကြီးဌာနအနေဖြင့်ဒုတိယတန်း (Grade 2)ကျောင်းသား ကျောင်းသူများအား တစ်မိနစ်အတွင်းစာလုံးရေ ၄၀ အထိ ဖတ်နိုင်အောင် ဆရာ ဆရာမများကသင်ကြားလေ့ကျင့်ပေးရန် တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်းပညာပြီးမြောက်ရေးသည် အလွန်အရေးကြီးပြီး ယင်းနောက် အလယ်တန်းပညာရေးကိုဆက်လက်သင်ယူရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ ဝါသနာအရ ဆန္ဒနှင့်အရည်အချင်းအရသော်လည်းကောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးသင်တန်းများကိုဆက်လက်တက်ရောက်နိုင်ပါကြောင်း၊ အဆင့်မြင့်ပညာကိုဆက်လက်သင်ယူလိုပါက တက္ကသိုလ်များ တက်ရောက်ပြီး ပညာသင်ယူခွင့်ရရှိရန် ဦးတည်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### အရည်အသွေးပြည့်ဝသော

ကျောင်းများတွင်ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူများအား လူသားကောင်းများဖြစ်လာစေရေး အတူတကွ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိစေရေး၊ တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်တတ်ရေး၊ တီထွင်ကြံဆဆောင်ရွက်တတ်သူဖြစ်ရေး၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အရည်အသွေးပြည့်ဝသော ကျောင်းသား ကျောင်းသူများဖြစ်လာစေရေးအတွက် ဆရာ ဆရာမများ၊ မိဘအုပ်ထိန်းသူများ၊ ပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း စသည်ဖြင့် မှာကြားသည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ မကွေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးတို့က အမှာစကားပြောကြားပြီး ကျောင်းသားမိဘများကိုယ်စား ဦးခင်မောင်တင့်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့မှတစ်ဆင့် ပညာရေးဝန်ကြီးနှင့်အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ(ဂန့်ဂေါ) ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားဆွေးနွေးသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့်အဖွဲ့သည် ဇွန် ၁၈ ရက်တွင်လည်း မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်ရှိ ဟံသာဝတီကျေးရွာအထက်တန်း ကျောင်း၊ မြောက်ခင်ရန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ နှမ်းခါးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၊ မောက်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းများ၏ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

*စာမျက်နှာ ၇ မှ*

ရပ်နားစခန်းတွင် ကားကြီးကွင်း၊ ကားလေးကွင်း၊ ကုန်တင်ယာဉ်ရပ်နားစခန်း၊ ပွဲရုံများ၊ စားသောက်ဆိုင်၊ တည်းခိုခန်းနှင့် မော်တော်ယာဉ်ပြင် အလုပ်ရုံများ ပါဝင်မည်ဖြစ်ပါကြောင်း။

အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်နိုင်ရေးအတွက် တင်ဒါအောင်မြင်သည့် ဆွတ်ဖယ်မလီဂရု(ပ်) ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပြီး တည်ဆောက်ရေးလုပ်ငန်းများကို ယခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁)မှ ဦးကျော်သောင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် **မြန်မာ့ကမ်းရိုးတန်းနှင့် ပင်လယ်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) ဦးစိုးသိန်း (ခ) ဦးမောင်စိုးက စာသားအဓိပ္ပာယ်လေးနက်စေရန် အဓိကထား ဆွေးနွေးပြောကြားရာ လွှတ်တော်ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **တူးမြောင်းဥပဒေကြမ်း** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအဖွဲ့ဝင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်က လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော် (သတင်းစဉ်)**

---

# မင်းဗထူး၏ ဒီမိုကရေစီခရီးရှည် ဘယ်ခြေညာခြေ စာအုပ်ထွက်ရှိ




**နေပြည်တော် ဇွန် ၁၉**

စာရေးသူ မင်းဗထူးရေးသားထားသည့် **ဒီမိုကရေစီခရီးရှည် ဘယ်ခြေညာခြေ** စာအုပ်ထွက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါစာအုပ်သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ မြန်မာတိုင်းမ်ဂျာနယ်တွင် အပတ်စဉ်ဖော်ပြခဲ့သော ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး အကြံပေးဆောင်းပါး ၃၆ ပုဒ်ကို စုစည်းတင်ပြထားခြင်းဖြစ်ပြီး စာအုပ်တွင် ဒီမိုကရေစီအပ်နှင်းခြင်းကဏ္ဍဖြင့် ဆောင်းပါးကိုးပုဒ်၊ အင်စတီကျူးရှင်း ပြုပြင်ပြောင်းလဲရေးကဏ္ဍဖြင့် ဆောင်းပါး ၁၈ ပုဒ်၊ ပဋိပက္ခများ ဖြေရှင်းရေးကဏ္ဍဖြင့် ဆောင်းပါး ကိုးပုဒ်ပါရှိပြီး စာဖတ်ပရိသတ်များ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်းပါးများကို အပိုင်းလိုက်ဖော်ပြပေးထားသည်။

စာအုပ်တွင် ပါဝင်သော ဆောင်းပါးများသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ နိုင်ငံများစွာတွင် နှစ်ကာလရှည်ကြာစွာ တွေ့ကြုံခဲ့ရသည့် စာရေးသူအတွေ့အကြုံများမှ သင်ခန်းစာများနှင့် ထွက်ပေါ်လာသော အနုမာန အယူအဆများကို ရွေးချယ်ထုတ်နုတ်တင်ပြခြင်းဖြစ်သဖြင့် အုပ်ချုပ်ရေးယန္တရားအဆင့်ဆင့်တွင် လက်တွေ့ပါဝင်လုပ်ကိုင်နေကြသူများအတွက် အလွယ်တကူ မှီငြမ်းကိုးကားနိုင်ရန်အတွက် လွန်စွာအသုံးဝင်မည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

---

# ပုဗ္ဗသီရိမြို့နယ်ရှိ မိဘမဲ့ပရဟိတကျောင်းတွင် အလှူရှင်များလိုအပ်နေ

**နေပြည်တော် ဇွန် ၁၉**

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် လယ်သာ(အနောက်) ရွာ၌ တည်ရှိသော Yellow Generation Wave (YGW) အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများ စောင့်ရှောက်ရေး ပရဟိတကျောင်း၌ အလှူရှင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပရဟိတကျောင်းကို အလှူရှင်တစ်ဦးက ယာမြေ ငါးဧက လှူဒါန်းကာ မျှောတိုင်၊ သက်ငယ်မိုး၊ ထရံကာ အဆောက်အအုံနှစ်ခု ဆောက်လုပ်ကာ အသက် ၁၀ နှစ်အောက် ကျောင်းသား ၁၅ ဦး၊ ကျောင်းသူ ၂၁ ဦး စုစုပေါင်း ၃၆ ဦးကို လုပ်အားပေးဆရာမရှစ်ဦးဖြင့် ပညာသင်ကြားပေးလျက်ရှိသည်။



"ပရဟိတကျောင်းဟာ မြို့နဲ့ဝေးလံခေါင်ပါးတဲ့ ကျေးရွာမှာရှိတဲ့အတွက် သိပ်မသိကြဘူး။ ဆရာတော်တို့ကျောင်းမှာရှိတဲ့ ကလေး ၃၆ ဦးကို နေ့စဉ်နံနက်စာ အပါအဝင် ထမင်းသုံးနပ်ကျွေးပါတယ်။ ထမင်းကျွေးစရိတ်အနေနဲ့ တစ်နပ်စာ ငွေကျပ် ၅၀၀၀၀ ကုန်ကျပါတယ်၊ အလှူရှင်တချို့လည်း ရံဖန်ရံခါ လှူဒါန်းမှု ရှိပါတယ်၊ အလှူရှင်မရှိတဲ့ရက်တွေမှာ ကလေးတွေရဲ့ စားသောက်မှုဟာ အခက်အခဲဖြစ်ပါတယ်"ဟု YGW မိဘမဲ့ ကလေးပရဟိတကျောင်းမှ ဆရာတော် ဦးဣဿရိယက မိန့်ကြားသည်။ အနယ်နယ်အရပ်ရပ်မှ ခုနစ်ရက်သားသမီးများအနေဖြင့် ကုသိုလ်ယူလှူဒါန်းလိုပါက အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများ ပရဟိတကျောင်း ရုံးဖုန်း-၀၉-၄၅၅၆၂၀၂၂၂ နှင့် ဆရာတော် ဦးဣဿရိယ အဝါရောင်မျိုးဆက်သစ် မိဘမဲ့ကလေးများ ပရဟိတကျောင်း ဦးစီးဆရာတော် ဖုန်း-၀၉-၇၉၇၈၂၂၂၂၂ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

---

### ရမည်းသင်းမြို့နယ်၌ အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်

**ရမည်းသင်း ဇွန် ၁၉ -** အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်ပွဲကို ရမည်းသင်းမြို့နယ် လွှစင်အုပ်စု လွှစင်ကျေးရွာ၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ဦးအောင်မျိုးဦး၊ ရမည်းသင်းခရိုင်ပညာရေးမှူး ဦးငြိမ်းမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ယခုအဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သောကျောင်းသည် ၁၉၅၈ ခုနှစ်က မူလတန်းကျောင်းအဆင့် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# အလုံဈေးကြီး ပြန်လည်တည်ဆောက်ခြင်းနှင့် ဆိုင်ခန်းနေရာချထားခြင်းများ ပွင့်လင်းမြင်သာရန်လို

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက်ရှိ အလုံဈေးကြီး ပြန်လည်တည်ဆောက်ရာတွင် ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် ဆိုင်ခန်းများ ပြန်လည်ပေးမည့်ကိစ္စနှင့်ပတ်သက်၍ ဈေးသူဈေးသားများ မကျေနပ်မှုများ ရှိနေကြပြီး ၎င်းတို့၏ဆန္ဒများကို အလုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဈေးများဌာန ဒုတိယဌာနမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ရှေ့မှောက်၌ ဇွန် ၁၇ ရက်က ဖွင့်ဟပြောဆိုခဲ့ကြသည်။

ရုံ(ခ)တွင် ဈေးရောင်းနေသူ ကိုသဲမောင်က ဈေးစတင်တည်ဆောက်စဉ်က နှစ်ထပ်ဈေးသာဖြစ်ပြီး ယခု သုံးထပ် ဈေးဖြစ်လာကြောင်း၊ ဈေးပြန်လည်တည်ဆောက်ပြီးပါက မူလနေရာအတိုင်းပြန်ပေးမည်ဟု တာဝန်ရှိသူများက ဆိုထားသည့်အတွက် ဆိုင်ခန်းများ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ယခု အနေအထားမှာ ကားပါကင်ပါလာသည့်အတွက် ပွင့်လင်းမြင်သာမှုလုံးဝမရှိကြောင်း၊ ဈေးသူ ဈေးသားများ၏ဆန္ဒမပါဘဲ စည်ပင်အနေဖြင့် တည်ဆောက်ပါသော်လည်း ပြည်သူပိုင်ဈေးသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရုံ(ဆ) ဆိုင်အမှတ် ၁၀၂၊ ၁၀၃၊ ၁၀၄ မှ ဈေးသည်တစ်ဦးကလည်း မူလအတိုင်း ဆိုင်ခန်းများ ပြန်ပေးမည်ဆိုသည့်အတွက် ယာယီဆိုင်ခန်းများသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ ယခု သုံးထပ်ဖြစ်သွားပြီး ပထမထပ်တွင်သာ ဆိုင်ခန်းများပေးမည်ဟု သိရကြောင်း၊ မိမိတို့ မူလနေရာတွင်သာ ပြန်လည်နေရာချပေးစေလိုကြောင်း ရင်ဖွင့်ပြောကြားခဲ့သည်။

ဈေးတွင် ၁၄ နှစ်ကြာ ဈေးရောင်းချလာခဲ့သူဖြစ်သည့် ဒေါ်စံပယ်ကလည်း မူလအကျယ်၊ မူလနေရာအတိုင်း နေရာပြန်ပေးမည်ဟု ယခင်က စကားရှိခဲ့ပြီး ယခု သုံးထပ်ဆောက်ပြီးပါက သိမ်ကြီးဈေးမှ စားသောက်ဆိုင်များအား နေရာပေးကာ ကားပါကင်ပါ ထားရှိမည်ဆိုသည့်အတွက် ရှေ့စကားနောက်စကားမညီ၍ မကျေနပ်ကြောင်း ပြောဆိုခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်က မိမိကိုယ်တိုင်လည်း ယခင်က ဈေးသည်တစ်ဦးဖြစ်ကြောင်း၊ မိမိအနေဖြင့် သိထားသည်မှာ နှစ်ထပ်ဈေးသာဖြစ်ကြောင်း၊ ဈေးသူဈေးသားများ၏ ဆန္ဒမပါဘဲ မပြုလိုကြောင်း နှစ်သိမ့်စကားဆိုခဲ့သည်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်မြင့်ကလည်း ဈေးသူဈေးသားများ၏ ဆန္ဒအတိုင်းဖြစ်နိုင်ရန် လွှတ်တော်တွင်တင်ပြပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စည်ပင်သာယာ ဈေးများဌာနမှ ဒုတိယဌာနမှူး ဦးသောင်းတင်ကမူ ဈေးနှစ်ထပ်ဆောက်ပြီး ပျံကျဈေးသည်များကို နေရာပေးနိုင်ရေးအတွက် ဒီဇိုင်းဆွဲပြီး အဆင့်ဆင့်တင်ပြရပါကြောင်း၊ ပြန်ကျလာမှ တည်ဆောက်ခြင်းဖြစ်ပြီး လက်ရှိတည်ဆောက်မှုလုပ်ငန်းကို ရပ်ထား၍မရပါကြောင်း၊ လက်ရှိကိစ္စနှင့်ပတ်သက်၍ မြို့တော်ဝန်နှင့် ဝန်ကြီးချုပ်ထံ ပြန်လည်တင်ပြပေးသွားမည်ဖြစ်ကြောင်း ဌာနမှူးကိုယ်စား ဖြေကြားပေးခဲ့ကြောင်း သိရသည်။



**အလုံဈေးကြီး တည်ဆောက်နေသည့် လုပ်ငန်းခွင်တစ်နေရာ**

**သတင်း-ကိုကြီးတင်၊ ဓာတ်ပုံ-တင်မောင်ဦး(အလုံ)**

## သတင်းတိုများ

### ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆိုင်းဘုတ်ဖွင့်လှစ်

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းကြရန် အသိပညာပေးထားသော ဆိုင်းဘုတ်ကို မော်လမြိုင်တက္ကသိုလ်ရှေ့မြိုင်သာယာပန်းခြံထောင့်၌ ဇွန် ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ဆိုင်းဘုတ်ကို ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှူး ဦးအေးသက်၊ အမှတ်(၁၂)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးကျော်သူနှင့် မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဆိုင်ကယ်များ ညအချိန်မောင်းနှင်ရာတွင် အန္တရာယ်ကင်းစေရန် ရောင်ပြန်ပြားများကပ်ပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုယ်ပွား(မော်လမြိုင်)**

### တာမွေမြို့နယ်တွင် အခွန်ဥပဒေပညာပေးဆွေးနွေး

တာမွေမြို့နယ် အခွန်ဦးစီးဌာနရုံး၌ အခွန်ထမ်းပြည်သူများအား အခွန်အကောက်ဥပဒေများအကြောင်း အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၁၄ ရက်က ကျင်းပခဲ့ရာ မြို့နယ်အတွင်းမှ အခွန်ထမ်းလုပ်ငန်းရှင်နှင့် ပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့ကြပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး၊ ဦးစီးအရာရှိများနှင့် ဒုတိယဦးစီးမှူးများက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန် ပြဋ္ဌာန်းချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကာ အခွန်ဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လှလှ**

## နန့်ခင့်ချောင်းကူးတံတားတည်ဆောက်မှု ရာနှုန်းပြည့်ပြီးစီး



**အင်းတော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ နန့်ခင့်ချောင်းကူးတံတားကြီး တည်ဆောက်မှုလုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ပြီး သတ်မှတ်ရက်ထက်စော၍ တည်ဆောက်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ နန့်ခင့်ချောင်းကူးတံတားကြီးသည် အရှည်ပေ ၂၅၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၂၁ ပေ ၄လက်မရှိ ဘိုးပိုင် သံကူကွန်ကရစ်အမျိုးအစား တံတားကြီးဖြစ်ပြီး အင်းတော်မြို့နှင့် နန့်ခင့်ကျေးရွာကို ဆက်သွယ်ထားသောတံတားဖြစ်သည်။ တံတားကြီးကို ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သိန်းပေါင်း ၄၀၀၀ ကျော် အကုန်အကျခံ၍ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူကာ အလျင်အမြန် ပြီးစီးရန်ကြိုးပမ်းတည်ဆောက်ခဲ့သဖြင့် သတ်မှတ်ရက်ထက်စော၍ ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း၊ တံတားကြီး သတ်မှတ်ချိန်ထက်စော၍ ပြီးစီးသဖြင့် ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့သွားပြီဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဝန်ကြီးနှင့် ပြည်သူများ တွေ့ဆုံဆွေးနွေး

**သထုံ ဇွန် ၁၉**

မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာ ဒေသဖွံ့ဖြိုးရေးအတွက် ကျေးရွာနေပြည်သူများအား ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း၌ ဇွန် ၁၈ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ဝန်ကြီးက ပြည်သူများအား အကျိုးပြုစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေကြောင်း၊ ပြည်သူများကလည်း မိမိဒေသများအတွက် လိုအပ်ချက်များကိုတင်ပြကာ လက်တွဲပါဝင်ဆောင်ရွက်ကြရန်လည်း တိုက်တွန်းပါကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြောကြားသည်။ ထို့နောက် ဒေသခံပြည်သူများ တင်ပြသော လမ်းများပြုပြင်ပေးရေး၊ လျှပ်စစ်မီးရရှိရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရေးနှင့် နွေရာသီတွင် သောက်သုံးရေရရှိရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဝန်ကြီးက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**ခွန်(ဝင်းပ)**

## သန်းခေါင်စာရင်းအချက်အလက်များ အသိပညာပေး အလုပ်ရုံဆွေးနွေး

**တပ်ကုန်း ဇွန် ၁၉**

နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ၂၀၁၄ ခုနှစ်က ကောက်ယူပြီးစီးခဲ့သော သန်းခေါင်စာရင်းအချက်အလက်များနှင့်ပတ်သက်၍ မြို့နယ်အဆင့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ဥတ္တရခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က သန်းခေါင်စာရင်းအချက်အလက်များသည် အရေးကြီးသော အချက်အလက်များဖြစ်၍ လူဦးရေအချက်အလက်များသာမက အိမ်နှင့်အိမ်ထောင်စု အကြောင်းအရာ၊ လူမှုစီးပွားရေး အချက်အလက်များ၊ မွေးဖွားခြင်း၊ သေဆုံးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းစသည့် အချက်အလက်များကို အခြေခံကာ နိုင်ငံ၏ လက်ရှိနှင့် အနာဂတ်ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲရာတွင် အရေးပါသောအချက်များကို အသုံးပြုနိုင်ရေး ရှင်းလင်းပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူး ညွှန်ကြားရေးမှူး ဦးထိန်ဝင်းနှင့် ဥတ္တရခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ တက်ရောက်ပြီး နှစ်ရက်ကြာ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၉**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက် ဓမ္မာရုံ၌ ဓာတ်ပုံ၊ နံရံကပ်စာစောင်ပြပွဲ၊ ဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစံကျော်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်မော်က ပွဲကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ မြို့နယ်တွင်းရှိ အထက်တန်းနှင့် အလယ်တန်း ကျောင်းသားကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မူးယစ်တပ်ဖွဲ့(၄၂)မှ ရဲအုပ်ရဲမြတ်ဟိန်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဦးက မှုခင်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း ဓာတ်ပုံနှင့် နံရံကပ်စာစောင်များကို ခင်းကျင်းပြသခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



# သင်္ဘောနှစ်စင်းတိုက်မိရာမှ ပျောက်ဆုံးနေသည့် သင်္ဘောသားများအားလုံး သေဆုံးကြောင်း အတည်ပြု



**ဝါရှင်တန် ဇွန် ၁၉**

ပြီးခဲ့သည့် စနေနေ့က ဖြစ်ပွားခဲ့သည့် အမေရိကန်ဖျက်သင်္ဘောတစ်စင်းနှင့် ဖိလစ်ပိုင်ကုန်တင်သင်္ဘောတိုက်မိမှုတွင်ပျောက်ဆုံးလျက်ရှိသည့် သင်္ဘောသားခုနစ်ဦးလုံး သေဆုံးသွားပြီဖြစ်သည်ဟု အမေရိကန်ရေတပ်က တနင်္လာနေ့တွင်အတည်ပြုလိုက်ကြောင်း သိရသည်။

ပျောက်ဆုံးနေသည့်သင်္ဘောသားများအားလုံး၏အလောင်းကို ဖျက်သင်္ဘော၏ရေဝင်နစ်မြုပ်နေသည့် အခန်းများအတွင်း၌ တွေ့ရှိခဲ့ရခြင်းဖြစ်သည်ဟု ဖော်ပြခဲ့သည်။ USS Fitzgerald ဖျက်သင်္ဘောနှင့် ဖိလစ်ပိုင်ကုန်တင်သင်္ဘောတို့သည် စနေနေ့အစောပိုင်းက တိုကျိုပင်လယ်အော်တောင်ပိုင်းတွင် တိုက်မိခဲ့ကြသည်။ ရာသီဥတုသာယာကောင်းမွန်ချိန်တွင်ဖြစ်ပွားခဲ့သည့် သင်္ဘောနှစ်စင်းတိုက်မိရခြင်း၏အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းသိရသည်။

သင်္ဘောနှစ်စင်းတိုက်မိချိန်တွင် သင်္ဘော၏အရေးပါသောအစိတ်အပိုင်းမှာ ပျက်စီးသွားခဲ့ပြီး ဖျက်သင်္ဘော၏ ရေအောက်တွင်ရှိနေသည့်အပိုင်းမှာ ဟက်တက်ကွဲသွားခဲ့ကာ ရေဒီယိုအခန်းနှင့် အရန်စက်ခန်းတို့မှာရေဝင်နစ်မြုပ်သွားခဲ့သည်။

သင်္ဘောတိုက်မိရာတွင် ဒဏ်ရာရရှိခဲ့သည့်သင်္ဘောသားသုံးဦးအနက် နှစ်ဦးကို ရဟတ်ယာဉ်ဖြင့်ကယ်ထုတ်ခဲ့ရပြီး ယိုကိုဆူကာရှိအမေရိကန်ရေတပ်မတော်ဆေးရုံသို့အလျင်အမြန်ပို့ဆောင်ခဲ့သည်။ ရာသီဥတုဆိုးရွားခြင်းမရှိဘဲ အဘယ်ကြောင့်အရွယ်အစားပမာဏကြီးမားသည့် ကုန်တင်သင်္ဘောသည် သေးငယ်သည့်စစ်သင်္ဘောတစ်စင်းနှင့်တိုက်မိရခြင်းအကြောင်းကို အမေရိကန်နှင့်ဂျပန်စုံစမ်းစစ်ဆေးရေးအဖွဲ့များက အဖြေရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**

## အမျိုးသမီးတစ်ဦး ရထားရှေ့သို့ ခုန်ချသေဆုံး

**ဗန်ကောက် ဇွန် ၁၉**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဘန်သက်ပ်ချန် ဘူတာရုံ၌ ယမန်နေ့က အမျိုးသမီးတစ်ဦး ရထားတစ်စီး၏ ရှေ့သို့ခုန်ချပြီးသေဆုံးခဲ့ကြောင်း ရထားကုမ္ပဏီအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

အဆိုပါအမျိုးသမီးသည် ဘူတာရုံသို့ ရထားဝင်လာသည့်အချိန်တွင် ရထားအရှေ့သို့ ခုန်ချလိုက်ခြင်းဖြစ်ကြောင်း၊ မီးရထားမှာ ရပ်ချိန်မရတော့ဘဲ ၎င်းကို ကြိတ်မိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါ ရထားကုမ္ပဏီအရာရှိတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

သေဆုံးသူအမျိုးသမီးတစ်ဦးသည် ၎င်း၏ခင်ပွန်းဟုယူဆရသော အမျိုးသားတစ်ဦးနှင့်အတူ နေ့စဉ်ဘူတာရုံသို့ လာရောက်ခဲ့သူဖြစ်ကြောင်း သိရသည်။ အဆိုပါ မတော်တဆမှုအား ရဲတပ်ဖွဲ့က စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## လန်ဒန်၌ လူအုပ်ထဲသို့ ကားတစ်စီးဝင်တိုက်မှုဖြစ်ပွား

**လန်ဒန် ဇွန် ၁၉**

အင်္ဂလန်နိုင်ငံလန်ဒန်မြို့မြောက်ပိုင်းရှိ လမ်းမတစ်ခုပေါ်တွင် ကားတစ်စီးဖြင့် ဝင်တိုက်မှုကြောင့် လူတစ်ဦးသေဆုံးခဲ့ကြောင်း၊ အဆိုပါ ဖြစ်စဉ်အတွက် သံသယရှိသူ တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၉ ရက်တွင် ပြောခဲ့သည်။

အခင်းဖြစ်ပွားရာနေရာတွင် လူတစ်ဦးပွဲချင်းပြီးသေဆုံးခဲ့ကြောင်း၊ အဆိုပါ လုပ်ရပ်ကြောင့် လူတစ်ဦးကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ဗင်ကားတစ်စီးသည် လန်ဒန်မြို့မြောက်ပိုင်း ဖင်းစ်ဘာရီပန်းခြံရိယာ အတွင်း လမ်းလျှောက်သွားလာနေကြသည့် လူအုပ်ထဲသို့ အရှိန်ဖြင့် မောင်းဝင်ကာ ဝင်တိုက်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာတွင် ဖော်ပြခဲ့သည်။

**(ဆင်ဟွာ)**

## တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူများအတွက် သုံးရက်ကြာဝမ်းနည်းမှုအထိမ်းအမှတ်ပြုလုပ်

**လစ္စဘွန်း ဇွန် ၁၉**

ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းတွင် ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူ ၆၂ ဦးနှင့် ဒဏ်ရာရရှိသူ ၅၄ ဦးအထိရှိလာပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အရေးပေါ် အခြေအနေကြေညာခဲ့ရကြောင်း၊ ထို့အပြင် ဇွန် ၁၈ ရက်မှ စတင်ကာ သုံးရက်ကြာ ဝမ်းနည်းမှုအထိမ်းအမှတ် ပြုလုပ်လျက်ရှိကြောင်း ပေါ်တူဂီနိုင်ငံ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်နယ်အတွင်းရေးမှူး ဂျော့ချ်ဂိုမ်းစ်က ပြောခဲ့သည်။

တောမီးသည် လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက နိုင်ငံအလယ်ပိုင်း ပီဒရိုဂိုအာဂရန်ဒီဒေသမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင် လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သောကြောင့် မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်နေ ကြောင်း သိရသည်။ သစ်ပင်ကြီးတစ်ပင်အား မိုးကြိုးပစ်ရာမှ စတင်ကာ တောမီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ကားဖြင့်ထွက်ပြေးစဉ် လူ ၁၈ ဦးလမ်းမပေါ်တွင် ပိတ်မိသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သုံးဦးမှာ မီးခိုးငွေ့များကြောင့် အသက်ရှူကျပ်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ဦးမှာ ထွက်ပြေးစဉ် ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့ကြောင်း၊ ကျန်ရှိဒဏ်ရာရရှိသူတချို့အား နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပေါ်တူဂီသမ္မတ မာဆယ်လိုရီ ဘီလိုဒီဆိုဆာက မီးလောင်ကျွမ်းရာဒေသသို့ သွားရောက်ခဲ့ပြီး သေဆုံး၊ ဒဏ်ရာရရှိသူများကို အားပေးစကား ပြောကြားခဲ့သည်။ ယခု ဖြစ်ပွားနေသည့် တောမီးလောင်မှုသည် ပေါ်တူဂီနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အဆိုး ရွားဆုံးသော မီးလောင်ကျွမ်းမှုဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**



ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်ရေးပြုလုပ်နေမှုကို တွေ့ရစဉ်

## ဆီးရီးယားတပ်မတော်ဂျက်လေယာဉ်တစ်စင်းကို အမေရိကန်စစ်လေယာဉ်ပစ်ချ

**ရက်ကွာ ဇွန် ၁၉**

ဆီးရီးယားနိုင်ငံတောင်ပိုင်း ရက်ကွာပြည်နယ်အစွန်အဖျားတွင်တနင်္ဂနွေနေ့က ဆီးရီးယားတပ်မတော်ဂျက်လေယာဉ်တစ်စင်းကို အမေရိကန်စစ်လေယာဉ်က ပစ်ချခဲ့ကြောင်းသိရသည်။ယင်းဂျက်လေယာဉ်သည် အမေရိကန်ကျောထောက် နောက်ခံပြုထားသည့် အင်အားစုများရှိရာ အနီးတွင် ဗုံးများကြဲချခဲ့သည့်အတွက် ထိုသို့ပစ်ချခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဘက်မှ ပြောကြားခဲ့သည်။

ဆီးရီးယားဘက်မှပြောကြားသည်မှာ လေယာဉ်သည်အိုင်အက်စ်အစွန်းရောက် စစ်သွေးကြွများအား တိုက်ခိုက်ချေမှုန်းသည့် မစ်ရှင်တစ်ခုပြုလုပ်နေစဉ် ပစ်ချခံလိုက်ရခြင်းဖြစ်သည်ဟုဆိုထားသည်။

၂၀၁၁ခုနှစ်ကစတင်ခဲ့သည့် ပဋိပက္ခဖြစ်ပွားမှုတွင် ယခုကဲ့သို့ပင် အမေရိကန်ဘက်မှပစ်ချလိုက်သည့်အတွက် ဆီးရီးယားဂျက်လေယာဉ် ပျက်ကျသွားခဲ့ပြီး လေယာဉ်မှူးမှာ ပျောက်ဆုံးသွားခဲ့ကြောင်း ဆီးရီးယားတပ်မတော်၏ ဖော်ပြချက်ကို ဆီးရီးယားနိုင်ငံပိုင် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။



ဆီးရီးယားလေယာဉ်ကို ပစ်ချလိုက်သည့် U.S F/A-18E Super Hornet အမျိုးအစားအမေရိကန်လေယာဉ်ကို တွေ့ရစဉ်

တပ်မတော်၏ဖော်ပြချက်အရ ဆီးရီးယားလေတပ်ဂျက်လေယာဉ်သည် ရာဆာဖတ်ကျေးရွာအနီး၌ တနင်္ဂနွေနေ့ ညနေပိုင်းကပစ်ချခံလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။ ဆီးရီးယားစစ်ဘက်က အိုင်အက်စ်အကြမ်းဖက်အုပ်စုအား တိုက်ခိုက်ချေမှုန်းမှုကိုအရှိန်မြှင့်ဆောင်ရွက်နေစဉ်အတွင်း ယခုကဲ့သို့ ပစ်ချခံလိုက်ရကြောင်းနှင့် ယင်းအပြုအမူသည် ဆီးရီးယားပိုင်နက်မြေတစ်လျှောက်အကြမ်းဖက်မှုများအား ဖြိုခွင်းရာတွင် အထိရောက်ဆုံးဆောင်ရွက်နိုင်သည့် ဆီးရီးယားအင်အားစုနှင့် မဟာမိတ်များ၏ ကြိုးပမ်းဆောင်ရွက်မှုကို ပြောင်ပြောင်တင်းတင်း နှောင့်ယှက်ဖျက်ဆီးလိုက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆီးရီးယားလေတပ်ဂျက်လေယာဉ် SU-22 သည် အမေရိကန်ကျောထောက် နောက်ခံပြုထားသည့်အင်အားစုများရှိရာအနီးတွင် ဗုံးများကြဲချလိုက်ပြီးချက်ချင်း ဆို သလို U.S F/A-18E Super Hornet စစ်လေယာဉ်၏ ပစ်ချခြင်းကိုခံလိုက်ရကြောင်း သတင်းရင်းမြစ်များတွင် ဖော်ပြထားသည်။

လေယာဉ်အား ပစ်ချခဲ့မှုနှင့် ပတ်သက်၍ အမေရိကန်ကနိုင်ငံကိုကာကွယ်သည့် လုပ်ဆောင်မှုတစ်ခုသာဖြစ်ကြောင်းပြောကြားခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ် တွင်ဖော်ပြထားသည်။ **(ရိုက်တာ)**

# အနာဂတ်မျိုးဆက်သစ် ဗိသုကာပညာရပ် ကျောင်းသား ကျောင်းသူများအတွက် အိမ်ပုံဒီဇိုင်းပြိုင်ပွဲဆုချီးမြှင့်



**မန္တလေး ဇွန် ၁၉**

အနာဂတ်မျိုးဆက်သစ် ဗိသုကာပညာရပ် ကျောင်းသား ကျောင်းသူများအတွက် အိမ်ပုံဒီဇိုင်းပြိုင်ပွဲဆုချီးမြှင့်ပွဲကို မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နည်းပညာတက္ကသိုလ်( မန္တလေး)ခန်းမဆောင်၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင်နည်းပညာတက္ကသိုလ်( မန္တလေး) မှ ပါမောက္ခချုပ် ဒေါက်တာမျိုးညွန့်က "ဗိသုကာဌာနက ပညာရှင်ကြီးတွေ၊ လာလတ့်သော ဗိသုကာကျောင်းသားတွေအနေနဲ့ စိတ်ကူးကြည့်ကြဖို့ ကမ္ဘည်းမော်ကွန်းဝင် လမ်းလေး Dream(အိပ်မက်)ရှိထားမှရမှာပါ။ ကြိုတင်စီစဉ်ထားတာတွေ၊ စိတ်ကူးထားတာတွေမရှိဘူးဆိုရင် အခြေအနေကောင်းပေါ်လာတဲ့အခါမှာ ဘယ်ကနေ ဘယ်လိုစရမှန်းမသိတာမျိုးတွေ ဖြစ်တတ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါပြိုင်ပွဲကို ယခုနှစ် ဧပြီ ၁ ရက်မှစတင်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်၊ မော်ဘီ၊ သန်လျင်၊ လှိုင်သာယာ၊ နည်းပညာတက္ကသိုလ်( မန္တလေး)အပါအဝင် နည်းပညာတက္ကသိုလ်မှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဗိသုကာဆရာကြီး ဦးရွှေက "ဗိသုကာစိတ်ဝင်စားတဲ့ ကျောင်းသား ကျောင်းသူတိုင်း အင်္ဂလိပ်စာနဲ့ရေးထားတဲ့စာအုပ်စာတမ်းတွေကို လေ့လာကိုးကားဖို့၊ အတွေးအခေါ်ကျယ်ပြန့်စေတဲ့ လုပ်ငန်းတွေလုပ်ပေးဖို့နဲ့ မန္တလေးသည် ယဉ်ကျေးမှုရဲ့ ဗဟိုဌာနကြီးဖြစ်လို့ အစဉ်အလာကြီးမားတဲ့အတွက် ဆက်လက်ရှင်သန်ရုံတင်မကဘဲ မှန်တဲ့လမ်းကြောင်းနဲ့သွားနိုင်ရင် ဗိသုကာပညာတိုးတက်မှုဟာ ပိုမိုမြန်ဆန်မယ်လို့ ရည်ရွယ်ရင်းဒီပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ ဗိသုကာပြိုင်ပွဲကို ဗိသုကာပညာရပ်တိုးတက်ထွန်းကားရေးအတွက် ပညာရှင်များမွေးထုတ်ပေးရန်ရည်ရွယ်၍ XMC- Xin Myanmar Architectural Design & Construction Group မှ ပထမဆုံးအကြိမ်အဖြစ်တာဝန်ယူကျင်းပခဲ့ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု အသီးသီးကိုလည်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာ သုနန္ဒာလမ်း အမှတ်(၃၆)နေ ဦးကျော်မိုးနိုင်နှင့် ဒေါ်ယဉ်ဥမ်သားစုက ဒေါ်ယဉ်ဥ မွေးနေ့အလှူအဖြစ် ဇွန် ၁၉ ရက်က ဇီဝိတဒါနဆေးရုံရှိ သံဃာတော်များနှင့်သီလရှင်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်) ရာသက်ပန်ဆွမ်းတစ်နေ့တာနှင့် ထာဝရဆွမ်း၊ ဆေးပဒေသာပင်တို့အတွက် ငွေကျပ်သိန်း ၂၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်မောင်နှင့် အဖွဲ့ဝင်ဒေါက်တာမြင့်သိန်းတို့က လက်ခံစဉ်

(သတင်းစဉ်)




# ပျဉ်းမနား ဈေးကုန်းကျောင်း ၇၅ နှစ်ပြည့် ဆွမ်းဆန်တော်လှူဒါန်းပွဲကျင်းပမည်

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့မဟာဝိသုတာရာမဈေးကုန်းကျောင်း ပရိယတ္တိစာသင်တိုက်(စာချ၊ စာသင်) ၇၅ နှစ်ပြည့် သံဃာတော် အပါး ၁၀၀၀ ကျော်၊ တစ်ပါးလျှင် ၁၀၀၀၀၀ နဝကမ္မဆွမ်းဆန်တော်လှူဒါန်းပူဇော်ပွဲကို ၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၉ ရက် ဇူလိုင် ၂ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် စာသင်တပည့် သံဃာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ပင့်စာများ ဆက်ကပ်လျက်ရှိသည်။ ပင့်စာမရသော်လည်း ကြွရောက်ကြရန် ပင့်လျှောက်ထားကြောင်း၊ အလှူရှင်များအနေဖြင့် ဖုန်း- ၀၆၇ ၂၂၂၂၄၊ ၀၉ ၄၉၃၃၀၆၆၆၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဖုန်း- ၀၉ ၅၁၀၆ ၂၇၄ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ဘောဂသိဒ္ဓိရပ်ကွက် ငွေစုသမအသင်း နှစ်လည်စည်းဝေး

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကိုဇွန် ၁၈ ရက် ဘောဂသိဒ္ဓိရပ်ကွက်မွှာရုံ၌ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးသန်းဆိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်မြင့်သီဂီက သမဝါယမအကြောင်းသိကောင်း စရာများ ပြောကြားကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများ၊ ဘဏ္ဍာရေးရှင်းတမ်းများကို အမှုဆောင်အဖွဲ့က ဖတ်ကြားအတည်ပြုရယူသည်။ ယင်းနောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင် ကြသော အသင်းသားများ၏ သားသမီးခြောက်ဦးကို ဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**



# မြန်မာစာကိုလေးစားတန်ဖိုးထား ကြိုးစားစေချင်တဲ့အတွက် မြန်မာစာဂုဏ်ထူးရှင်ကို ဆုငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်

**ဖျာပုံ ဇွန် ၁၉**

ယခု ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖျာပုံမြို့ရှိ ဝင်းပညာဒါနကျောင်းမှ မြန်မာစာဂုဏ်ထူးရကျောင်းသူကို ယင်းကျောင်းမှ မြန်မာစာပြ အငြိမ်းစားဆရာကြီး ဦးအောင်မြင့်က ဆုငွေကျပ် တစ်သိန်းခွဲကို ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည့် ဝင်းပညာဒါနကျောင်း ဂုဏ်ပြုပွဲ အခမ်းအနား၌ ချီးမြှင့်လိုက်ကြောင်း သိရသည်။




"ကျွန်တော် ပင်စင်စားဆရာကြီးပါဗျာ၊ ပိုက်ဆံမပေါ်ဘူး။ အခုလို ငွေကျပ် တစ်သိန်းခွဲ ချီးမြှင့်တယ်ဆိုတာ ကျွန်တော့်ရဲ့ ချွေးနဲ့စာတွေ စုထားခဲ့တာပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံသားကလေးတွေ မြန်မာစာပေကိုလေးစားတန်ဖိုးထားစေချင်လွန်းလို့ပါ။ ဒီကျောင်းမှာ နှစ်စကတည်းက ကျောင်းသားကျောင်းသူတွေကို မှာထားပါတယ်။ မြန်မာစာ ဂုဏ်ထူးထွက်ရင် ဘယ်နှဦးထွက်ထွက် တစ်ယောက်ကို ကျပ်တစ်သိန်းခွဲစီ ဂုဏ်ပြုမယ်လို့ ပြောထားတယ်။ ပြောတဲ့ကတိအတိုင်း ပေးနိုင်ဖို့ကိုလည်း စာသင်လို့ တပည့်တွေ ဂါရဝပြုတဲ့ငွေလေး တွေကိုမသုံးဘဲ တစ်နှစ်လုံးစုဆောင်းထားပါတယ်။ အခုဒီပညာဒါနကျောင်းက တစ်ယောက်ပဲရလို့ ကျန်တဲ့ ဂုဏ်ထူးရှင်တွေအားလုံးကိုလည်း နိုင်သမျှ ဆုငွေနဲ့ ဂုဏ်ပြုလိုက်ပါတယ်။ မနှစ်က သုံးဦး မြန်မာစာဂုဏ်ထူးရလို့ တစ်ဦးစီကို ငွေကျပ်တစ်သိန်းနှုန်း ဂုဏ်ပြုခဲ့ပါတယ်"ဟု အငြိမ်းစား ကျောင်းဆရာကြီး ဦးအောင်မြင့်က ပြောသည်။

ယခုနှစ်တွင် ဖျာပုံမြို့ဝင်းပညာဒါနကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူ ၅၁ ဦး ဝင်ရောက်ဖြေဆိုရာ ၄၂ ဦးအောင်မြင်ခဲ့ပြီး ဂုဏ်ထူးအရေအတွက် ၄၂ ဦးအထိ ရှိခဲ့ကြောင်း သိရသည်။

ဖျာပုံမြို့သည် အမျိုးသားစာဆိုဆရာဇော်ဂျီ၏ ဇာတိမြေဖြစ်ပြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်မှလည်း မြန်မာစာကိုချစ်မြတ်နိုးစေရန်ရည်ရွယ်လျက် နှစ်စဉ် ဖျာပုံမြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်စာမေးပွဲ၌ မြန်မာစာ ဂုဏ်ထူးရရှိကြသူများကို ဆရာဇော်ဂျီ၏ ရာပြည့်စာကြည့်တိုက် မြန်မာစာ ဂုဏ်ထူးဆု ချီးမြှင့်လျက်ရှိသည်။

**သူဇာနွယ် (ဖျာပုံ)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ ဆုရစာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၁၉**

၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

**ဝတ္ထုတို**ပြိုင်ပွဲတွင် ဒေါ်မေစိမ်းဝင်း(ကောင်းကင်မေ - စီးပွားရေးတက္ကသိုလ်)၏ "သားပြန်လာပြီ အမေ" ဝတ္ထုတိုက ပထမ၊ ဦးရဲညွန့်(ရဲရဲထွန်း - ဟသ်ာတ)၏ "မူးယစ်ကင်းစင် ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုးစီးပွားတိုး" (သို့မဟုတ်) "ဥသျှစ်ပင်လမ်းခွဲရဲ့အောင်ပွဲ" ဝတ္ထုတိုက ဒုတိယ၊ ဦးအေးကြူ(မောင်ငြိမ်းမွန် - ချောင်းဦး)၏ "မဖြူသောအဖြူ မမည်းသောအမည်း" ဝတ္ထုတိုက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးဇော်ဝင်း(စည်သူညွန်းလှ)၏ "အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့"၊ မအိဖြူစံ(ပန်းအိဖြူဖြူ) ၏ "လက်ဖဝါးလေးတစ်ဖက်"၊ ဦးဇော်လင်း(လင်းထက် - အင်းတော်ကြီး)၏ "နှောင်းနှောင်တ" ဝတ္ထုတိုတို့က အသီးသီးဆုများ ရရှိကြပါသည်။

**ဆောင်းပါး**ပြိုင်ပွဲတွင် ဦးထိန်လင်း(လင်းအရုဏ်ဦး-ပဲခူး) ၏ "ဦးစွာနားထောင်ပါ" ဆောင်းပါးက ပထမ၊ ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင် - ပဲခူး)၏ "လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့" ဆောင်းပါးက ဒုတိယ၊ ဒေါ်ခင်နှင်းရီ(ခင်နှင်းရည် - ရန်ကုန်တက္ကသိုလ်)၏ "သက်ရှည်ကျန်းမာ လူသားကမ္ဘာ မူးယစ်ဆေးဝါးတိုက်ဖျက်ပါ" ဆောင်းပါးက တတိယဆုများ ရရှိကြပြီး အထူးဆုများ အဖြစ် ဦးကျော်ဆွေဦး(ကျော်ဆွေဦး)၏ "အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကိုဆန့်ကျင်စို့"၊ မချိုးရွှေစင်၏ "မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး"၊ ဦးဘဆွေ(ဘိုးရာဇာ - သံဖြူဇရပ်)၏ "လူသားတို့ ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့" ဆောင်းပါးတို့က အသီးသီးဆုများရရှိကြသည်။

**ကဗျာ**ပြိုင်ပွဲတွင် ဗိုလ်ကြီး ညွန့်ဝင်း - ငြိမ်း(ဘုန်းမောင်ဝင်း- ဖျာပုံ) ၏ "မူးယစ်သေမင်းမှ သင်လွတ်ကင်းစေချင်" ကဗျာက ပထမ၊ ဦးထွားမောင် (မောင်လွန်းမြိုင်-ပင်လည်ဘူး) ၏ "သမိုင်း အမွေဆိုး မူးယစ်မျိုး ထိုးနှက်တော်လှန် တိုက်ဖျက်ရန်" ကဗျာက ဒုတိယ၊ ဦးကျော်ညွန့်(ရေနံ့သာ မောင်ကျော်ညွန့်) ၏ "နောင့်ချစ်ညီထွေး မောင်လူမွှေးသို့" ကဗျာက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် ဦးထွန်းအောင်ကျော် (လက်ာမြင့်မိုရ်) ၏ "လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့"၊ ဦးစောလွင်(မဟူရာစောလွင် - ပခုက္ကူ)၏ "တွဲလက်တွေ မြဲဆက်လို့ မူးယစ်အန္တရာယ်ကာကွယ်စို့"၊ ဦးဇော်ဝင်း (စည်သူညွန်းလှ)၏ ကမ္ဘာတစ်ခွင် မူးယစ်စင် စည်ပင်ဖြိုးဖို့ ဆန့်ကျင်စို့" ကဗျာတို့ က အသီးသီး ဆုများရရှိကြပါသည်။

**တေးသီချင်း**ပြိုင်ပွဲတွင် ဒေါ်ခင်စန္ဒီစိမ့်(အလင်္ကာမေ) ၏ "မူးယစ်ဆေးကို ဆန့်ကျင်မယ်" တေးသီချင်းက ပထမ၊ ဗိုလ်ကြီး ဉာဏ်ပိုင်စိုး(စစ်သူ) ၏ "လူသားတို့ကမ္ဘာမပျက်သုဉ်းဖို့ အန္တရာယ် မူးယစ်ဆန့်ကျင်စို့" တေးသီချင်းက ဒုတိယ၊ ဦးဇော်ဝင်း (စံကွန့်) ၏ "မူးယစ်ရန်ရှောင်ရှား ယနေ့လူငယ်" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးမောင်မောင်လွင် (လီယိုနာဒ်မောင်မောင်လွင်)၏ "မူးယစ်ကင်းစင်ပြည်တစ်ခွင်"၊ ဦးသက်လွင် (ဟံသာဒို) ၏ "နေ့သစ်များနဲ့ကမ္ဘာ" နှင့် ဒေါ်မေသန့်ရွှေ (ငယ်သန့် - သုခုမ)၏ "ငါတို့တိုင်းပြည်ငြိမ်းချမ်းရေး အနီးလေးပါ" တေးသီချင်းတို့က အသီးသီးဆုများရရှိကြပါသည်။

**ဓာတ်ပုံ**ပြိုင်ပွဲတွင် ဇော်ဇော်ဝေ(ဆင်ဖြူကျွန်း)က ပထမ၊ ဝင်းဇော်ဦး(မင်းဘူး) က ဒုတိယ၊ မင်းဇာနည်ဇော်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မယမင်းဝင်းလှိုင်နှင့် ဦးအောင်ကျော်ထွန်း (အောင်ကျော်ထွန်း-ပုသိမ်ကြီး)က အထူးဆုနှစ်ဆု အသီးသီးရရှိကြသည်။

**ကွန်ပျူတာပိုစတာ**ပြိုင်ပွဲတွင် ဦးမောင်မောင်ကျော်ဝင်း ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ဦးကျော်ဆင့်(ကျော်ဆင့်-တာမွေ) ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ မသီရိနန္ဒာရွှေဝါဘုန်း မန္တလေးတိုင်းဒေသကြီးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းထက်ဟိန်း (ပန်းချီ ကောင်းထက်ဟိန်း) ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်ခင်မျိုးမြင့်ရွှေ (ခင်မျိုးမြင့်ရွှေ - စိတ်ပညာ) မန္တလေးတိုင်းဒေသကြီး၊ မောင်ပိုင်စိုးထွန်း(ပိုင်စိုးထွန်း-ရွှေပန်းချီ ရမည်းသင်း) မန္တလေးတိုင်းဒေသကြီးတို့က အသီးသီး ဆုများရရှိကြပါသည်။

*ဆက်လက်ဖော်ပြပါမည်*

# တာချီလိတ်မြို့ကွက်သစ်အပိုင်း(ဈ)အကွက်၌ ကျူးကျော်နေထိုင်သူများ အရေးယူတော့မည်

**တာချီလိတ် ဇွန် ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်ပိုင်ရွာအနီး ကွင်းအမှတ်(၈၅၃) မြေရေိယာ ၉၃ ဒသမ ၁၉ ဧက မြို့ကွက်သစ်အပိုင်း(ဈ)အကွက်၌ ကျူးကျော်နေထိုင်သူများကို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဇွန် ၁၈ ရက် နံနက် ၁၀ နာရီတွင် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင် ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများက အဆိုပါ မြေကွက်ပေါ်၌ "အစိုးရမြေ မကျူးကျော်ရ တည်ဆဲဥပဒေအရ အရေးယူခံရမည်" ဆိုင်းဘုတ်သုံးခု လာရောက်စိုက် ထူချိန်က ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ မြေကွက်ပေါ်တွင် ၂၀၁၀ ခုနှစ်က မြို့မြေတိုးချဲ့ရေးစီမံချက်အရ ဝန်ထမ်းများအတွက် မြေကွက်ပေါင်း ၅၃၇ ကွက် ဖော်ထုတ်မည့် (ဈ) အကွက်တွင် ဒေသခံပြည်သူများ၊ လက်လုပ်လက်စားများ၊ ဝန်ထမ်းများက တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး ခုနှစ်နှစ်ကာလသို့ရောက်ရှိသော်လည်း ကျူးကျော်နေသူများကြောင့် မြေကွက်ဖော်ဆောင်နိုင်ခြင်းမရှိသေး၍ နစ်နာမှုများကြုံတွေ့ကာ တိုင်တန်းမှုများ တစ်နေ့ထက်တစ်နေ့များလာကြောင်း၊ သို့ဖြစ်၍ အကွက်ရိုက်၊ ကျူးကျော်အိမ်များကို နို့တစ်စာပေးပို့၍ သတ်မှတ်ကာလ၌ မဖယ်ရှားသူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

"ဒီမြို့ကွက်သစ်အပိုင်း (ဈ) ဟာ အရင်က တောင်ကုန်းတွေသာ ဖြစ်ပါတယ်။ အခုလက်ရှိမှာတော့ ပြန်လည်ပြုပြင်ထားတာတွေကြောင့် အနည်းငယ်ညီညာနေတာကို တွေ့ရမှာပါ။ ဒါပေမယ့် ဒီနေရာကို အကွက်ရိုက်ဖို့ ဆိုတာကတော့ အဆင်သင့် မဖြစ်သေးပါဘူး။ အကွက်ချထားရေးကော်မတီဆိုတာ ရှိပြီးသားပါ။ အဲဒီကော်မတီကတစ်ဆင့် မြေကြီးလုပ်ငန်းဆောင်ရွက်ဖို့ ခွင့်ပြုမိန့်ရထားတဲ့ ကုမ္ပဏီတွေကို တွန်းအားပေးသွားဖို့ တင်ပြသွားမှာပါ။ မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးမှ ကွက်စိပ်၊ ကွက်ကျဲရိုက်ပြီး ချပေးထားတဲ့ မြေပေးမိန့်အတိုင်း အကွက်တွေ ဖော်ပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနက ၁၀၅/၁၀၆ ရေးဆွဲမှာပါ၊ အဲတာရပြီးသွားရင် ခရိုင်ထွေ/အုပ်မှာ ဂရန်လျှောက်ရမယ်၊ အဲဒီလို ဂရန်လျှောက်ပြီးမှသာ နေထိုင်ပိုင်ဆိုင်မယ့်သူတွေအတွက် ခိုင်ခိုင်မာမာဖြစ်မှာပါ"ဟု မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်နန္ဒက ပြောသည်။




ဆိုင်းဘုတ်စိုက်ထူရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ မြို့နယ်မြေစာရင်း ဦးစီးမှူး ဦးကျော်နန္ဒ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ဆိုင်းဘုတ်သုံးခု လာရောက်စိုက်ထူခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အလှကုန်ပစ္စည်းမှတ်တမ်းတင်လက်မှတ် လျှောက်ထားလာသော အောက်ဖော်ပြပါ အလှကုန်ပစ္စည်းတစ်မျိုးကို ဓာတ်ခွဲစမ်းသပ်ခဲ့ရာ Night Cream ၌ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) များစွာ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ယင်းအလှကုန်ပစ္စည်းမှတ်တမ်းတင်ခြင်းကို ငြင်းပယ်ပြီးဖြစ်ကြောင်းနှင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Collagen Plus Day &Night Cream | Dunia Herba Assaggaf Alqudri, Malaysia | Mercury (++)in Night Cream |

၃။ အဆိပ်သင့် ဓာတုပစ္စည်းမာကျူရီ (ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက အလှကုန်ပစ္စည်းမှတ်တမ်းတင်ခြင်းကို ငြင်းပယ်ထား၍ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၁၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၀၆ စီး၊ သွင်းကုန် ၅၅၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၃ စီး၊ သွင်းကုန် ၂၁၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၈ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆ ဒသမ ၇၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀ ဒသမ ၅၂၀၃ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၀ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇ ဒသမ ၂၇၀၃ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၈ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းကို ရှောင်ကွင်းသည့် သစ်ဆိမ့်ပင်-စွပ်ပွန်းလမ်း၌ ၁၂ ဘီးယာဉ်လေးစီးအား သတင်းရရှိ၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုသယ်ဆောင်လာသည့် Washing Machine (42) U,Refrigerator (64)U,Table Fan (119)U, Jar Pot (24)U, Frying Pan (23) U, Insulating Tape (157)Kgနှင့် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Double Black Label (1×12) (120) Pkgs, Gold Reserve (0.75×6) (5)Pkgs , Gold Label (0.75×12) (150)Pkgs, Black Label (1×12) (0.75×12) (70)Pkgs, Red Label (1.25×12) (1×12) (0.75×12)(72) Pkgs နှင့် သယ်ဆောင်သည့်ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၃ ဒသမ ၇၂၅ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**








YangonToday

## ယနေ့ ရန်ကုန်စာမျက်နှာတွင် ကြော်ငြာများ ထည့်သွင်းနိုင်

မြန်မာနိုင်ငံ၏ လူဦးရေ ၁၀ ရာခိုင်နှုန်းကျော် မှီတင်းနေထိုင်ကြသော စီးပွားရေးမြို့တော် ရန်ကုန် ...

ရန်ကုန်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ရေချိန်အနိမ့်အမြင့်၊ အတက်အကျတို့က နိုင်ငံ၏အခြေအနေအရပ်ရပ်ကို ထင်ဟတ်သည်ဟုလည်း ပညာရှင်တို့က ဆိုကြသည်။ ရန်ကုန်၏ မျက်မှောက်အခြေအနေကိုဖော်ပြသည့် " ယနေ့ ရန်ကုန် Today Yangon " ချပ်ပိုစာမျက်နှာများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း မြန်မာ့အလင်း သတင်းစာ စာဖတ်ပရိသတ်များအတွက် တစ်နိုင်ငံလုံးသို့ ဖြန့်ချိလျက်ရှိရာ ၎င်းကဏ္ဍနှင့်ဆက်စပ်ပြီး ကြော်ငြာထည့်သွင်းလိုမှုများကိုလည်း အောက်ပါနေရာများအလိုက် လက်ခံဖော်ပြပေးနေပြီဖြစ်ပါကြောင်း ကြော်ငြာရှင်များထံ အသိပေးအပ်ပါသည် -

**ကြော်ငြာဌာနများ -**

(၁) မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်) အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၄၅၈၃၄၊ ၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅၊

(၂) ကြေးမုံသတင်းစာတိုက် (ရန်ကုန်)၊ အမှတ် (၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၉၉၄၂၇၊ ၃၉၇၃၃၀၊ ၀၉-၅၁၆၆၅၄၃၊

(၃) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ အမှတ် (၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၂၄၈၁၀၁၊ ၂၄၈၁၀၂၊ ၀၉ -၇၃၁၀၀၂၇၄၊

(၄) မြန်မာ့အလင်းပုံနှိပ်တိုက် (ရန်ကုန်)၊ အမှတ် ၅၈ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၅၅၈၃၂၉၊ ၀၉ -၄၂၀၁၃၆၉၇၇၊

(၅) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးချုပ် (နေပြည်တော်)၊ ရုံးအမှတ် (၇) ပြန်ကြားရေးဝန်ကြီးဌာန၊ ဖုန်း ၀၆၇-၄၁၂၁၁၈၊ ၀၉ -၄၃၀၁၉၁၆၂၊

(၆) မြန်မာ့အလင်းသတင်းစာတိုက် (နေပြည်တော်) ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၆၁၄၈၊ ၃၆၁၂၉၊ ၀၉ - ၄၂၀၇၀၆၈၇၃၊

(၇) ကိုယ်ပွားသတင်းစာတိုက်များ ( မန္တလေး၊ မုံရွာ၊ စစ်တွေ၊ လားရှိုး၊ တောင်ကြီး၊ ကျိုင်းတုံ၊ မြစ်ကြီးနား၊ မော်လမြိုင်၊ ကလေး၊ မြိတ်)

# မုံရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူ ဆလာအိတ်များ စွန့်ပစ်ထားသည်ကို သိမ်းဆည်း

**မုံရွာ ဇွန် ၁၉**

အိတ်များဖြင့် ထည့်ထားသော စိတ်ကြွရူးသွပ်ဆေးပြားပေါင်း တစ်သိန်းနှင့် ဘိန်းဖြူမှုန့်များပါသည့် အထုပ်ပေါင်း ၁၀၆၈ ထုပ်တို့ကို မုံရွာမြို့ ထန်းတောကန်ပတ်လမ်း ဆယ်ပေချောင်ရပ်ကွက် လမ်းပေါ်၌ ဇွန် ၁၉ ရက် နံနက် ၁၁ နာရီကျော်က ပိုင်ရှင်မဲ့တွေ့ရှိခဲ့ရာ ပိုင်ရှင်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မုံရွာနယ်မြေစခန်းမှူး ရဲအုပ်ရဲအောင်ထံမှ သိရသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်သိပြည်သူများအနေဖြင့် လမ်းတစ်လျှောက် ကိုးနေရာမှ ပါကင်ဆာလာအိတ် ၁၅ ထုပ်နှင့် အလွတ်ဆာလာအိတ်နှစ်ထုပ် စုစုပေါင်း ဆာလာအိတ် ၁၇ ထုပ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"မုံရွာမြို့ နယ်မြေရဲစခန်းအပိုင်မှာ ညောင်ကိုင်းအင်းဆိုတာ ရှိပါတယ်။ ညောင်ကိုင်းအင်းမှာနေထိုင်တဲ့အိမ်ခြေ ၄၀၀ ကျော်မှာနေတဲ့သူတွေကို မုံရွာခရိုင် ငါးလုပ်ငန်းဦးစီးက ကျူးကျော်တဲ့သူ သေချာစိစစ်တဲ့အခါ လတ်တလောရှစ်ဦးကို အမှုဖွင့်ထားပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး တပ်ဖွဲ့ဝင်တွေနဲ့အတူ ညောင်ကိုင်းအင်းထဲ စစ်ဆေးမယ် လုပ်တုန်း တာဝန်သိ ရာအိမ်မှူးရဲ့သတင်းပေးချက်အရ သွားစစ်တဲ့အခါ ဆာလာအိတ် ရှစ်ထုပ်တွေ့တယ်။ ဒါနဲ့ ပိတ်ထားတဲ့ အိတ်တွေကို ဖွင့်စစ်လိုက်တော့ အထုပ်ရေစုစုပေါင်း ငါးထုပ်ပါပါတယ်။ အားလုံးကို စစ်ဆေးလိုက်တဲ့အခါ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းရှိပါတယ်။ ပါကင်ထုပ်ကြီးတွေကို ဖွင့်စစ်လိုက်တော့ ဆပ်ပြာခွက်တွေထဲမှာ ဘိန်းဖြူအမှုန့် ပါကင်ထုပ်တစ်ထုပ်မှာ ဆပ်ပြာဘူး ၁၂ ဘူးပါတယ်။ အဲဒါတွေကို သေချာကြည့်လိုက်တဲ့အခါ ၁၁ လုံး ပါကင်ထုပ်ထားတဲ့ဘူးက ခြောက်ဘူးပါပါတယ်။ ထန်းတောရပ် မြဇီးခြံလို့လည်း နာမည်ကြီးတဲ့နားက ကျေးဇူးရှင်ဘုန်းကြီးကျောင်း အုတ်တံတိုင်းတောင်ဘက် ကပ်လျက် အရှေ့အနောက်သွားနေတဲ့ လမ်းပေါ်မှာတွေ့တာပါ။ ဒါမျိုးပဲသွားတဲ့ လမ်းကြောတစ်လျှောက် ဟိုဘက်မှာလေးအိတ်၊ ဒီဘက်မှာနှစ်ထုပ် စသည်ဖြင့် သီရိမင်္ဂလာလမ်း ပခုက္ကူ ဓမ္မာရုံနားအထိ ပစ်ချသွားတာပါ။ ကိုးနေရာခွဲ သိမ်းရပါတယ်။ လက်ရှိသိမ်းရတဲ့ အရေအတွက်ကတော့ ဆာလာအိတ် စုစုပေါင်း ၁၇ ထုပ် တွေ့ပါတယ်။ ၁၇ ထုပ်ကို ဖွင့်ဖောက်စစ်ဆေးလိုက်တဲ့အခါ ဘိန်းဖြူမှုန့်ထည့်ထားတဲ့ ဆပ်ပြာခွက် ၁၀၆၈ ခွက် စိစစ်သိမ်းဆည်းထားပါတယ်။ အလေးချိန် ချိန်တွယ်ပြီး ကာလတန်ဖိုးခန့်မှန်းပြီးတာနဲ့ ဥပဒေနဲ့အညီ ပိုင်ရှင် စုံစမ်းဖော်ထုတ်ပြီး အမှုဖွင့်အရေးယူ ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်"ဟု ရဲအုပ်ရဲအောင်က ရှင်းပြသည်။



ရှာဖွေတွေ့ရှိသည့်အိတ်များအား ရဲတပ်ဖွဲ့ဝင်များက ဖွင့်ဖောက်စစ်ဆေးစဉ်

နေရာကိုးနေရာမှ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားပေါင်း တစ်သိန်းနှင့် ဘိန်းဖြူဆပ်ပြာခွက် အထုပ်ပေါင်း ၁၀၆၈ ထုပ်တို့၏ အလေးချိန်နှင့်တန်ဖိုးများအား စိစစ်တွက်ချက်လျက်ရှိပြီး သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့် ပတ်သက်၍ ပိုင်ရှင်စုံစမ်းဖော်ထုတ် အမှုဖွင့်နိုင်ရေးကို စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# ရန်ကုန်မြို့လယ် လေယာဉ်လက်မှတ်အရောင်းဌာနတွင် လုယက်ခဲ့သူနှစ်ဦးကို ၁၂ နာရီအတွင်း ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် (၃၃)လမ်းအထက် အမှတ်(၁၉၇) မြေညီထပ်ရှိ လေယာဉ်လက်မှတ်အရောင်းဌာန (ပြည်တွင်း/ပြည်ပ) MK Travels & Tour ကုမ္ပဏီလီမိတက်တွင် ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီက လုယက်မှုဖြစ်ပွားခဲ့ရာ ပြစ်မှုကျူးလွန်သူများကို ၁၂ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် MK Travels & Tour လေယာဉ်လက်မှတ်အရောင်းဌာနတွင် မပိုးပွင့်ဖြူတစ်ဦးတည်းရှိနေစဉ် အသက် ၂၀ ခန့်ရှိ လူငယ်နှစ်ဦးက လေယာဉ်စုံစမ်းရန်ရောက်ရှိလာပြီး မပိုးပွင့်ဖြူဝတ်ဆင်ထားသော စိန်လက်စွပ် (တန်ဖိုးငွေကျပ် ၁၇၀၀၀၀)၊ MC ရွှေဟန်းချိန်း (တန်ဖိုးငွေကျပ် သိန်း ၃၀၀၀၀၀) တစ်ခုနှင့် ကုမ္ပဏီရုံးခန်းအံဆွဲအတွင်းမှ ငွေကျပ် သိန်း ၇၀ ခန့်ကို လုယက်သွားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့မှ အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးခဲ့ရာ အခင်းဖြစ်ပွားသည့်နေ့တွင် ဝန်ထမ်းတစ်ဦးရုံးတက်ခြင်းပျက်ကွက်နေပြီး ရုံး၏ CCTVကင်မရာမှတ်တမ်းတွင်လည်း ပြစ်မှုကျူးလွန်သူနှစ်ဦးအနက် တစ်ဦးအား မသင်္ကာသဖြင့် ယင်းနေ့ညနေ ၆နာရီတွင် အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ၎င်းဝန်ထမ်းဖြစ်သူ မြတ်သီဟထွန်း(ခ)သီဟအား စစ်ဆေးမေးမြန်းခဲ့၍ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူမှာ သူငယ်ချင်းဖြစ်သူ ဇွဲမာန်ဦးဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

MK Travels & Tour အရောင်းဌာနတွင်လုပ်ကိုင်၍ အလုပ်မှထွက်သွားကာလွန်ခဲ့သောသုံးလတွင် အလုပ်ပြန်လည်လုပ်ကိုင်ခဲ့သော မြတ်သီဟထွန်း (ခ)သီဟနှင့်သူငယ်ချင်းဖြစ်သူ ဇွဲမာန်ဦးတို့တွေ့ဆုံစဉ် ငွေကြေးအခက်အခဲရှိနေသဖြင့် မပိုးပွင့်ဖြူတစ်ဦးတည်းရှိနေစဉ် လုယက်ရန်ဆွေးနွေးတိုင်ပင်ခဲ့ပြီး လုယက်မှုကိုကျူးလွန်ခဲ့ခြင်းဖြစ်သည်။ လုယက်မှုကျူးလွန်ထားသော ဇွဲမာန်ဦးအား ဇွန် ၁၉ ရက် နံနက် ၁ နာရီခန့်တွင် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်ရှိ နေအိမ်တွင် ဖမ်းဆီးရမိပြီး လုယက်သွားသော စိန်လက်စွပ်တစ်ကွင်း၊ ဟန်းချိန်းတစ်ခုနှင့် ငွေစက္ကူရောရာ ငွေကျပ် ၄၅၇၂၃၀၀ တို့ကို သိမ်းဆည်းရရှိခဲ့သည်။ လုယက်မှုကျူးလွန်သူနှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ချမ်းမြသာစည်မြို့နယ်၌ သိန်း ၆၅၀ ကျော် ဖောက်ထွင်းခိုးယူသူများအား ဖမ်းဆီးရမိ

**မန္တလေး ဇွန် ၁၉**

ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက် ၇၂ လမ်း ခိုင်ရွှေဝါလမ်းနှင့် ဂေါ်သဇင်လမ်းကြား၊ ဆ-၁၀/၆၀ နေ ကိုသူရဇော် (၄၁ နှစ်) ၏နေအိမ်တွင် ဇွန် ၇ ရက် နံနက် ၇ နာရီက တံခါးများပွင့်နေပြီး ဧည့်ခန်းအတွင်းရပ်ထားသောယာဉ်မှာ မတွေ့ရှိရသဖြင့် ၎င်း၏ အိမ်နီးချင်းဖြစ်သူ ဒေါ်ဝင်းဝင်းမော်တို့က ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားခဲ့သည်။

ထိုသို့ အကြောင်းကြားသဖြင့် မန္တလေးခရိုင် ရဲတပ်ဖွဲ့၊ အမှတ်(၃)မှုခင်းတပ်ဖွဲ့ ခွဲ၊ အမှတ်(၁၁)နယ်မြေ ရဲစခန်းမှူးနှင့် အဖွဲ့တို့က အခင်းဖြစ်အိမ်အား စစ်ဆေးရာ ခြံဝင်းသံပန်းတံခါးသော့နှင့် အိမ်ဝင်ပေါက်တံခါးသော့တို့ကို Cutter ဖြင့်ဖြတ်တောက်ပြီး နေအိမ်ဧည့်ခန်းအတွင်းရပ်ထားသော MDY 4N/---- Van Guard ယာဉ်နှင့် နေအိမ် ဒုတိယထပ်အိပ်ခန်းအတွင်းမှ ရွှေထည်ပစ္စည်း ၁၇ မျိုး(တန်ဖိုး ငွေကျပ် ၉၈ သိန်း ခန့်ပါ)၊ ဇီးကော့အမျိုးအစား မီးခံသေတ္တာတစ်လုံး၊ အသုံးအဆောင်ပစ္စည်း ခုနစ်မျိုး(တန်ဖိုးငွေကျပ် ၁၀၀၄၅၀၀) စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅၈၀၄၅၀၀ တို့ ပျောက်ဆုံးနေကြောင်းတွေ့ရှိရပြီး နေအိမ်အတွင်း တပ်ဆင်ထားသော CCTV မှတ်တမ်းများအား format ချ ဖျက်ထားသည်ကို တွေ့ရှိရသည်။

အခင်းဖြစ်နေအိမ်တွင် ကိုသူရဇော်နှင့် ဇနီး ဒေါ်မြမဥ္ဇူ (၃၆ နှစ်)တို့နှစ်ဦးနေထိုင်ကြပြီး လွန်ခဲ့သောတစ်ပတ်ခန့်က ဒေါ်မြမဥ္ဇူသည် ၎င်းတို့၏ အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ကုမ္ပဏီဖွင့်လှစ်လုပ်ကိုင်သည့် ရမည်းသင်းမြို့နယ် လက်ဆည်ကန်ရပ်ကွက် ရွာတန်းလမ်းတွင် သွားရောက်နေထိုင်လျက်ရှိပြီး ဇွန် ၆ ရက် နံနက် ၇ နာရီခွဲက ကိုသူရဇော်မှာ ကုမ္ပဏီအလုပ်ကိစ္စဖြင့် ရန်ကုန်သို့ ခရီးသွားနေစဉ် ထိုသို့ ခိုးယူခံခဲ့ရကြောင်း သိရှိရသဖြင့် အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူကို ဖော်ထုတ်ဖမ်းဆီး ရမိရေး အမှုစုံစမ်းစစ်ဆေးရေး အထူးအဖွဲ့ငယ်များခွဲ၍ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆက်သွယ်ဆောင်ရွက်ခဲ့ရာ အမှုမှပျောက်ဆုံးသွားသော သက်သေခံယာဉ်မှာ ဇန်းမော်မြို့သို့ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ဇန်းမော်ခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်သို့ ဆက်သွယ်၍ သက်သေခံယာဉ်နှင့် လက်ဝယ်တွေ့ရှိသူ ဖိုးအောင်(ခ)ကိုကိုအောင်အား ဇန်းမော်မြို့နယ် မင်းကျောင်းကုန်းရပ်ကွက် သစ်တောဝင်းအတွင်းမှ ဖမ်းဆီးရမိခဲ့သည်။ ၎င်းအား စစ်ဆေးခဲ့ရာ အဆိုပါယာဉ်ကို မင်းသုခဆိုသူက မန္တလေးမြို့မှ ဇန်းမော်မြို့သို့ ယူဆောင်လာပြီး ဖိုးအောင်(ခ) ကိုကိုအောင် ပိုင်ဆိုင်သည့် YGN-2I/---- SURF(96 Model) ယာဉ်ဖြင့် အလဲအထပ်ရောင်းဝယ်ပြုလုပ်သွားကြောင်းနှင့် မင်းသုခမှာ ကျောက်ပန်းတောင်းမြို့တွင်ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ကျောက်ပန်းတောင်းမြို့မရဲစခန်းမှူးထံသို့ မင်းသုခအား ဖမ်းဆီးရမိရေး ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာ ဇွန် ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ရှိ Grand 2 Hotel တွင် မင်းသုခ(၁၈ နှစ်) ချမ်းမြသာစည်မြို့နယ်နေသူနှင့်အတူ တိုးဝေအောင်(၁၇ နှစ်) လက်ကောင်းကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူတို့အား YGN-2I/----SURF (96 Model) ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသည့် မင်းသုခနှင့် တိုးဝေအောင်တို့နှစ်ဦးအား စစ်မေးရာ ၎င်းတို့နှင့်အတူ ဟိန်းမင်းအောင် မင်းကုန်းရပ်ကွက် အကွက်(၃၇၃) ချမ်းမြသာစည်မြို့နယ်၊ ပြည့်ဖြိုး ရွှေတိုးကုန်းရပ်ကွက် အကွက်(၃၆၃) ချမ်းမြသာစည်မြို့နယ်၊ လက်ကောင်းကျေးရွာ ပုသိမ်ကြီးမြို့နယ်နေ မဲလုံး(ခ)ဆန်းထွန်းနိုင်နှင့် သီဟနိုင်(ခ) နီဂရိုး၊ ရန်ကင်း(ခ)နေထက်အောင် ရွေးစုကျေးရွာ ပုသိမ်ကြီးမြို့နယ်နေသူနှင့် ရန်ရန်တို့ပူးပေါင်း၍ ပြစ်မှုကျူးလွန်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်ရရှိသဖြင့် ၎င်းတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**


**ဖခင်အမည်မှန်**

မကွေးမြို့နယ်၊ ဘဟဲ အထက(ခွဲ) သတ္တမတန်းမှ မနေခြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးနေမျိုးဝင်း ၁၃/မဘန(နိုင်)၀၃၅၇၂၅ ဖြစ်ပါကြောင်း။

**ဦးနေမျိုးဝင်း**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက(ဝန်းသို)၊ အဋ္ဌမတန်း(D)မှ မခိုင်မာဝင်း၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း ၅/ဝသန(နိုင်)၀၃၅၇၆၅ ဖြစ်ပါကြောင်း။

**ဦးနိုင်လင်း**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ မြဟေမာရပ်ကွက်၊ ဂုန်နီစက်ရုံ၊ မုဆိုးကွင်းကျေးရွာအုပ်စုနေ ဦးစောအောင်ကျော်၏သမီး ဒေါ်လင်းလင်းမွန် ၁၄/မမန(နိုင်)၁၅၁၁၄၉ နှင့် ဒေါ်နန့်လင်းလင်းမွန်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လင်းလင်းမွန်**

**အမည်ပြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ တပင်ကောင်း(မ)ရွာနေ ဦးမြင့်ဦး၏ သမီး မစိမ်းအိမွန် ၅/ခဥန(နိုင်)၁၀၀၃၆၇ အား မသိန်းအိမွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မသိန်းအိမွန်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက(ဝန်းသို)၊ အဋ္ဌမတန်း(C)မှ မခိုင်ငြိမ်းဝေ၏ ဖခင်အမည်မှန်မှာ ဦးကြည်မောင်လွင် ၅/ဝသန(နိုင်)၀၁၄၃၈၀ ဖြစ်ပါကြောင်း။

**ဦးကြည်မောင်လွင်**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(ခ)မှ မဇင်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၇/လပတ(နိုင်)၁၂၆၅၁၃ ဖြစ်ပါသည်။

**ဦးကျော်ကျော်**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက(ဝန်းသို)၊ အဋ္ဌမတန်း(E)မှ မဇင်ပွင့်ဖြူ၏ဖခင်အမည်မှန်မှာ ဦးစိုးစိုး ၅/ဝသန (နိုင်)၀၄၄၇၄၆ ဖြစ်ပါကြောင်း။

**ဦးစိုးစိုး**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ အထက(ဝန်းသို)၊ အဋ္ဌမတန်း(D)မှ မောင်မျိုးလှိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရွှေ ၅/ဝသန(နိုင်)၀၁၁၀၅၇ ဖြစ်ပါကြောင်း။

**ဦးခင်မောင်ရွှေ**

**ဖခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး၊ အနောက်လက်ပံတန်းမြို့ အထက(၃)တက္ကသိုလ်ဝင်တန်း(က)မှ မောင်ကောင်းမြတ်ဇော်၏ ဖခင်အမည်မှန်မှာ ဦးသာချို ၁၃/ညရန(နိုင်)၀၅၇၇၉၁ ဖြစ်ပါသည်။

**ဦးသာချို**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့၊ မြနန္ဒာရပ်ကွက်နေ ဒေါ်ခင်ပြုံး ၅/ဝသန(နိုင်)၀၄၄၇၅၀နှင့် ဒေါ်ခင်ပြုံးရီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ခင်ပြုံး(ခ)ဒေါ်ခင်ပြုံးရီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ရေလဲကလေး၊ ဖြတ်တာပိုင်း၊ မအူပင် လမ်း၊ အမှတ်(၁၁၁)နေ ဦးဟုတ်စွီ(ခ)ဦးတင်ထွန်း၏သား ဦးချိန်ပို့(ခ)ဦးနိုင်ဇော် ၁၄/မအပ(နိုင်)၁၄၄၈၀၅ နှင့် ဦးနိုင်ဇော်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနိုင်ဇော်**

**ဖခင်အမည်မှန်**

ကျုံပျော်မြို့နယ်၊ ဘောဇုတ်ကျေးရွာအုပ်စု၊ ပေါင်းစုကျေးရွာ၊ ဆင်ကောင်းကြီး အထက(ခွဲ)၊ သတ္တမတန်းမှ နန့်နန္ဒာစိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးမင်းလှိုင်ဖြစ်ပါကြောင်း။

**ဦးစိုးမင်းလှိုင်**

**ငြင်းချက်ထုတ်ရန်ဆင့်စာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၇**

၁။ ဦးမိုးအောင်ထိုက် နှင့် ဦးတင်ဟန်

၂။ ဒေါ်စောသီတာ

**တရားလိုများ** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ သမိန် ဗရမ်းလမ်း၊ အမှတ် (၃၂၆)နေ တရားပြိုင်ဖြစ်သော ဦးတင်ဟန်(ယခုနေရပ်လိပ်စာမ သိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက 'ပဋိညာဉ်စာချုပ်ပါအတိုင်း တရားဝင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု' လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ်၊ ဇူလိုင် ၇ရက် (၁၃၇၉ခုနှစ် ဝါဆိုလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင်အထက်ပါရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ ဇွန် ၁၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(အောင်စန်းမောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

**ဂရန်အမည်ပြောင်းလျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၂၈)၊ သုမင်္ဂလာရပ်၊ ဦးပိုင်အမှတ် (၁၄-င)၊ မြေယာအမှတ် (46/206-A)၊ မြေဧရိယာ ဝဒသမ၁၁၉ဧကေဟုခေါ် တွင်သော ဂရန်မူနံပါတ် (၇၅၉/၉၄-၉၅)အရ ဒေါ်ခင်စော အမည်ပေါက် မြေကွက်နှင့်အကျိုးခံစားခွင့်များကို နေအိမ်ခြံမြေအရောင်းအဝယ်စာချုပ်အမှတ် (၅၇/၂၀၀၉)အရ ဝယ်ယူပိုင်ဆိုင်လက်ရှိပြုထားသူ ဦးငွေဝင်း ၁၃/ရစန(နိုင်)၀၀၁၅၈၁က ဂရန်အမည်ပြောင်း လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယနေ့မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကြည် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၄၀)**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၈၇၄၀၊ ၀၉-၂၀၄၄၁၀၃**

**မြေဂရန်သက်တမ်းတိုးလျှောက်ထားခြင်းအတွက် ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၂၈)၊ သုမင်္ဂလာရပ်၊ ဦးပိုင်အမှတ် (၁၆-ခ+၁၇-က+၁၈-က+၁၈-ခ)၊ မြေယာအမှတ် (5/200+7-A+8/204+8)၊ မြေဧရိယာ ဝဒသမ၃၁၆ဧကေဟုခေါ်တွင်သော ဂရန်မူနံပါတ် (၂၇၁/၂၀၀၁-၂၀၀၂)အရ ဗိုလ်မှူးငွေဝင်း(ငြိမ်း) အမည်ပေါက် မြေကွက်နှင့်အကျိုးခံစားခွင့်များကို ဗိုလ်မှူးငွေဝင်း(ငြိမ်း) ၁၃/ရစန(နိုင်)၀၀၁၅၈၁ က ဂရန်သက်တမ်းတိုးပေးရန် လျှောက်ထားခြင်းကိစ္စအား ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ယနေ့မှစ၍ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကြည် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၈၄၀)**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊ ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း-၀၈၅-၂၈၇၄၀၊ ၀၉-၂၀၄၄၁၀၃**

# တိုင်းဒေသကြီးနှင့် ပြည်နယ်သေနတ်ပစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၉**

နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ဇွန် ၁၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်းရှိ အပြည်ပြည်ဆိုင်ရာသေနတ်ပစ်ကွင်း၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်သည် တာဝန်ရှိသူများနှင့်အတူ အမျိုးသား အမျိုးသမီး မီတာ ၁၀ လေပစ္စတိုနှင့် အမျိုးသား အမျိုးသမီး ၁၀ မီတာ လေရိုင်ဖယ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေကြသော တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်အားပေးကြည့်ရှုခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားလေးမျိုး ကျင်းပမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲသို့ (ကရင်၊ နေပြည်တော်၊ မကွေး၊ ရခိုင်)တို့မှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အမျိုးသားပြိုင်ပွဲဝင် အသင်း ၁၀ သင်းနှင့် အမျိုးသမီးပြိုင်ပွဲဝင်အသင်း ကိုးသင်းတို့မှ စုစုပေါင်း ကစားသမား ၁၁၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်းရှိ လက်ဝှေ့အားကစားလေ့ကျင့်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး



တည်ဆောက်နေသော တိုက်ကွမ်ဒိုအားကစားရုံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ သတ်မှတ်ကာလ အချိန်မီပြီးစီးမှုအနေအထားကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုး (မြန်မာ့အလင်း)**



(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအောင်နိုင်ရေးအတွက် ပြင်ဦးလွင်-ရန်ကုန် အသွားအပြန် မိုင် ၁၀၀၀ ခရီးရှည် တစ်ကိုယ်တော်လမ်းလျှောက်သူ ဦးကျော်ကျော်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းက ရမည်းသင်းမြို့နယ်အစပ်သို့ ရောက်ရှိလာရာ မြို့နယ်တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြစဉ် (ခရိုင် ပြန်/ဆက်)

## အိုလံပစ်နေ့အထိမ်းအမှတ် တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူးပြီး တင်းနစ်အားကစားဝါသနာရှင် လူကြီး လူငယ်များအတွက် ၂၀၁၇ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် တင်းနစ်ပြိုင်ပွဲအား ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်အားကစားကွင်းတွင် ဇွန် ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် နှစ်ယောက်တွဲပြိုင်ပွဲအမျိုးအစားများ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးမှာ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်စာရင်းများကို ဇွန် ၂၂ ရက် ညနေ ၅ နာရီနောက်ဆုံးထားကာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ကွင်းတာဝန်ခံ ဖုန်း ၀၉-၂၅၀၁၈၇၀၄၀ သို့ စာရင်းပေးသွင်းရန်ဖြစ်ကြောင်း သိရသည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ရုံး ဖုန်း ၀၁-၃၈၁၀၉၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သန်းမောင် (ရန်ကင်း)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- အင်္ဂလန်နှင့် စပါးတိုက်စစ်မှူး ဟယ်ရီကိန်းသည် လာမည့်ရာသီတွင် စပါးအသင်းအတွက် ဂိုး ၅၀ သွင်းယူရန် ရည်မှန်းထားကြောင်း သိရှိရသည်။ အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သောရာသီတွင် ခြေချင်းဝတ်ဒဏ်ရာကြောင့် သုံးလလောက် ပွဲကစားခွင့်နှင့် လွဲချော်ခဲ့ရသော်လည်း စပါးအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၅ ဂိုး သွင်းယူပေးထားပြီး ရွှေဖိနပ်ဆုကိုပါ ရရှိထားသည့်အပြင် စပါးအသင်းကိုလည်း အဆင့် ၂ နေရာတွင် ရပ်တည်နိုင်အောင်စွမ်းဆောင်ပေးထားနိုင်ကြောင်း သိရသည်။
- ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသော အမ်ဘတ်ပီသည် ပြောင်းရွှေ့မှုမတိုင်ခင် ၎င်း၏ အရည်အချင်းများကို မိုနာကိုအသင်း၌ သက်သေပြသင့်ကြောင်း ဒေးဗစ်ထရေဇီဂေးက ပြောကြားသည်။ ပြီးခဲ့သောရာသီတွင် မိုနာကိုအသင်းနှင့်အတူ ထွန်းတောက်လာသော အဆိုပါ ကစားသမားသည် ပြင်သစ်လီဂူးဝမ်းချန်ပီယံရရှိအောင် စွမ်းဆောင်ပေးထားနိုင်ပြီး ချန်ပီယံလိဂ်တွင်လည်း ဆီမီးဖိုင်နယ်သို့ ရောက်ရှိအောင်စွမ်းဆောင်နိုင်မှုကြောင့် ဥရောပအသင်းကြီးများ၏ များပြားသော ငွေကြေးများဖြင့် ကမ်းလှမ်းခြင်းခံရသူဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။
- ဘာလေ့ာတယ်လီသည် လာမည့်နှစ်တွင် ကမ္ဘာ့ဖလား၌ အီတလီ ကစားသမားစာရင်းတွင် နေရာတစ်နေရာရရှိအောင် ကြိုးစားသွားမည်ဖြစ်သောကြောင့် နိုက်စ်အသင်းတွင် ဆက်လက်ရှိနေနိုင်ကြောင်း ရှိုင်အိုလာက ညွှန်းဆိုပြောကြားလိုက်သည်။ ၎င်းသည် ပြီးခဲ့သော ရာသီတွင် လီဗာပူးအသင်းမှ နိုက်စ်အသင်းသို့ ပြောင်းရွှေ့လာပြီးနောက် လီဂူးဝမ်းတွင် ၁၅ ဂိုး သွင်းယူထားကြောင်း သိရသည်။
- ဩစတြေးလျ အေ-လိဂ်ကလပ် မဲလ်ဘုန်းစီးတီးအသင်းသည် ဝီဂန်နည်းပြဟောင်း ဂျိုက်စ်ကို နည်းပြအဖြစ် ခန့်အပ်လိုက်ကြောင်း ဇွန် ၁၉ ရက် (တနင်္လာနေ့)တွင် အတည်ပြု ထုတ်ပြန်လိုက်သည်။ အသက် ၅၂ နှစ်အရွယ် အဆိုပါ နည်းပြကို ဝီဂန်အသင်းက နည်းပြအဖြစ် ခန့်အပ်ပြီး လေးလအကြာတွင် ထုတ်ပယ်လိုက်ပြီးနောက် မဲလ်ဘုန်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။



**ဇော်ဇော်**

### အမည်ပြောင်း

ဦးသန့်ဇော်ဇော်လှ ၁၂/ကမတ(နိုင်)၀၄၉၈၀၄၏ သမီး အလက(၁) ဒဂုံမြို့နယ်၊ KG(C)မှ မနှင်းသန့်နဒီလှအား မဖြူစင်သဒ္ဒါဟု ပြောင်းလဲခေါ်ပါရန်။ **မဖြူစင်သဒ္ဒါ**

### ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၆-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၂၊ ကော်လံ(၁)တွင်ပါရှိသော ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ ထပ်မံခေါ်ယူခြင်း ကြော်ငြာတွင် လျှောက်လွှာစတင်ရောင်းချမည့်ရက် ၁၉-၇-၂၀၁၇ ရက်အစား ၁၉-၆-၂၀၁၇ ရက်ဟုလည်းကောင်း၊ လျှောက်လွှာပိတ်မည့်ရက် ၁၉-၈-၂၀၁၇ရက် အစား ၁၉-၇-၂၀၁၇ ရက်ဟုလည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

### ဖခင်အမည်မှန်

အထက(၇)အလုံ ဒသမတန်းတွင် ပညာသင်ကြားနေသော မောင်မင်းဇော်နိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်းထွေး [၁၂/တတန(နိုင်)၀၈၁၆၄၇] ဖြစ်ပါသည်။ **ဦးစန်းထွေး**

### ဖခင်အမည်မှန်

ဟုမ္မလင်းမြို့နယ်၊ ထမံသီ(အထက) ကျောင်းဝင်အမှတ်(၈၀၀၈)မှ မောင်ဉာဏ်လင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၅/ဟမလ(နိုင်)၀၆၆၃၈၄ ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း**

### မိခင်အမည်မှန်

မိုးညှင်းမြို့နယ် (အမက)ဗိုလ်တဲစု စတုတ္ထတန်းမှ မနွယ်ရီဦး၏ မိခင်အမည်မှန်မှာ ဒေါ်ရီရီစိန် ၁/မညန(နိုင်)၁၆၁၁၆၅ ဖြစ်ပါသည်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် GG/9287 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ ဝှေလုံ(မူလွန်) သတ္တမတန်းမှ မောင်မာယော်၏ ဖခင် အမည်မှန်မှာ ဦးမောင်ဝင်း ၁/မညန(နိုင်)၀၉၀၈၆၈ ဖြစ်ပါသည်။

### မိခင်အမည်မှန်

တနိုင်းမြို့နယ် (အထက) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ဘုန်းသက်ညီ၏ မိခင်အမည်မှန်မှာ ဒေါ်ကြည်ကြည်သွင် ၁/တနန(နိုင်)၀၁၂၀၆၉ ဖြစ်ပါကြောင်း။ **ဒေါ်ကြည်ကြည်သွင်**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/8860 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

### အမည်ပြောင်း

ဦးမျိုးဝင်း၏သမီး ပေါင်မြို့နယ် အထက(မုတ္တမ)ဆဋ္ဌမတန်းမှ မအေးသီရိဝင်းအား ယနေ့မှစ၍ မအေးအေးသင်းဟု ပြောင်းလဲခေါ်ပါရန်။ **မအေးအေးသင်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးမြို့၊ စိန်ထွန်းရပ်ကွက်၊ ပေါ်ဦးလမ်းနေ ဦးစောနိုင်လင်း-ဒေါ်မျိုးမျိုးတို့၏သား အထက(၃) အဋ္ဌမတန်း(B)မှ မောင်ဘုန်းသုခမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးသန်းဇော် ၁၄/ဘကလ(နိုင်)၃၂၂၉၇၉ ၏ ဒုတိယတန်းစားရေယာဉ်အုပ်လက်မှတ် စမဒ(နံပါတ်မမှတ်မိ/၂၀၁၆)နှင့် သင်္ဘောသားလုပ်သက်စာအုပ်(ရန်-၇၆၁/၂၀၀၃)တို့မှာ ၂၀၁၇ ခုနှစ် မေလ၌ ရန်ကုန်မြစ်အတွင်း ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၄၅၁၃၅၈

(၁၀) တန်းရာနှုန်းပြည့်အောင်မြင်လိုသူများအတွက်
PNY EC ပညာရှာ အဆင့်မြင့်ဘော်ဒါ
Repeater တန်းခွဲ ဖွင့်ပြီ။
အမှတ်(ရရ)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
: 09-505 5412,09-965055412, 01-510367

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဃ/၄၃၉၂၂ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၇/ရတရ(နိုင်)၀၇၉၇၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ဆွေမျိုးများနှင့် မိတ်ဆွေများသိစေရန်

မြင်းခြံမြို့၊ (၂)ရပ်ကွက်နေ ဦးဝင်းကြည်-ဒေါ်ရီရီမြင့်တို့၏သား မောင်ချစ်သူမောင် ၉/မခန(နိုင်)၁၄၄၉၉၃သည် မိဘများ၏စကားအားလုံးဝနားမထောင်ပါသဖြင့် မောင်ချစ်သူမောင်နှင့်ပတ်သက်သည့် ကိစ္စအဝဝကို ဦးဝင်းကြည်-ဒေါ်ရီရီမြင့်တို့မှ လုံးဝ တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေး အပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်းကြည်**
**၉/မခန(နိုင်)၁၇၅၇၄၃**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန
### (နေပြည်တော်)
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်တွင် ကျောင်းပြင်ပနှင့်တစ်သက်တာပညာ ဦးစီးဌာနအတွက် လိုအပ်သည့် ရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုပ်မြင်သံကြားစက်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ
(ခ) ရုံးသုံးယာဉ်များ
(ဂ) ရုံးသုံးစက်ပစ္စည်းများ
(ဃ) ရုံးသုံးပရိဘောဂများ

**တင်ဒါပိတ်ရက်** - ၂၀-၇-၂၀၁၇ရက် ညနေ ၃နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်တွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါသည်။ website ဖြစ်သော dae.moe-st.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၃၀၄၉၈၊ ၀၆၇-၄၃၀၄၉၉၊ ၀၉-၂၁၅၀၇၁၄**

### ပြင်ဆင်သတ်မှတ်ခြင်း

ဆေးတက္ကသိုလ်(၁)ရန်ကုန်၏၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဖြည့်စွက်လုပ်ငန်းများအတွက် အိတ်ဖွင့် တင်ဒါများကိုနောက်ဆုံးပေးသွင်းရန်အတွက် ၇-၆-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၄)တွင် ပါရှိသောမူလသတ်မှတ်ထားသည့် ၂၁-၆-၂၀၁၇ ရက်အစား ၇-၇-၂၀၁၇ ရက်သို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။ **တင်ဒါကော်မတီ**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်မည့် Box-Culvert(၁၄၄)စင်းတည်ဆောက်ခြင်း လုပ်ငန်းအတွက် ဘိလပ်မြေ၊ သဲ၊ ကျောက်စရစ်၊ အုတ်၊ သံချောင်းလုံးအပါအဝင် လုပ်ငန်းသုံးပစ္စည်း (၁၀)မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ရောင်းချလိုသူများအနေဖြင့်တင်ဒါအာမခံကြေးပေးသွင်းပြီး ၂၀-၇-၂၀၁၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရုံးသို့လာရောက်၍ တင်ဒါတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၂၀-၆-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၅၆-၃၀၀၃၆**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ခရမ်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပြန်ကြားရေးဝန်ကြီးဌာန
### ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနအတွက်
### ရုံးသုံး၊ လုပ်ငန်းသုံး၊ ပရိဘောဂပစ္စည်းများဝယ်ယူရန်
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနအတွက် ရုံးသုံး၊ လုပ်ငန်းသုံး၊ ပရိဘောဂပစ္စည်းများကို ပြည်တွင်းသုံး မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | Locker (၃)ဆင့်(1' x 3' 4"x 2') | 1 No |
| ၂ | အရာရှိစာရေးစားပွဲ(5'x3')ကုလားထိုင်(လက်တန်းပါ) | 1 Set |
| ၃ | စာရေးစားပွဲ(4'x3')ကုလားထိုင်(လက်တန်းပါ) | 1 Set |
| ၄ | လက်တန်းမပါ ကုလားထိုင် | 10 Nos |
| ၅ | လက်တန်းပါ ကုလားထိုင် | 7 Nos |
| ၆ | သံဗီရို(3' x 6' x 1' 6") | 2 Nos |
| ၇ | Meeting Table U ပုံ 19' x 11' | 1 No |
| ၈ | ထိုင်ခုံ(သစ်သား၊လက်တန်းပါ) | 22 Nos |
| ၉ | အရာရှိစားပွဲ(5' x 3' x 2' 6") | 6 Nos |
| ၁၀ | ဗီရို(သစ်သား)(3' x 6') | 10 Nos |
| ၁၁ | ဗီရို(သံစင်)(3' x 6') | 4 Nos |
| ၁၂ | ပလတ်စတစ်ထိုင်ခုံ လက်တင်ပါ | 150 Nos |
| ၁၃ | ဖိုင်တင်စင် (3' x 1'6"x3') | 6 Nos |
| ၁၄ | ဆုံလည်ကုလားထိုင် | 2 Nos |
| ၁၅ | Sitetable (1'6" x 1'x1'6") | 5 Nos |
| ၁၆ | Locker Box (6' x 4')(18) ပေါက်Model 3L B6 | 2Nos |
| ၁၇ | နံရံကပ်စာအုပ်စင်(အလျား 4' x အမြင့် 7') | 18 Nos |
| ၁၈ | နံရံကပ်စာအုပ်စင်(အလျား 3'x အမြင့် 7') | 2 Nos |
| ၁၉ | စာမြည်းရန်ထိုင်ခုံ | 20 Nos |
| ၂၀ | နံရံကပ်စာအုပ်စင်(4' x 1'x6') | 9 Nos |
| ၂၁ | ဂိုးလှော့ရှီးကေ့စ်(မှန်)(6' x 3'x5") | 3Nos |
| ၂၂ | ဗီရို(အကြီး)(3'6" x 1'6"x 6') | 5Nos |
| ၂၃ | ဗီရို(အသေး)(3'1" x 1' 6" x 5') | 1 No |

အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၆-၂၀၁၇ ရက်မှ ၁၈-၇-၂၀၁၇ ရက်အထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင် ၂၀၀၀ိ/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရမည်။

၃။ ဈေးနှုန်းမပါသော Specification & Catalogue များကို ၂၀-၇-၂၀၁၇ရက်မှ ၂၄-၇-၂၀၁၇ရက်အထိ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၀၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန၊ စီမံရေးရာဌာန၊ ရုံးအမှတ်(၇)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၀၃၊ ၀၆၇-၄၁၂၂၀၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| **တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ** | **တင်ဒါတင်သွင်းရန်လိပ်စာ** |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် |
| ပြန်ကြားရေးဝန်ကြီးဌာန | ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)စီမံရေးရာဌာန၊နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၂၀၃၊၀၆၇-၄၁၂၂၀၅ | ရုံးအမှတ်(၇)၊ နေပြည်တော် |
| | ဖုန်း-၀၆၇-၄၁၂၃၉၀ |



# မန္တလေးမိုးလေဝသရေဒါစခန်းဖွင့်လှစ်ရန် ရာနှုန်းပြည့်ပြီးစီး

**ရန်ကုန် ဇွန် ၁၉**

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(ဂျိုက်ကာ)၏ အကူအညီဖြင့် မန္တလေးမြို့၌ တည်ဆောက်လျက်ရှိသော မိုးလေဝသရေဒါစခန်းမှာ ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီမိုးလေဝသရေဒါစခန်းတည်ဆောက်မှုမှာ ၂၀၁၇ ခုနှစ် မေလကုန်အထိ တည်ဆောက်မှုအပိုင်း ရာနှုန်းပြည့်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ မကြာမီ ဖွင့်လှစ်သွားနိုင်ဖို့ ခန့်မှန်းထားပါတယ်။ ယခုအချိန်မှာတော့ မိုးလေဝသတိုင်းတာရေး ပစ္စည်းကိရိယာတွေ တပ်ဆင်မှုအပိုင်းနဲ့ ကျွမ်းကျင်ဝန်ထမ်းတွေ ဆက်လက်လေ့ကျင့် သင်ကြားပေးရေးအပိုင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပြောသည်။

ဂျိုက်ကာက မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် အထောက်အကူပြုနိုင်မည့် မိုးလေဝသရေဒါစခန်းသုံးခုကို တည်ဆောက်လှူဒါန်းခဲ့ရာ ကျောက်ဖြူရေဒါစခန်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း၊ ရန်ကုန် မိုးလေဝသရေဒါစခန်းကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် လည်းကောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ ရေဒါစခန်းသုံးခုစလုံး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းကြောင့် ဒေသတွင်း မိုးလေဝသအခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာပေးနိုင်မည်ဖြစ်၍ သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးအတွက် များစွာအထောက်အကူ ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ရန်ကုန်မြို့၌ ကျင်းပသော အာဆီယံမိုးလေဝသအလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

မုန်တိုင်းများဖြစ်ပေါ်ခြင်း၊ မြေလျှောင်လှုပ်ခြင်း၊ ရေကြီးခြင်းစသော သဘာဝဘေး ဆိုင်ရာခတ်ပုံများ ထုတ်ပြန်ပေးနိုင်မည်ဖြစ်၍ သဘာဝဘေးဖြစ်ပေါ်ရာ ဒေသများ၌ ကြိုတင်သတိပေးရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ထိရောက်စွာ ဆောင်ရွက် သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခေတ်မီမိုးလေဝသဆိုင်ရာ ပစ္စည်းများအသုံးပြုလာနိုင်သည်နှင့်အမျှ ထိရောက်သော မိုးလေဝသခန့်မှန်းတွက်ချက်မှုများ အားကောင်းလာပြီး သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် များစွာအထောက်အကူပြုလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ဇင်းကျိုက်မြို့မဈေး နေရာသစ်ပြန်လည်ပြောင်းရွှေ့နိုင်ရေး မွန်ပြည်နယ် ဝန်ကြီးချုပ်ဒေါက်တာအေးဇံနှင့်အဖွဲ့ ဒေသခံများနှင့်တွေ့ဆုံ

**ပေါင် ဇွန် ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့သို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဇွန် ၁၈ ရက်က ရောက်ရှိပြီး ဇင်းကျိုက်မြို့ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့မဈေးနေရာသစ် ပြန်လည်ပြောင်းရွှေ့နိုင်ရန်အတွက် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် လာရောက်တွေ့ဆုံ မေးမြန်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇင်းကျိုက်မြို့မဈေးအား နေရာသစ်သို့ ပြောင်းရွှေ့နေရာချထားရေး ပြည်သူများ၏ သဘောထားအမြင်များကို တောင်းခံခဲ့ပြီး အုပ်ချုပ်ရေးမှူးများ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက ၎င်းတို့၏ဆန္ဒသဘောထားအမြင်များကို တင်ပြကြပြီး တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အတူ ပြည်နယ်စည်ပင်သာယာရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးမင်းကျော်လွင်၊ ပြည်နယ်စည်ပင်သာယာမှ တာဝန်ရှိသူများသည် မြို့မဈေးသစ် ပြောင်းရွှေ့မည့် ဆားဖိုစုရပ်ကွက်သို့ သွားရောက်၍ မြေပြင်အနေအထား၊ ဇင်းကျိုက်ရေတံခွန် အပန်းဖြေစခန်းသို့ လာရောက်အပန်းဖြေမည့်သူများ အန္တရာယ်ကင်း ပျော်ရွှင်စွာ အပန်းဖြေနိုင်စေရန် ပြင်ဆင်ထားမှုများကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ကိုဟိန်း(ပေါင်)**

# ဖီးကုန်းမြို့ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနှင့် အထိမ်းအမှတ် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းပြီးစီး

**ဖီးကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ဖီးကုန်းမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု၊ အာဇာနည် ရင်ပြင်နှင့် အထိမ်းအမှတ် ပန်းခြံတည်ဆောက်ရေးလုပ်ငန်းများကို မေလဆန်းမှ စတင် တည်ဆောက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

ဖီးကုန်းမြို့ ရန်ကုန်-ပြည်ကားလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ ယခင်စည်ပင် သာယာ ပန်းခြံဝန်းအတွင်း အကျယ် (၁၀၂×၉၀) ပေ၊ အမြင့် ကိုးပေရှိဗိုလ်ချုပ်အောင်ဆန်း ရုပ်တုနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်တုများကိုထားရှိမည့် အာဇာနည် ရင်ပြင်နှင့် ပန်းခြံဖြစ်မြောက်ရေးတို့အတွက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ကြေးရုပ်တုနှင့် ရင်ပြင်အတွက် အထွေထွေကုန်ကျငွေ စုစုပေါင်းငွေကျပ် သိန်း ၇၀၀ ခန့် ကုန်ကျမည်ဖြစ်ရာ ရန်ကုန်-ပြည်ကားလမ်းဘေး ဗိုလ်ချုပ်ရုပ်တု ပြုလုပ်မည့် ပန်းခြံရှေ့ အလှူခံမဏ္ဍပ်သို့လည်းကောင်း၊ ဗိုလ်ချုပ်ရုပ်တုဘဏ္ဍာ ရှာဖွေရေးကော်မတီ ဖုန်း ၀၉-၅၃၆၇၄၆၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ဇူလိုင် ၁၀ ရက်တွင် ဗိုလ်ချုပ်ရုပ်တု အား မန္တလေးမြို့သို့ သွားရောက်ယူဆောင်၍ အာဇာနည်နေ့အမီ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ **ကိုသက်(ဖီးကုန်း)**



နိုင်ငံတော်မှ အသက်(၉၀)နှစ်အထက် အဘိုးအဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးရာ ပြီလမှ ဇွန်လအထိ သုံးလစာကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ် ရေးမှူးများက ဘိုးဘွားများထံ အိမ်တိုင်ရာရောက် ချီးမြှင့်ပေးရာ ဇွန် ၁၈ ရက်တွင် ပုစွန်တောင်မြို့နယ် (၂)ရပ်ကွက်မှ အသက် (၉၄)နှစ်အဘွား ဒေါ်မြသန်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်စဉ် လှလှ

# မိုင်းယန်းမြို့နယ်၌ အားကစားပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲများ ကျင်းပ

**မိုင်းယန်း ဇွန် ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ်၌ TSDP အစီအစဉ်အရ ဇွန် ၁၇ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၊ ကြက်တောင်၊ ပိုက်ကျော်ခြင်းပြိုင်ပွဲအခမ်းအနားကို မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်လူမှုရေး ဝန်ကြီးဒေါက်တာမျိုးထွန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ဇွန် ၁၈ ရက်တွင် မီနီမာရသွန်ပြိုင်ပွဲကျင်းပရာ ကျောင်းသား၊ ကျောင်းသူ ၁၅၂ ဦးခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပထမ၊ ဒုတိယ၊ တတိယဆုအပြင် နှစ်သိမ့်ဆုပေါင်း ၁၀၀ ကို ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများအား ပြည်နယ်လူမှု ရေးဝန်ကြီးနှင့် တာဝန်ရှိသူများကဆုများ ချီးမြှင့်ပေးခဲ့ကြသည်။

ဆက်လက်၍ လူမှုရေးဝန်ကြီးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံရပ်မိရပ်ဖများ၊ ကျန်းမာရေး ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံခဲ့သည်။ အဆိုပါတွေ့ဆုံပွဲတွင် လူမှုရေးဝန်ကြီးသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ် ဝင်တန်းကို ဖြေဆိုအောင်မြင်ခဲ့သော တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား ကျောင်းသူ လေးဦးအား ဆုငွေကျပ်တစ်သိန်းစီနှင့် ရိုးရိုးအောင်မြင်သော ကျောင်းသား ကျောင်းသူ ခြောက်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၀ ဦးတို့ကို ဆုငွေများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းမဘေး၌ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**ဘီးလင်း ဇွန် ၁၉**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေရောင်ပြတောင်ခြေ ရွှေရောင်ပြစေတီ မုခ်ဦးအနီး၌ ရန်ကုန် - မော်လမြိုင် အဝေးပြေးကားလမ်းမဘေးတွင် စင်ကာပူ ခဲမောက်ဆရာတော် ဦးဆောင်မှုဖြင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ပထမအကြိမ် သစ်ပင်စိုက်ပျိုး ပွဲတော်ကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် ဆရာတော်ကြီးက "သစ်ပင်စိုက်ရတာ လွယ်ပြီး ရှင်သန်အောင် ပြုစုပျိုးထောင်ရတာ ခက်ခဲပါတယ်။ သစ်ပင်တွေကို ချစ်မြတ်နိုးတဲ့စိတ်နဲ့ လုပ်ဆောင် ဆောင်မယ်ဆိုရင် အောင်မြင်မှာပါ"ဟု မိန့်ကြားပြီး ဒေသခံ တိုင်းရင်းသားပြည်သူ လေးရာကျော်ဖြင့် ကျွန်း၊ မဟော်ဂနီအပါအဝင် သစ်ပင်ပေါင်း တစ်ထောင်ကျော် စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ သစ်ပင်စိုက်ပျိုးပွဲတော်သို့ ဘီးလင်းမြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ပအိုဝ်း၊ ကရင်တိုင်းရင်းသားများ က စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး

**သုံးခွ ဇွန် ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ညောင်နီကျေးရွာ အရှေ့ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာနေ ပြည်သူများ၊ ဆိုင်ကယ်ကယ်ရီယာဉ်မောင်းများအား ဇွန် ၁၈ ရက်က ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေး ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ယာဉ်ထိန်းတပ်ဖွဲ့စု(၆၁)ယာဉ်ထိန်း ခေတ္တ တပ်ဖွဲ့စုမှူး ရဲအုပ်စန်းလွင်၊ ဒုတပ်ကြပ် ကျော်ကျော်ခိုင်၊ ဒုတပ်ကြပ်မျိုးမင်းဇော်တို့က ယာဉ် အန္တရာယ်ကင်းဝေးစေရေး၊ ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်း ပပျောက်စေရေးအတွက် လိုက်နာရမည့်အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

(၀၂၈)

# အင်း၊ အိုင် ငါးထုတ်လုပ်မှုလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေး

## ဝင်းကြိုင်(ငါးလုပ်ငန်းအဖွဲ့ချုပ်)

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ တိုင်းရင်းသားလူမျိုးများသည် ရှေးယခင်ကပင် သဘာဝ (အင်း၊ အိုင်၊ မြစ်၊ ချောင်း) များမှ ဖမ်းယူရရှိသည့် အမျိုးမျိုးသော ရေချိုငါးများကို အဓိကထား၍ နှစ်သက်ခုံမင်စွာ စားသုံးခဲ့ကြပါသည်။ မြန်မာတို့၏ ရိုးရာငါးစားသုံးမှု ပုံစံအမျိုးမျိုးတွင် ရေချိုငါး၊ ပုစွန်များကို ဟင်းအဖြစ် ချက်ပြုတ်စားသုံးခြင်းသာမက ရေချိုငါးပိ၊ ငါးခြောက်၊ ငါးချဉ်၊ မျှင်ငါးပိ၊ ငါးပိကောင်၊ ငါးဆားနယ်၊ ငါးကြပ်တင်၊ ပုစွန်ခြောက်၊ ပုစွန်ချဉ်နှင့် ငါး၊ ပုစွန်ငံပြာရည်တို့အဖြစ် ပြုပြင်ထုတ်လုပ်သည့် ရေထွက်စားသောက်ကုန်များကိုလည်း လူတိုင်းကြိုက်နှစ်သက်ကြပါသည်။

ကမ်းရိုးတန်းဒေသများတွင် နေထိုင်သူများမှလွဲ၍ ကုန်းတွင်းနှင့်တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများသည် ပင်လယ်ပြင်မှ ဖမ်းယူရရှိသောငါးများကို ကြိုက်နှစ်သက်ခြင်းမရှိဘဲ ရေချိုငါး ၊ ပုစွန်များကိုသာ အဓိကထား စားသုံးလေ့ရှိကြသောကြောင့် တစ်ချိန်က သတင်းစာများမှနေ၍ **“ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်”** ဆိုသည့် ဆောင်ပုဒ်ဖြင့် ပင်လယ်ငါးများစားသုံးကြရန် လှုံ့ဆော်ခဲ့ရဖူးပါသည်။

မြန်မာတို့သည် မြန်မာနိုင်ငံ၏ကုန်းတွင်း အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ ထုတ် ယူရရှိသော ရေချိုငါး၊ ပုစွန်အမျိုးမျိုးကို စားသုံးမှုပုံစံအမျိုးမျိုးဖြင့် ယခင်ရော ယခုပါ နှစ်သက်စွာ စားသုံးနေကြပြီး ဆက်လက်၍လည်း စားသုံးနေကြမည် ဖြစ်ပါသည်။

**ထုတ်လုပ်မှုကျဆင်းလာခြင်း**

မြန်မာနိုင်ငံအနေဖြင့် ယခင်က သဘာဝပတ်ဝန်းကျင်ကောင်းများအပေါ် တည်မှီ၍ ငါး၊ ပုစွန်များ ပေါများကြွယ်ဝခဲ့သော်လည်း ယခုအချိန်ကာလတွင် ပြောင်းလဲလာသော အောက်ဖော်ပြပါ သဘာဝပတ်ဝန်းကျင် အခြေအနေများ ဖြစ်သည့် -

(၁) အင်း၊ အိုင်၊ မြစ်၊ ချောင်းများ တိမ်ကောလာမှုကြောင့်လည်းကောင်း၊
(၂) စိုက်ပျိုးမြေများ တိုးချဲ့လာမှုကြောင့်လည်းကောင်း၊
(၃) စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအမျိုးမျိုးကြောင့်လည်းကောင်း၊
(၄) လူဦးရေတိုးတက်လာမှုနှင့် မြို့ပြကျေးရွာများ တိုးချဲ့တည်ဆောက်လာမှုများကြောင့် လည်းကောင်း၊
(၅) ငါးဖမ်းဆီးသူဦးရေနှင့် ငါးဖမ်းကိရိယာများ တိုးတက်လာမှုကြောင့်လည်းကောင်း၊
(၆) စက်ရုံ၊ အလုပ်ရုံများ၊ကျောက်မျက်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ၏ ဓာတုပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့်လည်းကောင်း၊
(၇) ငါးမျိုးသုဉ်းအောင်ဖမ်းဆီးနေသည့် ငါးဖမ်းနည်းများဖြစ်သော ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ ငါးရစ်-ငါးသန်ဖမ်းဆီးခြင်း၊ အဆိပ်သုံး၍ ငါးဖမ်းခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်းစနစ်များကြောင့် လည်းကောင်း၊
(၈) ငါးနေ၊ ငါးထိုင် ကျက်စားသည့်နေရာများနှင့် ငါးတက်၊ ငါးဆင်းလမ်းများ၊ ရေစီးရေလာလမ်းများ ပျက်စီးခြင်းကြောင့် လည်းကောင်း၊
(၉) ငါးများပေါက်ပွားကြီးပြင်းရာ ဒီရေတော၊ ငါးနေ ငါးထိုင်တောနှင့် သစ်တောများ ပျက်စီးဆုံးရှုံးမှုများကြောင့် လည်း ကောင်း၊
(၁၀) ရာသီဥတုများ ဖောက်ပြန်ပြောင်းလဲလာမှုကြောင့် လည်းကောင်း၊ သဘာဝအခြေခံ ငါးထုတ်လုပ်မှုလုပ်ငန်းများ တဖြည်းဖြည်းလျော့နည်းကျဆင်းလာနေပါသည်။

**ထိန်းသိမ်းစောင့်ရှောက်ခြင်း**

သဘာဝပတ်ဝန်းကျင်တွင် ငါးများပေါများစေသည့် အခြေခံကျသော အချက်နှစ်ချက်ရှိပါသည်။ ပထမအချက်အနေဖြင့် ငါးရစ်ငါးများလွတ်လပ်စွာ ပေါက်ပွားခွင့်ရရှိစေမည့် ငါးရစ် လိုက်မည့်ကွင်း (Spawning ground) များ ရှိစေရန်နှင့် ဒုတိယအချက်မှာ ပေါက်ပွားလာသော ငါးမှုန်၊ ငါးသန်များ ရှင်သန်ကြီးပြင်းစေရန် ငါးနေ၊ ငါးထိုင် (Habitat) ရေပြင်ကျယ်ကွင်းကြီးများ၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်များရှိမှသာ ထိုသဘာဝအခြေအနေပေါ်တွင် တည်မှီ၍ ငါး၊ ပုစွန်များ ပေါကြွယ်ဝမည်ဖြစ်ပါသည်။

တိုးတက်လာသည့် နိုင်ငံလူဦးရေနှင့် တဖြည်းဖြည်းကျဆင်းလာနေသော အင်း၊ အိုင်ငါးထုတ်လုပ်မှုများကို အစားထိုးရန် ခေတ်မီရေချိုငါးမွေးမြူရေးလုပ်ငန်းများက တစ်စထက်တစ်စ တိုးချဲ့၍ နေရာယူလာပြီဖြစ်သော်လည်း အင်း၊ အိုင်ငါးထုတ်လုပ်မှုလုပ်ငန်းများ ပျောက်ကွယ်မသွားစေရန်နှင့် ထုတ်လုပ်မှုဆိုင်ရာ တည်ငြိမ်မှုရရှိစေရန် နည်းလမ်းကောင်းများရှာ၍ သဘာဝ အင်း၊ အိုင်၊ မြစ်၊ ချောင်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရမည် ဖြစ်ပါသည်။

**လိုက်နာကျင့်သုံးခြင်း**

မြန်မာနိုင်ငံ၏ ကုန်းတွင်း မြစ်၊ ချောင်း၊ အင်း၊ အိုင်များကို ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းများအနေဖြင့် နည်းလမ်းအမျိုးမျိုးရှိသော်လည်း ထိရောက်မှုနှင့် အောင်မြင်မှုများ ရရှိသည့်နည်းလမ်း (၃) ရပ်ဖြစ်သည့် -

(၁) အင်း၊ အိုင်၊ မြစ်၊ ချောင်းများကို မကြာခဏ တူးဖော်ပြုပြင်ပေးခြင်း၊
(၂) အင်း၊ အိုင်များကို ငါးမွေးကန်ကြီးများကဲ့သို့ သဘောထား၍ ငါးသားပေါက်များ ထည့်သွင်းမွေးမြူခြင်း (Culture Based Capture Fisheries) နှင့်
(၃) သဘာဝအင်း၊ အိုင်များအတွင်း ငါးထုတ်လုပ်မှု တိုးတက်စေရန် အင်းအတွင်းရှိ ငါးအားလုံး ဖမ်းဆီးခြင်းမပြုဘဲ မျိုးငါးချန်လှပ်ဖမ်းဆီးခြင်း (Capture Based Culture Fisheries) စသည့်လုပ်ငန်းများကို မဖြစ်မနေ လိုက်နာဆောင်ရွက် ကျင့်သုံးကြရမည် ဖြစ်ပါသည်။

> **သို့ပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံ၏ ကုန်းတွင်းငါးထုတ်လုပ်မှုလုပ်ငန်းများသည် တဖြည်းဖြည်းလျော့နည်းကျဆင်းလာနေပြီး အချို့ငါးမျိုးစိတ်များမှာ ရှားပါး၍ မျိုးသုဉ်းမည့် အခြေအနေသို့ ရောက်ရှိနေပါသည်။ အင်း၊ အိုင်လုပ်ငန်းများမှ နိုင်ငံတော်အတွက် အခွန်အခများ နှစ်စဉ်တိုးမြှင့် ရရှိနေပါသော်လည်း ထုတ်လုပ်မှုအပိုင်းတွင် တစ်နှစ်ထက်တစ်နှစ် လျော့ကျလာနေ**

**အစာမကုန်သောငါးမွေးခြင်း**

သဘာဝပတ်ဝန်းကျင်တွင် ငါးများသည် အစာကျွေးရန် လုံးဝမလိုအပ်ဘဲ သဘာဝအစာကိုသာ စားသုံး၍ ကြီးပြင်းလာကြခြင်းဖြစ်ပါသည်။ သဘာဝရေပြင်သည် ငါးများအတွက် အစာပေါများသော နေရာဒေသဖြစ်သောကြောင့် သဘာဝတွင် ငါးပေါများလာရန် ဆောင်ရွက်ခြင်းမှာ ထုတ်လုပ်မှု ကုန်ကျစရိတ်သက်သာစေသော ငါးထုတ်လုပ်မှု ဖြစ်ပါသည်။ နိုင်ငံ၏ တိုးတက်လာသောလူဦးရေ၊ လျော့ကျလာသော ကုန်းတွင်း ငါးထုတ်လုပ်မှုနှင့် ငါး၊ ပုစွန်မျိုးစုံ တင်ပို့ခြင်းမှ ရရှိနေသော နိုင်ငံခြားဝင်ငွေများ အပေါ်တည်မှီ၍ သိပ္ပံနည်းကျ ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ရန် လိုအပ်လျက်ရှိသော်လည်း ငါးမွေးမြူရေးလုပ်ငန်းသည် အရင်းအနှီးများ၍ ရေရှည်တွင် အစာအတွက် အခက်အခဲ ရှိနေပါသည်။ ငါးမွေးမြူရေးလုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းသော ကုန်ကျမှုသည် အစာ၏ ကုန်ကျစရိတ် ဖြစ်နေပါသည်။ **အင်း၊ အိုင်များမှ ရရှိသော ငါးများသည် သဘာဝရေပြင်တွင် ပေါက်ပွားလာသော သဘာဝအစာများကိုသာ စားသုံးကြသောကြောင့် အစာအတွက် ကုန်ကျစရိတ် လုံးဝမလိုအပ်သော ငါးမွေးမြူခြင်းပင် ဖြစ်ပါသည်။**

**ငါးလွှတ်မွေးမြူသည့်စနစ်**

သဘာဝအရ ငါးမွေးကန်ကြီးများကဲ့သို့ ဖြစ်ပေါ်လျက်ရှိသည့် အင်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ရသည့် အင်းလုပ်ငန်းရှင် တချို့သည် အင်း၏ငါးထုတ်လုပ်မှု တိုးမြင့်လာရန် လသားအရွယ်ငါးသန် သားပေါက်များကို မျိုးစိုက်ထည့်သွင်းပေး သည့်အပြင် အဖတ်တင်နှုန်းပိုမိုကောင်းမွန်ပြီး ကြီးထွားမှုပါကောင်းစေမည့် သက်တမ်းရင့် တစ်နှစ်သား ငါးဖြန်းများဖြစ်သည့် **ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ ငါးကြင်းဖြူ၊ တီလားပီးယားနှင့် ငါးခုံးမကြီး** ငါးမျိုးများကို ငွေရင်းများစိုက်ထုတ်ပြီး အင်းများအတွင်းသို့ ထည့်သွင်းမွေးမြူနေကြပါသည်။ ငါးထုတ်လုပ်မှု အပိုင်းအနေဖြင့် **“အကြီးဖမ်းဆီး၊ အသေးချန်လှပ်၊ သားပေါက်ထပ်ထည့်”** စနစ်ဖြင့် ထုတ်လုပ်လျက်ရှိကြပါသည်။

အထက်မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးကန်များကဲ့သို့ သဘောထား၍ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ ငါးခုံးမကြီးစသည့် ငါးသားပေါက်များ ထည့်သွင်းမွေးမြူနေကြသော အင်းများမှာ မန္တလေးတိုင်းဒေသကြီးတွင် တောင်သမန်အင်း၊ တက်သေးအင်း (မန္တလေးကန်တော်ကြီး)၊ ပလိပ်အင်း၊ စွန်ရဲအင်း၊ မြစ်တူးမြစ်စွတ်အင်း၊ လက်တောင်းအင်း၊ စကျင်အင်းများဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ကောင်းမှုတော်အင်း၊ ပေါက်အင်းများ ဖြစ်ကြပါသည်။ (ဆောင်းပါးရေးသားတင်ပြချိန်တွင် တောင်သမန်နှင့် တက်သေးအင်းများ၏ ငါးမွေးမြူထုတ်လုပ်ခွင့်ကို ရပ်ဆိုင်းခဲ့ပြီးဖြစ်ပါသည်) မြန်မာနိုင်ငံအောက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးတွင် အင်းရဲကြီးအင်း၊ ရှားခဲအင်း၊ ဒူးယားအင်း၊ တဘူးအထက်အင်း၊ ရင်အေးကြီး၊ ရင်အေးလေး (ငြိမ်းအေးကြီး၊ ငြိမ်းအေးလေး)၊ အကွီ ၆-ဂရံအင်း၊ သပြုလေးအင်း၊ ငါးသိုင်းချောင်း မြစ်ကျိုးအင်း၊ အိပ်ပျက်အင်းနှင့် ပဲခူးတိုင်းဒေသကြီးတွင် အသရော်အင်း၊ ကျုံအိပ်ပဲဘုအင်း၊ အင်းမအင်းနှင့် အဘောကြီးအထက် အင်းစသည့် အင်းများသည် ငါးထည့်သွင်းမွေးမြူခြင်းကြောင့် ထုတ်လုပ်မှု အထူးအောင်မြင်နေသော အင်းများဖြစ်ကြပါသည်။ **အဆိုပါအင်းများအတွင်း ငါးများကိုလွှတ်၍ မွေးမြူရာ၌ အချို့အင်းများတွင်သာ ဖြည့်စွက်အစာအဖြစ် အစာအနည်းငယ် ကျွေးသော်လည်း အများစုမှာ အစာလုံးဝမကျွေးဘဲ သဘာဝ အစာကိုသာ စားသောက် ကြီးပြင်းလာကြခြင်း ဖြစ်ပါသည်။**

**မျိုးငါးချန်လှပ်သည့်စနစ်**

မိုးရာသီတွင် ကွင်းရေ၊ မြစ်ရေများ တိုးလာခြင်းကြောင့် တစ်အင်းနှင့်တစ်အင်း ဆက်စပ်ပြီး ရေပြင်ကျယ် ဖြစ်သွားကာ ရေကျသည့်အခါ အင်းနယ်နိမိတ်များ ကာရံပိုင်းခြားလျက် ငါးထုတ်လုပ်မှုကို ဆောင်ရွက်ကြရသည့် တာဝန်သိ အင်းလုပ်ငန်းရှင်များသည် ငါးရံ့၊ ငါးပနော်၊ ငါးခူ၊ ငါးကျည်း၊ ငါးပြေမနှင့် ဘီလား (ဂျပန်) အစရှိသော တိုင်းရင်းငါးမျိုးများကို ကုန်စင်အောင် ဖမ်းယူခြင်းမပြုဘဲ ပိဿာချိန်ပေါင်းထောင်ချီ၍ မျိုးငါးအဖြစ် ခက်ခက်ခဲခဲ ချန်လှပ်ထိန်းသိမ်းစောင့်ရှောက်ကာ မျိုးချန်ထားကြပြီး မိုးကျသည်နှင့် အင်းအတွင်းသို့ ငါးမျိုးများ ပြန်လည်ဖြည့်တင်းပေးသည့်စနစ်ကို ကျင့်သုံးနေကြပါသည်။

ငါးများ၏ ထူးခြားသည့်ဓလေ့မှာ ချန်လှပ်ထားသော မျိုးငါးများသည် မိုးကျ၍ ငါးရစ်ပေါက်ပွားချိန် ရောက်ရှိသည်နှင့်တစ်ပြိုင်နက် ကွင်းအနှံ့ပေါက်ပွားရန် ထွက်ခွာသွားကြပြီး အချိန်ကျသည်နှင့် မူလနေထိုင်ရာ ကွင်းများသို့ အဖော်အပေါင်းများစွာ ခေါ်ယူပြီး ပြန်လာကြခြင်းဖြစ်ပါသည်။ မျိုးငါးများများ ချန်ထားလေ ငါးထွက်ရှိမှု ပိုမိုလေ ဖြစ်ပါသည်။ အဆိုပါစနစ်ဖြင့် ငါးထုတ်လုပ်သည့် အင်းများသည် နိုင်ငံအနှံ့ အများဆုံးတွေ့ရှိရသည့် အင်းများဖြစ်ကြပါသည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများတွင် တွေ့ရှိရပါသည်။

**ဖမ်းဆီးထုတ်လုပ်မှု**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စာရင်းများအရ အင်းစုစုပေါင်း **၃၇၃၀** ရှိပြီး ရောင်းချရသော အင်း စုစုပေါင်း **၃၂၉၉** အင်း ရှိပါသည်။ နိုင်ငံတော်အတွက် အင်းအိုင် အခွန်အခအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် **ငွေကျပ်သန်းပေါင်း ၈၂၀၅ ဒသမ ၇၀၆** ကို ရရှိခဲ့ပါသည်။ တစ်နိုင်ငံလုံး၏ အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ ရေချိုငါးထုတ်လုပ်မှုမှာ မက်ထရစ်တန်ပေါင်း ၃၃၇၆၅၀ ကို ထုတ်လုပ်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန စာရင်းများအရ သိရှိရပါသည်။

မြန်မာနိုင်ငံသည် ရေချို၊ ရေငန် ငါးဖမ်းလုပ်ငန်းများနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ကြွယ်ဝသည့်အတွက် ငါးစားသုံးမှုမြင့်မားသည့် ကမ္ဘာ့နိုင်ငံများထဲတွင် ပါဝင်ပါသည်။ အထူးသဖြင့် ကမ်းရိုးတန်းနှင့်ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသများ၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးများသည် ငါးစားသုံးမှုမြင့်မားသည့် ဒေသများဖြစ်ကြပါသည်။

**ဦးဆောင်နိုင်ငံအဖြစ်ရောက်ရှိခြင်း**

မြန်မာနိုင်ငံ၏ ကုန်းတွင်းငါးထုတ်လုပ်မှုလုပ်ငန်းများ တိမ်ကောပပျောက်သွားခြင်းမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရာတွင် နှစ်ရှည်ကျင့်သုံးခဲ့သည့် အောင်မြင်သော ကုန်းတွင်းငါးလုပ်ငန်းစီမံခန့်ခွဲမှု စနစ်များကြောင့် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန (SEAFDEC) အဖွဲ့ဝင်နိုင်ငံများအတွင်း ကုန်းတွင်းငါးထုတ်လုပ်မှု ဦးဆောင်နိုင်ငံနေရာကို ထိုက်ထိုက်တန်တန် ရယူထားနိုင်ခဲ့ပါသည်။ အခြားအဖွဲ့ဝင်နိုင်ငံများသည် ကုန်းတွင်းငါးထုတ်လုပ်မှုကဏ္ဍတွင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်း မရှိသောကြောင့် အင်း၊ အိုင်လုပ်ငန်းများ ပျောက်ကွယ်သွားခဲ့ပြီး မွေးမြူရေးနှင့် ပင်လယ်ငါးဖမ်းဆီးခြင်းလုပ်ငန်းများမှရရှိသည့် ငါးရိက္ခာကိုသာ အဓိကအားပြုနေရသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

နှစ်စဉ်အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် ဆုပေးပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အင်း၊ အိုင် ငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ဖမ်းဆီးခြင်းကိုအခြေခံသည့် ငါးမွေးမြူထုတ်လုပ်မှုစနစ်နှင့် မွေးမြူမှုကိုအခြေခံသည့် ဖမ်းဆီးခြင်းစနစ်များ ထိန်းသိမ်းဆောင်ရွက်ပေးနေသည့် အင်းလုပ်သားကြီးများအား ဂုဏ်ပြုထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ဖော်ပြပါ အချက်အလက်များအရ မြန်မာနိုင်ငံ၏ အင်း၊ အိုင်လုပ်ငန်းများသည် နိုင်ငံတော်အတွက် ဝင်ငွေရရှိသည့် မြေနှင့်ရေသယံဇာတများ ဖြစ်နေကြပြီး နိုင်ငံသားများ၏ စားနပ်ရိက္ခာကိုပါ ဖြည့်တင်းပေးနေသည့် ရိက္ခာအိုးများ ဖြစ်နေသည့်အပြင် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် လုပ်ငန်းများဖြစ်ကြပါသည်။ အင်း၊ အိုင်လုပ်ငန်းများတွင် နိုင်ငံသား(တစ်သန်းခွဲခန့်) အချိန်ပြည့်၊ အချိန်ပိုင်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ အင်း၊ အိုင်များမှ ရရှိသော အချို့ငါးမျိုးစိတ်များသည် ပြည်ပပို့ကုန်အဖြစ် ဈေးကောင်းရလျက်ရှိနေပါသည်။ အင်း၊ အိုင်လုပ်ငန်းများသည် ကျေးလက်ဒေသများတွင် အခြေစိုက်တည်ရှိကြသည့်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် တစ်ဆက်တစ်စပ်တည်း ပါဝင်လျက်ရှိပါသည်။

သို့ပါသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံ၏ ကုန်းတွင်းငါးထုတ်လုပ်မှုလုပ်ငန်းများသည် တဖြည်းဖြည်းလျော့နည်းကျဆင်းလာနေပြီး အချို့ငါးမျိုးစိတ်များမှာ ရှားပါး၍ မျိုးသုဉ်းမည့်အခြေအနေသို့ ရောက်ရှိနေပါသည်။ အင်း၊ အိုင်လုပ်ငန်းများမှ နိုင်ငံတော်အတွက် အခွန်အခများ နှစ်စဉ်တိုးမြှင့် ရရှိနေပါသော်လည်း ထုတ်လုပ်မှုအပိုင်းတွင် တစ်နှစ်ထက်တစ်နှစ် လျော့ကျလာနေပါသည်။ ငါး၊ ပုစွန် ဈေးနှုန်းများ အဆမတန် ကြီးမြင့်လာခြင်းကြောင့်သာ အင်း၊ အိုင်အခွန်အခများ နှစ်စဉ်တိုးမြှင့်ရရှိနေခြင်း ဖြစ်ပါသည်။

**ကြေးတိုင်စနစ်ကျင့်သုံးခြင်း**

အင်း၊ အိုင်လုပ်ငန်းများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်စေရေးအတွက် အင်း၊ အိုင်များကို ပြုပြင်ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများသည် အဓိကအရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ အင်း၊ အိုင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆက်စပ်သည့် အခြားဌာနများနှင့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များအနေဖြင့် အရာခပ်သိမ်း တာဝန်ယူဆောင်ရွက်ရန် အခက်အခဲရှိပါသောကြောင့် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ခေတ်အဆက်ဆက်တွင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သည့် အင်းလုပ်ငန်းရှင်များ (အင်းသူကြီးများ)အား တာဝန်ပေးအပ်၍ ထိန်းသိမ်းစောင့်ရှောက်စေခြင်းဖြင့် ကြေးတိုင်လုပ်ကိုင်ခွင့်စနစ်ကို သတ်မှတ်ဖော်ဆောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။

အင်းစတင်လုပ်ကိုင်ခွင့်ရရှိပြီး နောက်နှစ်မှစတင်၍ သတ်မှတ်စည်းမျဉ်းစည်းကမ်းများဖြင့် ညီညွတ်ကိုက်ညီသည့် အင်းလုပ်ငန်းရှင်များအား စိစစ်ကာ ပထမ သုံးနှစ်ကြေးတိုင်လုပ်ကိုင်ခွင့်၊ ဒုတိယ သုံးနှစ် ကြေးတိုင်လုပ်ကိုင်ခွင့်နှင့် လိုအပ်ပါက တတိယ သုံးနှစ် ကြေးတိုင်လုပ်ကိုင်ခွင့်များအထိ ရေချိုငါးလုပ်ငန်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ခွင့်ပြုပေးခဲ့ပါသည်။ ထိုကဲ့သို့ ခွင့်ပြုပေးခဲ့ခြင်းကြောင့် အင်းလုပ်ကိုင်ခွင့်ရရှိသူသည် သတ်မှတ်ကာလအတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းစောင့်ရှောက်၊ ပြုပြင်မွမ်းမံလျက် စနစ်ကျသည့် ငါးထုတ်လုပ်မှုကို တစ်ဖက်မှ ဆောင်ရွက်ရင်း အင်းအတွင်းရှိသည့်

*စာမျက်နှာ ၁၇ သို့*



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော တောင်သူများအား ယခုနှစ် မိုးရာသီ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် မေ ၂၃ ရက်မှ စတင်ပြီး ညောင်ဦးမြို့ ဘဏ်ခွဲမှ စိုက်ပျိုးစရိတ် ငွေထုတ်ချေးပေးလျက်ရှိရာ ဘဏ်ငွေထုတ်ချေးရန် ခေတ္တစောင့်ဆိုင်းနေသော တောင်သူများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်

**ကျော်ဌေး**

# အရန်ရေတွင်းတူးဖော်ထားရှိရေး ဆွေးနွေး

**ရန်ကုန် ဇွန် ၁၉**

အရန်ရေတွင်း နှစ်တွင်းတူးရန် (၉၀)ရပ်ကွက် မဟာဂန္ဓာရုံဘုန်းတော်ကြီးကျောင်း အနီးရှိ မြေကွက်၌ ရှစ်လက်မပိုက် ပေ ၆၀၀ မှ ၇၀၀ အနက်တူးပြီး ထွက်ရှိလာသော ရေနမူနာကို စမ်းသပ်စစ်ဆေးခဲ့ရာ ရေကောင်းရေသန့်ကဲ့သို့ သုံးစွဲနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် အရန်ရေ နှစ်တွင်းတူးရန် ယုဇနဥယျာဉ် မြို့တော်ပြည်သူ ၂၀၀ နီးပါးခန့်ကို တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်ဖြူဖြူခိုင်က ဇွန် ၁၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၉၄ ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် မြန်မာကန္ဒီဘုန်းတော်ကြီးကျောင်းတိုက်၌ ရှင်းလင်းပွဲကျင်းပသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူများက သိရှိလိုသည်များကို အသေးစိတ်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားသည်။ ထို့နောက် အရေးပေါ်သုံးစွဲနိုင်ရန်အတွက် အရန်ရေတွင်း နှစ်တွင်းတူးရန် တက်ရောက်လာကြသည့် ပြည်သူများက သဘောတူအတည်ပြုဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။ (၀၂၈)

# Climate Information Tool Kit (CLIK) အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်းဖွင့်

**နေပြည်တော် ဇွန် ၁၉**

ကိုရီးယားနိုင်ငံမှ အာရှပစိဖိတ်ရာသီဥတု ဗဟိုဌာန (APCC , APEC Climate Center) နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနတို့ ပူးပေါင်း၍ ပြုလုပ်သည့် Climate Information Tool Kit (CLIK) အလုပ်ရုံ ဆွေးနွေးပွဲ သင်တန်းဖွင့်ပွဲအခမ်းအနားကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန နေပြည်တော်၌ ဇွန်လ တတိယပတ်က ကျင်းပရာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က အမှာစကား ပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို APCC အနေဖြင့် အရည်အသွေးမြင့် ရာသီဥတုအချက်အလက်များ ပံ့ပိုးခြင်းဖြင့် ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားရေး အခြေအနေတိုးတက်စေရန်၊ ရာသီဥတုသတင်းအချက်အလက်များ၊ ရာသီအလိုက် ခန့်မှန်းချက်များ၊ ရယူအသုံးချနိုင်မည့်နည်းများ အသုံးပြုတတ်ရန်အတွက် နည်းပညာများ ဖြန့်ဝေရန်၊ ရာသီဥတု ခန့်မှန်းချက်များကို ရေသယံဇာတ စီမံခန့်ခွဲရာတွင် ထိရောက်စွာ အသုံးချနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ သုံးရက်ကြာ ကျင်းပခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းတွင် ကိုရီးယားနိုင်ငံ APCC မှ ဒေါက်တာ ဂျင်ဟိုယီး ဦးဆောင်သည့် ပညာရှင် ငါးဦးက ဆွေးနွေး ပို့ချသွားမည် ဖြစ်ပြီး မြန်မာနိုင်ငံရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီး ဌာနမှ အရာထမ်း ခုနစ်ဦး၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း သုံးဦး၊ ဘူတန်နိုင်ငံမှ အရာထမ်း နှစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အရာထမ်း သုံးဦး၊ စုစုပေါင်း ပြည်တွင်းပြည်ပမှ အရာထမ်း ၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

# လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်

**ရမ်းဗြဲ ဇွန် ၁၉**

ရခိုင်ပြည်နယ်ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ်ရှိ အသက် ၉၀ နှင့် အထက်သက်ကြီး ဘိုးဘွားများသို့ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လူမှုရေးပင်စင်ထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မဝတီခန်းမ၌ ဇွန် ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်သိန်းက အမှာစကား ပြောကြားခဲ့သည်။ အသက် ၉၀ နှင့် အထက်သက်ကြီးဘိုးဘွား အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း သက်ကြီးဘိုးဘွား ၅၆ ဦးတို့အား ဧပြီ၊ မေ၊ ဇွန်လများအတွက် ပထမအသုတ်အဖြစ် တစ်လလျှင် ငွေကျပ် ၁၀၀၀၀ စီဖြင့် သုံးလအတွက် တစ်ဦးလျှင် သုံးသောင်းကျပ်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၆၈၀၀၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်လှဖြူ(ရမ်းဗြဲ)**

*စာမျက်နှာ ၁၆ မှ အဆက်*

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတကွင်းဆက်များကို အရင်းအနှီးစိုက်ထည့်ကာ ပြုပြင်ထူထောင်ပေးကြပါသည်။

ကြေးတိုင်စနစ်ဖြင့် အင်းလုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ရရှိသူများကို ကျသင့်သည့် အခွန်အခများကို တစ်နှစ်တိုးတိုင်း သတ်မှတ်သည့် ရာခိုင်နှုန်းဖြင့် ထပ်မံတိုးမြှင့်သတ်မှတ်ပေးခြင်းကြောင့် နိုင်ငံတော်အတွက် အခွန်ထမ်းဆောင်မှုမှာ ပုံသေသတ်မှတ်မှုမဟုတ်ဘဲ နှစ်စဉ်တိုးမြှင့် ရရှိလျက်ရှိပါသည်။

**ထိခိုက်နစ်နာစေခြင်း**

အင်းအိုင်များ၏ သဘာဝသယံဇာတ ကွင်းဆက်များသည် အချိန်ကာလတစ်ခု (အနည်းဆုံး ၆ နှစ်ခန့်) အချိန်ယူ ပြုစုတည်ထောင်နိုင်မှသာ ထုတ်လုပ်မှုကောင်းသည့် အင်းများအဖြစ် တည်ရှိနေမည်ဖြစ်သည်။ ဖော်ပြပါဖြစ်ရပ်များဖြစ်သည့်

(၁) အင်းလုပ်ကိုင်ခွင့်ကို မကြာခဏ လက်ပြောင်းလက်လွှဲပြုခြင်း၊

(၂) အင်း၊ အိုင် လေလံလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရှေ့အင်းရာသီအဆုံးနှင့် နောက်အင်းရာသီအစ ကာလအပိုင်းအခြားကို တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် စီမံဆောင်ရွက်ခြင်း မပြုနိုင်ခြင်း၊

(၃) အင်းအခွန်နှင့် ထုတ်လုပ်မှုစရိတ်များ ကြီးမားမှုကြောင့် အင်းအတွင်းရှိ ငါးသယံဇာတကွင်းဆက်များကို အပြောင်ရှင်း စနစ်ကျင့်သုံးကာ ကုန်စင်အောင် ဖမ်းဆီးကြခြင်း၊

(၄) အင်းအတွင်းရှိ ငါးနေ ငါးထိုင်နှင့် ငါးဆင်း၊ ငါးတက်လမ်းများကို ပြုပြင်ထိန်းသိမ်းမှု မရှိခြင်း၊

(၅) မျိုးငါးစိုက်ထည့်ခြင်းစနစ်နှင့်မျိုးငါးချန်လှပ် ဖမ်းဆီးခြင်းစနစ်များကို ဆောင်ရွက်မှုမပြုခြင်း၊

(၆) အင်းအိုင်များအနီး နေထိုင်ကြသူများမှ အင်းအိုင်များကို နိုင်ငံတော်အတွက် အခွန်အခမဆောင်ဘဲ ရှာဖွေဖမ်းဆီးခွင့်ပြုရန် တောင်းဆိုကြခြင်း၊

(၇) အင်းအိုင် ငါးထုတ်လုပ်မှု တိုးတက်စေရန် စွမ်းဆောင်နိုင်ခြင်းမရှိသူများမှ အင်းလုပ်ငန်းကို လျော့တိလျော့ရဲ စနစ်များဖြင့် ဆောင်ရွက်လာကြခြင်းနှင့်

(၈) အင်းအိုင်များအတွင်း စည်းကမ်းမဲ့ ငါးရှာဖွေဖမ်းဆီးလိုသူများ၏ ဥပဒေမဲ့ ဖမ်းဆီးမှုများကို တားဆီးရန် ခက်ခဲခြင်းလုပ်ရပ်များသည် အင်းအိုင်များ၏ သဘာဝသယံဇာတ ကွင်းဆက်များကို ယုတ်လျော့ပျက်စီးစေပြီး ရေချိုငါးလုပ်ငန်းများမှ နိုင်ငံသားများအတွက် ငါးရိက္ခာများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေး လုပ်ငန်းစဉ်များအပေါ် ထိခိုက်နစ်နာစေသည့် ဆိုးကျိုးများသက်ရောက်စေမည် ဖြစ်ပါ သည်။

**ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၏ အရေးပါအရာရောက်မှု**

အင်း၊ အိုင်ငါးလုပ်ငန်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရမည့် လုပ်ငန်းစဉ်များတွင် အဓိကနှင့် အခြေခံအကျဆုံး လိုအပ်ချက်မှာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ခိုင်မာကောင်းမွန်ရေးဖြစ်ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဒေသဆိုင်ရာအစိုးရအဖွဲ့များထံသို့ ရေချိုငါးလုပ်ငန်းများ စီမံခန့်ခွဲပိုင်ခွင့်ကို ပေးအပ်ခဲ့ပြီးနောက် သက်ဆိုင်ရာဒေသအလိုက် ရေချိုငါးလုပ်ငန်းဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခဲ့ကြရာတွင် **"တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ-တစ်ပုဒ်ဆန်း"** ဆိုသကဲ့သို့ ဥပဒေအမျိုးမျိုး ပေါ်ထွန်းလာခဲ့ကြောင်း တွေ့မြင်ရပါသည်။

ရေချိုငါးလုပ်ငန်း ဥပဒေများရေးဆွဲရာတွင် သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဦးတည်ချက်များချမှတ်ကာ ငါးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှု အတွေ့အကြုံ ရင့်ကျက်သည့် ပညာရှင်များနှင့် တိုင်ပင်ညှိနှိုင်း၍ ယခင်ရေးဆွဲကျင့်သုံးခဲ့သည့် ဥပဒေများကို သုံးသပ်လေ့လာကာ ပိုမိုပြည့်စုံကောင်းမွန်သည့် ဥပဒေများ ဖြစ်ပေါ်လာစေရန် ဘက်စုံထောင့်စုံမှ သုံးသပ်ရေးဆွဲဆောင်ရွက်သင့်သော်လည်း ဒေသအချို့၌ ငါးလုပ်ငန်း စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များ ပါဝင်ခဲ့သည့်အတွက် လူသေဆုံးမှုဖြစ်စဉ်များအထိ ဖြစ်ပေါ်စေခဲ့ပြီး ပဋိပက္ခအသွင်ဆောင် ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပေါ်လာခဲ့ပါသည်။

အချို့သော တိုင်းဒေသကြီးများ၌ ရေးဆွဲပြဋ္ဌာန်းခဲ့သော ရေချိုငါးလုပ်ငန်းဆိုင်ရာဥပဒေများအရ အင်း၊ အိုင်လုပ်ငန်းများအား လေလံစနစ်ဖြင့် ဦးစားပေးလုပ်ခွင့်ပေးသည့် လုပ်ငန်းများကိုသာ အဓိကထား ဆောင်ရွက်လျက်ရှိပြီး အင်း၊ အိုင်လုပ်ငန်းများ ရေရှည်တည်တံ့စေရန် သယံဇာတထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းအတွက် သိသာထင်ရှား၍ ထိရောက်သည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ပါကြောင်း လေ့လာသုံးသပ်တွေ့ရှိရပါသည်။ ဒေသအတော်များများတွင် အငှားချထားပြီးသည့် ဂရန်အင်းများအတွင်း ဒေသခံရေလုပ်သားများ၏ တောင်းဆိုမှုအရ ဘုံငါးဖမ်းခွင့်များ သတ်မှတ်ခွင့်ပြုပေးရခြင်းများ ရှိသလို အင်း၊ အိုင်များအတွင်း လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်ဆန် ငါးဝင်ရောက်ဖမ်းဆီးမှုဖြစ်စဉ်များ ဖြစ်ပေါ်လျက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ အားနည်းချက်များ ဖြစ်ပေါ်လျက်ရှိပါကြောင်း မကြာခဏ ကြားသိနေရပါသည်။

ရေချိုငါးလုပ်ငန်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အားနည်းချက်များကြောင့် အင်း၊ အိုင် ငါးထုတ်လုပ်မှုလုပ်ငန်းများအပေါ် ဆိုးကျိုးသက်ရောက်မှုဖြစ်စေမည့် ဖြစ်စဉ်များနှင့် အင်း၊ အိုင် ပျက်စီးဆုံးရှုံးမှုများကို အချိန်တိုကာလအတွင်း သိသာမှုမရှိနိုင်သော်လည်း ဒီမိုကရေစီနိုင်ငံရေး ခေတ်အစိုးရများ၏သက်တမ်းနှစ်ကြိမ်မှ သုံးကြိမ်ခန့်အတွင်း သိသာထင်ရှားစွာ ပြောင်းလဲသွားနိုင်ပါသည်။ အင်း၊ အိုင်ငါးထုတ်လုပ်မှုများ ယုတ်လျော့၍ လုံးဝနီးပါး ပျောက်ကွယ်သွားမည့် အခြေအနေသို့ပင် ရောက်ရှိသွားနိုင်ပါသည်။

**ငါးသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူနိုင်စေရန်**

မြန်မာနိုင်ငံ၏ အင်း၊ အိုင်လုပ်ငန်းများသည် နိုင်ငံတော်အတွက် ဝင်ငွေနှင့်နိုင်ငံသားများအတွက် ငါးရိက္ခာ၊ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ပေးနေသည့်အပြင် နိုင်ငံခြားဝင်ငွေများပါ ရရှိစေသည့် လုပ်ငန်းများဖြစ်သောကြောင့် အင်း၊ အိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အင်း၊ အိုင်များတွင် ငါးသယံဇာတများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်စေရန် ဆိုလျှင်....

(၁) ကုန်းတွင်းရေချိုငါးလုပ်ငန်းများနှင့် ပတ်သက်၍ ရေးဆွဲပြဋ္ဌာန်းမည့် ဥပဒေနှင့် နည်းဥပဒေများသည် သယံဇာတ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရေချိုငါးလုပ်ငန်းများ ရေရှည်တည်တံ့ ခိုင်မြဲရေးနှင့် တရားဥပဒေစိုးမိုးမှုများ ရရှိစေရေးအတွက် ဦးတည်ရေးဆွဲရန် လိုအပ်ပါသည်။

(၂) အင်း၊ အိုင်များအတွင်းရှိ ငါးသယံဇာတများ၏ လုံခြုံရေးကို ဒေသအလိုက် အထူးအစီအစဉ်များချမှတ်၍ ကူညီစောင့်ရှောက်ပေးသင့်ပါသည်။

(၃) ငါးများနေထိုင်ကျက်စားသည့် သဘာဝပတ်ဝန်းကျင် (ငါးနေ၊ ငါးထိုင်တောများနှင့် ဒီရေတောများ) ကို ပျက်စီးယိုယွင်းစေမည့် လုပ်ဆောင်ခြင်းများကို အထူးကြပ်မတ်ထိန်းသိမ်းကာကွယ်ရမည် ဖြစ်ပါသည်။

(၄) အင်းများအတွင်း ငါးများပေါက်ဖွားရန်နှင့် ရှင်သန်ကြီးပြင်းရန် ငါးတက်၊ ငါးဆင်းလမ်းများနှင့် ငါးနေ၊ ငါးထိုင်နေရာများကို ပြုပြင်ပေးရန် လိုအပ်ပါသည်။

(၅) ငါးများမျိုးသုဉ်းအောင် ဖမ်းဆီးနေသောစနစ် (ရှော့ခ်တိုက်ငါးဖမ်းခြင်း၊ အဆိပ်သုံး၍ ငါးဖမ်းခြင်း၊ မိုင်းခွဲ၍ ငါးဖမ်းခြင်း) များကို အထူးကြပ်မတ် တားဆီးရမည် ဖြစ်ပါသည်။

(၆) သတ်မှတ်ကာလအတွင်း ငါးရစ်၊ ငါးသန်များ ရှာဖွေဖမ်းဆီးခြင်းကို အထူးကြပ်မတ် တားဆီးရမည် ဖြစ်ပါသည်။

(၇) အင်းများ၏ ထုတ်လုပ်မှုတိုးတက်စေရန် ငါးအားလုံးဖမ်းယူခြင်းမပြုဘဲ မျိုးချန်ပေး၍ မိုးကျသည်နှင့် အင်းအတွင်း ပြန်လည်လွှတ်ပေးနေသော အင်းလုပ်ငန်းရှင်များကို နှစ်ရှည်ကြေးတိုင်စနစ်လုပ်ကိုင်ခွင့်ပြု၍ အထူးအားပေးရမည် ဖြစ်ပါသည်။

(၈) သဘာဝအစာ ပေါကြွယ်ဝသော ရေပြင်ရှိသည့် အင်းများအတွင်း နည်းလမ်းပေါင်းစုံဖြင့် အရင်းအနှီးများ စိုက်ထုတ်ကာ ငါးများထည့်သွင်း မွေးမြူသည့် အင်းလုပ်ငန်းရှင်များကို နှစ်ရှည်ကြေးတိုင်စနစ် လုပ်ကိုင်ခွင့်ပြု၍ အထူးအားပေးရမည် ဖြစ်ပါသည်။

(၉) အခြားအင်းလုပ်ငန်းရှင်များကိုလည်း အင်းများအတွင်း ငါးကုန်အောင်မဖမ်းဘဲ မျိုးငါးများ ချန်လှပ်ထားကြရန်နှင့် ငါးထည့်သွင်း၍ (မဖြစ်မနေ) မွေးမြူကြရန် စည်းရုံးပညာပေးရမည်ဖြစ်ပါသည်။

(၁၀) ငါးသယံဇာတပေါများကြွယ်ဝစေရန် နိုင်ငံတစ်ဝန်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင် များနှင့် ဆည်၊ တမံ၊ ရေထိန်းတံခါးများအတွင်း မျိုးကောင်းမျိုးသန့်ငါးများ မျိုးစိုက်ထည့်သွင်းမှုကို ယခုထက်ပို၍ တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၁၁) ဆည်၊ ရေတံခါး၊ ရထားလမ်း၊ ကားလမ်းများ တည်ဆောက်သည့်အခါ ငါးတက်၊ ငါးဆင်းလမ်းများကို တားဆီးထားသကဲ့သို့ မဖြစ်စေဘဲ ငါးတက်၊ ငါးဆင်းလမ်းများအတွက် အထူးအစီအစဉ်များ ထည့်သွင်းတည်ဆောက်ပေးသင့်ပါသည်။

(၁၂) စဉ်ဆက်မပြတ်၊ ရှိရင်းစွဲပမာဏထက် မလျော့စေဘဲ ရေရှည်ထုတ်လုပ်သုံးစွဲနိုင်သည့် ငါးလုပ်ငန်း (Sustainable Development Fisheries) ဖြစ်ပေါ်စေရေးအတွက် တာဝန်သိ၍ တာဝန်ရှိသော ငါးဖမ်းလုပ်ငန်း (Responsible Fisheries)ဖြစ်စေရန် စဉ်ဆက်မပြတ် ပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

မြန်မာတို့သည် ရေချို ငါး၊ ပုစွန်များကို နှစ်ခြိုက်စွာ စားသုံးကြသည့် လူမျိုးများဖြစ်သောကြောင့် နှစ်ပေါင်းရှည်ကြာစွာ ငါးများဖမ်းဆီးထုတ်ယူခဲ့ကြသည့် အင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ငါးရိက္ခာဖူလုံစေရေးတို့အတွက် အားလုံးက နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

**သင်ခန်းစာယူ**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ ငါးမွေးမြူရေးလုပ်ငန်းများ လေ့လာရေးခရီးစဉ်အတွင်း မဲခေါင်မြစ်လက်တက် ခရီးစဉ်ရေယာဉ်ပေါ်၌ ဧည့်လမ်းညွှန်လူငယ်က မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသသည် သဘာဝငါးပုစွန်များ အလွန်ကြွယ်ဝခဲ့ကြောင်း၊ သို့သော်လည်း နှစ် ၂၀ ခန့်အတွင်း အလွန်အကျွံငါးဖမ်းဆီးမှုနှင့် တားမြစ်ငါးဖမ်းနည်း (လျှပ်စစ်ရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း)များ ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ငါးသယံဇာတ လုံးဝနီးပါး လျော့နည်းခဲ့ပြီဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါမှားယွင်းမှုကို သင်ခန်းစာအဖြစ်ဆင်ခြင်၊ သုံးသပ်၊ ကာကွယ်သင့်ကြောင်း အကြံပြုပြောကြားခဲ့သည်။

ယခုအချိန်ကာလသည် မြန်မာနိုင်ငံ၏ အင်း၊ အိုင်လုပ်ငန်း ရာသီချိန်အစဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အင်း၊ အိုင်ငါးလုပ်ငန်းများမှ ရရှိသည့်အခွန်ငွေကို အခြားကဏ္ဍများမှ အစားထိုးရရှိ နိုင်သော်လည်း နိုင်ငံသားများအတွက် နှစ်စဉ်ရရှိနေသော (အစားကျွေးရန် လုံးဝမလိုအပ်သည့်) ငါးရိက္ခာနှင့် အလုပ် အကိုင်အခွင့်အလမ်းများ လျော့နည်း၊ ယုတ်လျော့၊ ပျောက်ကွယ်သွားနိုင်မည့် အခြေအနေများ ဖြစ်ပေါ်နေခြင်းအပေါ်တွင် များစွာနှမြောတသ၊ စိုးရိမ်မှုများဖြစ်မိပါသည်။ ရေချိုငါးလုပ်ငန်း များကို စီမံခန့်ခွဲရာ၌ ရည်ရွယ်ချက်၊ အမြင်၊ ရှုထောင့် ၊ ချဉ်းကပ်မှုပုံစံအမျိုးမျိုးဖြင့် စီမံခန့်ခွဲကြရာတွင် လေ့လာသုံးသပ်မှုအပိုင်း၌ အဓိကကျ၍အရေးကြီးဆုံးဖြစ်သည့် သယံဇာတ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးနှင့် ရေရှည်တည်တံ့စေရေးစီမံခန့်ခွဲမှု အမြင်အားနည်းမှုကြောင့် နှစ်ပေါင်းများစွာက ဖြစ်တည်လာခဲ့သည့် နိုင်ငံတော်ပိုင် အင်း၊ အိုင်လုပ်ငန်းများ အချိန်အနည်းငယ်အတွင်း ပျောက်ကွယ်သွားနိုင်မည့် အခြေအနေများအပေါ် ခံစား၊ လေ့လာ၊ သုံးသပ်ရေးသားတင်ပြ လိုက်ရပါသည်။

# မြေထိန်းနံရံပြိုကျမှု ပြင်ဆင်ပြီး၍ ပြည်-တောင်ကုတ်သွားကားများ စဉ်ဆက်မပြတ်သွားနိုင်



ပြည်-တောင်ကုတ်ကားလမ်း၌ ပြိုကျခဲ့သောလမ်းတစ်ခြမ်းကို အချိန်မီပြုပြင်ပေးလိုက်သဖြင့် ပြည်-တောင်ကုတ်ကားများ စဉ်ဆက်မပြတ်မောင်းနှင်လျက်ရှိသည်ကို တွေ့ရစဉ်

**တောင်ကုတ် ဇွန် ၁၉**

တောင်ကုတ်မြို့၌ ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပြည်-တောင်ကုတ်သွားကားလမ်းမိုင်တိုင်အမှတ် ၅၀/၀ မှ ၅၄/၁ ကြား လမ်းဘယ်ဘက်ခြမ်း မြေထိန်းနံရံ ပြိုကျခဲ့သဖြင့် ကားလမ်းတစ်ခြမ်းပဲ့သွားသော်လည်း ဆက်လက်ပြိုမကျရန်ဆောက်လုပ်ရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်တားဆီးရေးအဖွဲ့က အချိန်မီပြုပြင်ဆောင်ရွက်ပေးလိုက်သဖြင့် ပြည်-တောင်ကုတ်သွားကားများမှာ ရပ်တန့်ခြင်းမဖြစ်ဘဲစဉ်ဆက်မပြတ် မောင်းနှင်သွားလာနိုင်ခဲ့သည်။

တောင်ကုတ်မြို့ရှိ လမ်းအထူးအဖွဲ့(၁၈)နှင့် ဒေသခံပြည်သူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အထူးစေလွှတ်အဖွဲ့များသည် လမ်းတစ်ခြမ်းပြိုကျသွားသောနေရာကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုတင်ပေးပို့ထားသော စက်ယာဉ်ယန္တရား ၅၅ စီးဖြင့် ဆက်လက်ပြိုကျမှုမဖြစ်ရန် ကတ္တရာပီပါခွံများ အသုံးပြုပြီး မြေထိန်းနံရံပြိုကျမှုကို တားဆီးပေး၍ ကားများစဉ်ဆက်မပြတ် မောင်းနှင်သွားလာနိုင်ခဲ့သည်ဟု သိရသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ယခုနှစ်တွင် ရေကြီးမြေပြိုမှုကြောင့် တိုင်းဒေသကြီး /ပြည်နယ်အသီးသီးမှ လမ်းတံတားများပျက်စီးပါက ချက်ချင်းဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးသို့ စက်ယန္တရားများ ပို့ဆောင်ထားရှိပြီး လမ်းအထူးအဖွဲ့(၂၄)ဖွဲ့ရှိစက်ယန္တရားများကို အသုံးပြုပြီး ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များကို တားဆီးသွားမည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးသီးနှံမျိုးစေ့ပေးအပ်ပွဲကျင်းပ

**ဖရူဆို ဇွန် ၁၉**

ကယားပြည်နယ်လွိုင်ကော်ခရိုင် ဖရူဆိုမြို့နယ် ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစားထိုးသီးနှံမျိုးစေ့များ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၈ က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဒေါ်ညိုညိုအောင်က ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် အစားထိုးသီးနှံမျိုးစေ့များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးသွားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းသိန်းက ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်ချက်များနှင့်အညီ ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီလုပ်ဆောင်စေရေးအမှာစကားပြောကြားသွားသည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်မှူးဒုတိယရဲမှူး သီဟန်က ဘိန်းစိုက်ပျိုးခြင်းနှင့်ဆိုင်သော မူးယစ်ဆေးဝါးထုတ်လုပ် ဖြန့်ချိမှုများကို တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များအကြောင်း ကိုလည်းကောင်း၊ ကယားပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်က ဘိန်းအစားထိုးသီးနှံများပေးအပ်ရခြင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများအား ဘိန်းအစားထိုးသီးနှံ၊ မျိုးစေ့များဖြစ်သော ပုလဲသွယ်စပါး(GW-1) ကေအတွက် ၇၀၀ ကီလို၊ ဂျက်တလူဖာယာစပါး ၂၅ ကေအတွက် ၃၇ ဒသမ ၅ တင်း၊ ကော်ဖီပင် တစ်ကေအတွက် အပင် ၁၁၀၀၀၊ လက်ဖက်နှစ်ကေအတွက် အပင်၁၁၀၀၀ နှင့် အစေ့ထုတ်ပြောင်း ၂၅ ကေအတွက် ၅ ကီလိုထုပ် ၂၅ ထုပ်နှင့် ကောမက် ဓာတ်မြေဩဇာများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**

# တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကြေညာ

**ပူတာအို**

၂၀၁၆-၂၀၁၇ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၁၇ရက်က တစ်နိုင်ငံလုံး တစ်ပြိုင်တည်းထုတ်ပြန်ကြေညာရာ ပူတာအိုခရိုင်တွင် စုစုပေါင်းဖြေဆိုသူ ၁၉၀၁ ဦးရှိသည့်အနက် ၃၄၇ ဦးအောင်မြင်ရာ ၁၈ ဒသမ ၂၅ ရာခိုင်နှုန်းရှိကြောင်းနှင့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အောင်မြင်မှုထက်အောင်ချက်ရာခိုင်နှုန်းတိုးပွားခဲ့ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပူတာအိုမြို့နယ်တွင် ၁၅၉၈ဦး ဝင်ရောက်ဖြေဆိုခဲ့ကြရာ အောင်မြင်သူ ၃၂၂ဦး ၂၀ ဒသမ ၂၄ ရာခိုင်နှုန်း၊ မချမ်းဘောမြို့နယ်တွင် ၁၄၅ ဦးဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်သူ ၁၅ ဦး၊ ၁၀ ဒသမ ၃၄ရာခိုင်နှုန်း၊ နောင်မွန်းမြို့နယ်တွင် ၈၉ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အောင်မြင်သူခြောက်ဦး၊ ၆ ဒသမ ၇၄ရာခိုင်နှုန်း၊ ဆွမ်ပရာဘွမ်မြို့နယ်တွင် ၅၆ ဦးဝင်ရောက်ဖြေဆိုခဲ့ရာအောင်မြင်သူလေးဦး၊ ၂ ဒသမ ၁၄ ရာခိုင်နှုန်းအောင်မြင်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ဟုမ္မလင်း**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို တစ်မြို့နယ်လုံးဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူပေါင်း ၃၈၆၄ ဦး ဖြေဆိုရာ ၁၀၈၁ ဦး အောင်မြင်ပြီး တစ်ဘာသာဂုဏ်ထူးရှင် ၁၆၆ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၄၁ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် သုံးဦး စုစုပေါင်း ၂၂၄ ဦးရှိပြီး မြို့နယ်အနေဖြင့် အောင်ချက်ရာခိုင်နှုန်းမှာ ၂၇ ဒသမ ၉၈ ဖြစ်ကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်မှ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၁၇ ရက် နံနက် ၆ နာရီမှ စတင်၍ မြို့နယ်ပညာရေးမှူးရုံးနှင့်အထကကျောင်းများ၌ ထုတ်ပြန်ကြေညာထားရာကျောင်းသား ကျောင်းသူများလာရောက်ကြည့်ရှုကြသည်ကို တွေ့ရစဉ်

**စိုင်း(သီပေါ)**



**ကျောက်တန်း**

၂၀၁၇ ခုနှစ်မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ အထက(၁)၊ အထက(၂)၊ တံတား၊ ကမာကလုပ်စာစစ်ဌာနလေးခုသို့ စာဖြေကျောင်းပေါင်း ၁၅ ကျောင်းနှင့် ပြင်ပစာဖြေသူ ၁၇၉၃ ဦး ဝင်ရောက်ဖြေဆိုရာ ၇၁၇ ဦး အောင်မြင်သဖြင့် ၃၉ ဒသမ ၉၉ ရာခိုင်နှုန်း အောင်မြင်သည်။

ဘာသာရပ်အလိုက် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာ တစ်ဦး၊ လေးဘာသာ ၁၀ ဦး၊ သုံးဘာသာ ၂၂ ဦး၊ နှစ်ဘာသာ ၃၉ ဦးနှင့် တစ်ဘာသာ ၉၀ ပါဝင်ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

# ပေါင်းတည်မြို့နယ်၌ နယ်လှည့်ကွင်းဆင်း၍ တီဘီရောဂါရှာဖွေကုသ

**ပေါင်းတည် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း နယ်လှည့်ကွင်းဆင်းကွန်ပျူတာဓာတ်မှန်ရိုက် တီဘီရောဂါရှာဖွေကုသခြင်းကို ဇွန် ၁၂ ရက်မှ ၁၆ ရက်အထိဆောင်ရွက်ခဲ့ရာ တီဘီရောဂါရှိ/မရှိစမ်းသပ်စစ်ဆေး၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် ခရိုင်တီဘီရောဂါဌာနမှ ဒေါက်တာထွန်းဦးနှင့် အဖွဲ့ဝင် ၁၇ ဦး၊ ဒေသခံမြို့နယ်ကျန်းမာရေးဦးစီးဌာန မှူး ဒေါက်တာညွန့်ဦးနှင့် တိုက်နယ်ကျန်းမာရေးဝန်ထမ်းများက ကျေးရွာအုပ်စု ငါးအုပ်စုရှိ လာရောက်ပြသသည့် ကျေးလက်နေပြည်သူများအား ကျေးရွာစုရပ်များ၌ အသိပညာပေးဟောပြောမှုများပြုလုပ်ပြီး ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချိုရောဂါနှင့် HIV ရောဂါ ရှိ/မရှိသွေးဖောက်စစ်ဆေးပေးခြင်း၊ သလိပ်စစ်ပေးခြင်းနှင့် ကွန်ပျူတာဓာတ်မှန်ရိုက် စစ်ဆေးကာ တီဘီရောဂါတွေ့ရှိသူ ၅၀ အားသောက်ဆေးနှင့် အထွေထွေရောဂါများအတွက် ဆေးဝါးများ အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

**ရတနာသစ်တော၊ ပြည့်သွေးကြော။**
**သစ်တောရတနာ၊ ထိန်းသိမ်းပါ။**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအသိပညာပေးနှင့် သရုပ်ပြပွဲကျင်းပ



**ကျိုက်ထို ဇွန် ၁၉**

မွန်ပြည်နယ် သထုံခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနနှင့် မြို့နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီတို့ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဇွန် ၁၅ ရက်က ကျိုက္ကသာကျေးရွာ ပန်းတော ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေမြင့်က သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ပြင်ဆင်ထားရမည့် အခြေအနေများ၊ ဘေးအန္တရာယ်ကျရောက်လာချိန်နှင့် ကျရောက်ပြီးပါက ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများအကြောင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာက သဘာဝဘေးဒဏ်များအကြောင်း၊ ဦးစီးမှူး ဒေါ်အင်ကြင်းချမ်းက မိုးကြိုးအန္တရာယ်ကာကွယ်ရေးအကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ်မီးသတ်နှင့် ကြက်ခြေနီတို့မှ ကဏ္ဍအလိုက်ဟောပြောကြပြီး လက်တွေ့သရုပ်ပြရှင်းလင်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ထင်တိုင်းမပေါက်နိုင်တဲ့ အီတလီနဲ့ ဂျာမနီ အနိုင်ရဖို့ ခက်ခဲမယ့် အင်္ဂလန်တို့ရဲ့ဥရောပ ယူ-၂၁ ပွဲစဉ်

**မိုးမြင့်လင်းလက်**

ဥရောပ ယူ-၂၁ ဘောလုံးပြိုင်ပွဲကို ပိုလန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတာဖြစ်လို့ နောက်ဆုံးပိုလ်လုပွဲစဉ်တွေကို တက်ရောက်လာတဲ့အသင်း ၁၂ သင်းဟာ လေးသင်းတစ်အုပ်စုခွဲပြီး အုပ်စုပွဲစဉ်တွေကို စတင်ကစားနေကြပြီဖြစ်ပါတယ်။ ဥရောပအဆင့် ဘောလုံးပြိုင်ပွဲဖြစ်တဲ့အပြင် လူငယ်ခြေတက်ကစားသမားတွေရဲ့ လျှင်လျှင်မြန်မြန်တိုက်စစ်ဖွင့်ကစားမှုတွေကြောင့် ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ ပွဲတွေလည်းဖြစ်နေပါတယ်။ ဒါကြောင့် ကမ္ဘာ့ဘောလုံးပရိသတ်တွေရဲ့ စောင့်မျှော်ကြည့်ရှုရတဲ့ပွဲကောင်းတွေအဖြစ် မြင်တွေ့အားပေးရဦးမှာ ဖြစ်ပါတယ်။

**အင်္ဂလန်နှင့် ပိုလန်**

အင်္ဂလန် ယူ-၂၁ အသင်းရဲ့အောင်မြင်မှုကြောင့် အင်္ဂလန် ယူ-၂၁ လည်း အခုပွဲမှာ အောင်ပွဲခံမယ့်အသင်းလို့ ရေပန်းစားနေပါတယ်။ အင်္ဂလန်အသင်းဟာ အီတလီနဲ့ ဒိန်းမတ်အသင်းကို နိုင်ပွဲရအောင် ကြိုးစားနိုင်ခဲ့လို့ အားတက်စရာဖြစ်ပေမယ့် ဂျာမနီ၊ ပြင်သစ်ကိုတော့ ရှုံးခဲ့ပါတယ်။ အင်္ဂလန်လူငယ်တွေဟာ နောက်ဆုံးငါးပွဲမှာ ၁၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တာကြောင့် တိုက်စစ်စွမ်းရည်ထက်မြက်တဲ့အသင်းဖြစ်နေပါ တယ်။ ပိုလန်တို့ကလည်း အခုပွဲစဉ်မှာ ရလဒ်ကောင်းအောင် ကြိုးစားနိုင်တဲ့အသင်းဖြစ်တာကြောင့် အင်္ဂလန်တို့ သိပ်တော့မလွယ်ပါဘူး။ ဒီပွဲမှာ ကစားအားတူတဲ့ နှစ်သင်းတွေ့ဆုံတာမို့ သရေရလဒ်ထွက်ပေါ်သွားနိုင်ပါတယ်။

**ချက်နှင့် အီတလီ**

အုပ်စု(C)မှာ အီတလီတို့လည်း ပွဲတိုင်းခြေစွမ်းပြနိုင်ရေး အားထုတ်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ရလဒ်ကောင်းနည်းခဲ့တဲ့ အီတလီတို့ဟာ အခုပွဲမှာ ခြေကုန်ထုတ်နိုင်ရေး ကြိုးစားပါလိမ့်မယ်။ ချက်အသင်းဟာ တိုက်စစ်က ပုံမှန်စွမ်းဆောင်ရည် ရှိပေမယ့် ခံစစ်ပိုင်းက အားနည်းချက်ရှိနေပြီး ပေးဂိုးလည်း များနေပါတယ်။ ချက်အသင်းဟာ ခြေစွမ်းပေါ်ရင် တားဆီးရခက်ခဲတာမို့ အီတလီတို့ ပေ့ါဆဆ ကစားလို့ မရနိုင်ပါဘူး။ ဒါပေမယ့် ခြေစွမ်းပိုင်း တည်ငြိမ်ပြီး နောက်ဆုံးပိုလ်လုပွဲအထိ တက်ရောက်နိုင်တဲ့ ရည်မှန်းချက်ထားနေတဲ့ အီတလီတို့ပဲ နိုင်ပွဲရသွားနိုင်ပါတယ်။

**ဂျာမနီနှင့် ဒိန်းမတ်**

ဒီနှစ် ဥရောပ ယူ-၂၁ ဖလားကို ရယူဖို့ ရည်မှန်းချက်ထားနေတဲ့ ဂျာမနီတို့လည်း ပွဲတိုင်း ခက်ခက်ခဲခဲ ဖြတ်ကျော်နေရပါတယ်။ ပုံမှန်ခြေစွမ်းရအောင် ရုန်းကန်နေရတဲ့ ဂျာမနီတို့ဟာ အခုပွဲမှာ ဒိန်းမတ်ကို ဂိုးရဖို့ သိပ်တော့မလွယ်ပါဘူး။ အင်္ဂလန်၊ စပိန်တို့ကို ဂိုးပြတ်ရှုံးနိမ့်ခဲ့တဲ့အပြင် အီတလီကို သရေပွဲကစားခဲ့တဲ့ ဂျာမနီရဲ့ခြေစွမ်းဟာ ဒိန်းမတ်ကိုနိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။ ဂျာမနီတို့ တိုက်စစ်ကို ရဲရဲဖွင့်ပြီး ထိုးဖောက်ကစားမယ့်ပွဲပါပဲ။

**ဆလိုဗက်ကီးယားနှင့် ဆွီဒင်**

အုပ်စု(A)မှာ ဆလိုဗက်ကီးယားတို့ ခြေစွာနေပါတယ်။ ဆလိုဗက်ကီးယားတိုက်စစ်မှူးတွေက ပြိုင်ဘက်ခံစစ်ကြောင်းကို နေရာစုံက လျှင်လျှင်မြန်မြန် ထိုးဖောက်နိုင်ပြီး ဂိုးသွင်းလည်း သေချာသူတွေဖြစ်ပါတယ်။ ဆွီဒင်တို့က ခရိုအေးရှား၊ ချက်၊ အက်စတိုးနီးယားအသင်းတွေကို ဂိုးပြတ်အနိုင်ရအောင် ကြိုးစားနိုင်ခဲ့တဲ့ ခြေစွမ်းရှိနေတာကြောင့် ဆလိုဗက်ကီးယားတို့ ထင်တိုင်းမပေါက်နိုင်ပါဘူး။ ဒါပေမယ့် ရလဒ်ကောင်းရအောင် တိုက်စစ်၊ ခံစစ်မျှတအောင် ကြိုးစားနိုင်တဲ့ ဆွီဒင်ကစားသမားတွေကြောင့် ဆလိုဗက်ကီးယားတို့ ကပ်ပြီးနိုင်သွားနိုင်ပါတယ်။ ။



နာဆရီ

## နာမည်ကြီး ကစားသမား သုံးဦးကိုရောင်းထုတ်လိုတဲ့ မန်စီးတီး

မန်စီးတီးအသင်းအနေနဲ့ ဂျိုးလ်ဟတ်၊ ဝီလ်ဖရက်ဘိုနီနဲ့ နာဆရီတို့ကို အလိုမရှိတော့တဲ့အတွက် ရောင်းထုတ်သွားလိုတယ်လို့ ဆိုပါတယ်။ မန်စီးတီးက သူတို့အတွက် တစ်ပတ်ပေါင် ငါးသိန်းကျော် သုံးစွဲနေရတဲ့အတွက် မလိုတဲ့ ကစားသမား သုံးဦးကို ရောင်းထုတ်လိုတယ်လို့ ဆိုပါတယ်။ ဒီကစားသမား သုံးဦးထဲမှာ နာဆရီကတော့ တစ်ပတ်ကို ပေါင် ၁၆၀၀၀၀ နဲ့ အမြင့်ဆုံး လုပ်ခလစာ ရရှိနေပါတယ်။ သူ့ကို ဆီဗီလာကို အငှားချထားပြီး ရာသီအကြိုမှာ မန်စီးတီးအသင်းသို့ ပြန်လာမှာ ဖြစ်ပါတယ်။ အင်္ဂလန်အသင်းရဲ့နံပါတ် တစ် ကစားသမား ဂျိုးလ်ဟတ်ကတော့ တစ်ပတ်ပေါင် ၁၃၀၀၀၀ လောက်ရနေပါတယ်။ တိုက်စစ်မှူး ဘိုနီကိုလည်း မန်စီးတီးက ရောင်းထုတ်ဖို့ ရှိနေပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီက ၄၆ ပွဲမှာ ၁၀ ဂိုးသာ သွင်းယူပေးနိုင်ခဲ့ပါတယ်။ မန်စီးတီးနည်းပြ ဂွာဒီယိုလာက လာမယ့်ရာသီအသင်း ပြုပြင်ပြောင်းလဲရာမှာ အာဆင်နယ်မှ တိုက်စစ်မှူး ဆန်ချက်ဇ်ကို ခေါ်ယူလိုတဲ့အတွက် ကစားအားကျနေတဲ့ ကစားသမားတွေကို ပြန်ရောင်းဖို့ ဆန္ဒရှိနေပါတယ်။

## စီရော်နယ်ဒိုကို ရောင်းထုတ်ဖို့ ပေါင် သန်း ၃၅၀ အထိ စျေးခေါ်တဲ့ ရီးရဲမက်ဒရစ်

စီရော်နယ်ဒိုကို ခေါ်ယူလိုတဲ့အသင်းတွေအနေနဲ့ ပေါင် သန်း ၃၅၀ အထိ ပေးရလိမ့်မယ်လို့ ရီးရဲမက်ဒရစ်အသင်းက စျေးခေါ်လိုက်ပါတယ်။ မန်ယူနဲ့ ပီအက်စ်ဂျီအသင်းတွေက စီရော်နယ်ဒိုကို ခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အပေါ် ရီးရဲမက်ဒရစ်က စျေးခေါ်လိုက်ခြင်း ဖြစ်ပါတယ်။ ပေါင် သန်း ၃၅၀ အထိသာပေးမယ်ဆိုရင် စီရော်နယ်ဒိုကို ရီးရဲမက်ဒရစ်အသင်းက ထွက်ခွာခွင့်ပေးမယ်လို့ ဆိုပါတယ်။ အသက် ၃၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စီရော်နယ်ဒိုဟာ စပိန်အကောက်ခွန် အာဏာပိုင်တွေရဲ့ အခွန်တင်းကျပ်လွန်းတဲ့အတွက် ဘာနေဗျူးမှာ မပျော်တော့ဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ချန်ပီယံလိဂ်ဆုဖလားရှင် ရီးရဲမက်ဒရစ်ဟာ ပြီးခဲ့တဲ့ နိုဝင်ဘာလတုန်းက တစ်ပတ်ပေါင် ၃၅၀၀၀၀ နဲ့ ငါးနှစ်သက်တမ်းစာချုပ်ကို ချုပ်ဆိုထားပါတယ်။ သူဟာ လက်ရှိအချိန်မှာတော့ ရုရှားနိုင်ငံမှာ ကျင်းပတဲ့ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ပေါ်တူဂီအသင်းအတွက် ကစားပေးလျက်ရှိပါတယ်။



## ချယ်လ်ဆီးနဲ့အတူ ဆက်ရှိနေမယ့် နည်းပြ ကွန်တီ

ချယ်လ်ဆီးအသင်းအနေနဲ့ နည်းပြ ကွန်တီနဲ့ လာမယ့်ရာသီအတွက် ထပ်မံ စာချုပ်ဖွယ်ရှိနေပါတယ်။ ကွန်တီနဲ့ ချယ်လ်ဆီးအသင်းရဲ့ ဘုတ်အဖွဲ့တို့အကြား ကစားသမားအပြောင်းအရွှေ့အပေါ် သဘောထားကွဲလွဲခဲ့ပြီးနောက် အသင်းမှထွက်ခွာဖို့ ရှိနေပါတယ်လို့ ပြောဆိုနေကြပါတယ်။ ချယ်လ်ဆီး တာဝန်ရှိသူတွေနဲ့ နည်းပြ ကွန်တီတို့အကြား စာချုပ်သစ်ဆွေးနွေးရေးကိစ္စကို တွန်းအားပေးလုပ်ဆောင်သွားဖွယ်ရှိနေပါတယ်။ လာမယ့်ရာသီမှာ ကွန်တီရဲ့အစီအစဉ်မှာ တိုက်စစ်မှူး ကော်စတာ မပါဝင်ဘူးလို့ ပြောဆိုခဲ့ပြီးနောက် အဆင်မပြေမှုတွေ ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း အဆင်မပြေမှုများကို ဖြေရှင်းပြီး ကွန်တီနဲ့ ထပ်မံစာချုပ်သွားဖွယ်ရှိနေပါတယ်။ ချယ်လ်ဆီးက ကွန်တီရဲ့လုပ်ခလစာကို တစ်နှစ်ပေါင် ငါးသန်းမှ ပေါင် ကိုးသန်းအထိ ပေးဖို့ သဘောတူညီဖွယ်ရှိနေပါတယ်။ သူ့ရဲ့ပထမဆုံးရာသီမှာ ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလားရအောင်ကူညီပေးခဲ့တဲ့အတွက်ကြောင့် လည်း သူ့ရဲ့လုပ်ခလစာကို တိုးပေးဖွယ်ရှိနေပါတယ်။ ကွန်တီရဲ့ လာမယ့်ရာသီ အစီအစဉ်မှာ ရှုပ်ထွေးမှုတွေရှိနေတာတော့ အမှန်ပါပဲ။ ဘာတွေဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမယ့် အနေအထား ဖြစ်ပါတယ်။



# တောင်သမန် ဗုဒ္ဓရုပ်ပွားတော်ကြီး နှစ်ဆူ

မောင်သာ(ရှေးဟောင်းသုတေသန)



အမရပူရ၊ တောင်သမန်နှင့် ဦးပိန်တံတားသည် ပြည်တွင်း ပြည်ပခရီးသွားများအကြား အလွန်ထင်ရှားသည့် မြန်မာ့ရှေးဟောင်းဒေသများဖြစ်ကြသည်။ မန္တလေးမြို့မှ တောင်ဘက် ၁၁ ကီလိုမီတာ (၆ ဒသမ ၈ မိုင်) အကွာတွင် တည်ရှိသည့် အမရပူရသည် ဘိုးတော်ဘုရား(ဗဒုံမင်း) လက်ထက်တွင် ခရစ်နှစ် ၁၇၈၃ ခုနှစ်မှ ၁၈၂၃ ခုနှစ်အထိ တစ်ကြိမ်၊ သာယာဝတီမင်း လက်ထက်တွင် ခရစ်နှစ် ၁၈၃၇ ခုနှစ်မှ ၁၈၅၇ ခုနှစ်အထိ တစ်ကြိမ် မင်းနေပြည်တော်နှစ်ကြိမ်ဖြစ်ခဲ့သည့် ကုန်းဘောင်ခေတ် မြို့တော်ဟောင်းတစ်ခုဖြစ်သည်။

အမရပူရမြို့၏ တောင်ဘက်ရှိ တောင်သမန်အင်းသည် ၂၃၁ ဒသမ ၇၃ ဧက ကျယ်ဝန်းသည်။ အလွန်လှပသာယာသည့် တောင်သမန်ကို မင်းကြီးသီရိမဟာဇေယျသူက ကဝိလက္ခဏာဒီပနီကျမ်းတွင် "ရေ စစ်ကိုင်း၊ လှိုင်း ပခန်းငယ်၊ လယ် တောင်တွင်း၊ စပါး မည်းသင်း၊ အင်း တောင်သမန်၊ ကန် မိတ္ထီလာ"ဟု ဖွဲ့ဆိုခဲ့သည်။

တောင်သမန်ဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော်က လူများနေထိုင်ခဲ့သည့် အထောက်အထားများကို ၁၉၆၉ ခုနှစ်နှင့် ၁၉၇၀ ပြည့်နှစ်များတွင် တောင်သမန်အင်းစောင်းရှိ အောင်ခြင်းရှစ်ပါးဘုရားနှင့် မဟာဂန္ဓာရုံကျောင်းတိုက်အကြားတွင် ရှေးဟောင်းသုတေသနတူးဖော်မှုများ ပြုလုပ်ခဲ့ရာမှ တွေ့ရှိခဲ့သည်။ ယင်းနေရာမှ လူရုပ်ကြွင်းများ၊ အိုးများ၊ ပုတီးစေ့များ၊ ကျောက်နှင့် သံလက်နက်များကို တွေ့ရှိခဲ့ပြီး ၁၉၇၁ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်များတွင် ထပ်မံပြုလုပ်သည့် တူးဖော်မှုများအတွင်း အိုးထိန်းစက်ဖြင့်ပြုလုပ်ထားသည့် အိုးများကို တွေ့ရှိခဲ့ပြီးနောက် တောင်သမန်သည် ရှေးဟောင်းသုတေသနနယ်မြေတစ်ခုအဖြစ်လည်း ထင်ရှားလာခဲ့သည်။

တောင်သမန်အင်းကို ဖြတ်သန်းထားသည့် ဦးပိန်တံတားသည် ပုဂံမင်းလက်ထက်(ခရစ်နှစ် ၁၈၄၆-၁၈၅၃) မြန်မာသက္ကရာဇ် ၁၂၁၃ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် ရှေးဟောင်းကျွန်းတံတားတစ်ခုဖြစ်သည်။ အမရပူရဘက်ကမ်းမှ မန္တလေးဘက်ကမ်းသို့ ဆက်သွယ်ထားသည့် ခြောက်ဖာလုံရှည်လျားသော ဦးပိန်တံတားသည် သက်တမ်း နှစ် ၁၆၀ ကျော်ခဲ့ပြီဖြစ်သည်။ ဦးပိန်တံတားကို ကျွန်းတိုင်လုံးပေါင်း ၉၈၄ တိုင်ဖြင့် တည်ဆောက်ခဲ့သဖြင့် တိုင်အရေအတွက်ကို "နဝ အဋ္ဌ ၊ ဇယ မောင်ပိန်"ဟု မှတ်သားခဲ့ကြပြီး တံတားပေါ်ရှိ ဇရပ်ဆောင်များမှ တိုင်များကိုပါ ထည့်သွင်းရေတွက်လျှင် ဦးပိန်တံတားတွင် တိုင်လုံးပေါင်း ၁၀၈၆ တိုင်ရှိသည်။

တောင်သမန်အင်းအနီးရှိ ရှေးဟောင်းစေတီပုထိုးများအနက် တောင်မင်းကြီးနှင့် ကျောက်တော်ကြီးတို့သည် ထင်ရှားသည့် ထိုင်တော်မူရုပ်ပွားတော်ကြီးနှစ်ဆူ ဖြစ်သည်။

**တောင်မင်းကြီး ရုပ်ပွားတော်**

တောင်မင်းကြီး ရုပ်ပွားတော်သည် ဦးပိန်တံတား၏အနောက်ထိပ်၊ တောင်သမန်အင်းစပ်တွင်တည်ရှိကာ ဆင်ဖြူဝန်ဘုရားဟုလည်း ခေါ်ကြသည်။ တောင်မင်းကြီးရုပ်ပွားတော်ကို ဆင်ဖြူဝန်ရာထူး ထမ်းဆောင်ခဲ့ဖူးသူ တောင်မင်းကြီးခေါ် အသည်ဝန် မင်းလှကျော်စွာက မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ် (ခရစ်နှစ် ၁၇၈၆ ခုနှစ်)တွင် တည်ထားခဲ့သည်။ ယင်းအုတ်ဆင်းတုရုပ်ပွားတော်ကြီးကို တည်ခဲ့ချိန်က အမိုးအကာ မရှိသဖြင့် နေပူခံကိုယ်တော်ကြီးဟု ခေါ်ဆိုခဲ့သည်။

ဘိုးတော်ဘုရား(ဗဒုံမင်း)(ခရစ်နှစ် ၁၇၈၂-၁၈၁၉)သည် ဘုရင်ဖြစ်လာချိန်တွင် ငယ်သူငယ်ချင်း တောင်မင်းကြီးကို ရွှေတိုက်ဝန်ရာထူး ခန့်အပ်ခဲ့သည်။ ဘိုးတော်ဘုရားနှင့်ရင်းနှီးသော တောင်မင်းကြီး၏သား မောင်ရွှေကန်သည် ဖခင်၏ အရှိန်အဝါဖြင့် ဘုရင့်နန်းအနောက်ဆောင်မှ သမီးတော်များ၊ မိဘုရားငယ်များနှင့် ရောထွေးယှက်တင်ရှိနေသဖြင့် ဘိုးတော်ဘုရားက တောင်မင်းကြီးကို သားဖြစ်သူအားဆုံးမရန် သတိပေးခဲ့သည်။

တောင်မင်းကြီးသည် မိမိ၏သားကြောင့် မင်းပြစ်မင်းဒဏ်သင့်ကာ ဒုက္ခရောက်မည်ကို စိုးရိမ်မိခဲ့သဖြင့် သားဖြစ်သူမောင်ရွှေကန်ကို သရက်နှစ်ပင်သချိုင်းတွင် ကိုယ်တိုင်ကွပ်မျက်ခဲ့သည်ဟု ဆိုကြသည်။ တောင်မင်းကြီးသည် မိမိသားကို သတ်ခဲ့မိသဖြင့် စိတ်နှလုံးထိခိုက်ကာ တောင်သမန်အင်းအနောက်ဘက်တွင် ရုပ်တော်မူရုပ်ပွားတော်လေးဆူတည် ထားခဲ့သည်ဟုလည်း ဆိုသည်။ မင်းကြီးသည် သားဖြစ်သူ၏ဇာတိဖြစ်သော အမရပူရမြို့နယ် တံခွန်တိုင်ရွာအနီး ယာတော်ကျေးရွာတွင် တောင်မင်းကြီးဘုရားတစ်ဆူကို တည်ခဲ့သည်။

တောင်မင်းကြီးရုပ်ပွားတော်ကြီးသည် ဉာဏ်တော် ၄၆ ပေ ၁၁ လက်မ၊ တင်ပလ္လင်ခွေထားသည့် ဒူးစွန်းနှစ်ဖက်အကျယ် ၃၆ ပေ ၆ လက်မနှင့် မကိုဋ်တော်အမြင့် ၁၃ ပေ ၁ လက်မရှိသည်။ ရုပ်ပွားတော်ကြီး၏ လက်တော်မုဒြာဟန်သည် ယာဘက်လက်ချောင်းများက မြေသို့ထိနေသည့် ဘူမိဖဿမုဒြာဖြစ်ပြီး ခြေတော်ဟန်မှာ ဈာနာသနဖြစ်ကာ ကမ္ဘဋ္ဌာန်းထိုင်သည့်ပုံဟန် ထုလုပ်ထားသည်။

ရှေးအခါက နေပူခံကိုယ်တော်ကြီး သီတင်းသုံးရန် အမိုးအကာပြုလုပ်လျှင် အန္တရာယ်ကျရောက်မည်ဟု ယုံကြည်မှုများရှိခဲ့သဖြင့် ကာလကြာရှည်သည်အထိ တောင်မင်းကြီးရုပ်ပွားတော်တွင် အမိုးအကာမရှိခဲ့ချေ။ ရုပ်ပွားတော်ကြီးကိန်းဝပ်ရန် အမိုးအကာ တစ်ကြိမ်ဆောက်လုပ်ခဲ့ဖူးသော်လည်း ပြိုကျပျက်စီးခဲ့သည်ဟု ပြောစမှတ်ရှိခဲ့သည်။

နေပူခံကိုယ်တော်ကြီးကို အမိုးအကာဖြင့် ပူဇော်ထားရှိရန် အမရပူရမြို့ တရုတ်တန်းရပ်မှ ဦးရင်ကလေးကြီးမှူးလျက် ကံစမ်းထီမဲ ဖွင့်လှစ်ခဲ့သည်။ ရရှိငွေများဖြင့် အများကောင်းမှု အာရုံခံတန်ဆောင်းကြီးကို အောင်မြင်စွာ ဆောက်လုပ်လှူဒါန်းပြီးသည့်နောက် နေပူခံကိုယ်တော်ကြီးသည် အမိုးအကာအောက်တွင် သီတင်းသုံးခဲ့ကာ မူလအမည်သည် တဖြည်းဖြည်းပျောက်ကွယ်ခဲ့ပြီး တောင်မင်းကြီးဘုရားဟု ထင်ရှားလာခဲ့သည်။ တည်ဆောက်ခဲ့သည့် ခုနှစ်မှတ်တမ်းကို မတွေ့ရှိခဲ့ပါ။

ခရစ်နှစ် ၁၈၅၅ ခုနှစ်က တောင်သမန်သံတဲသို့ ရောက်ရှိလာသော အင်္ဂလိပ်သံအဖွဲ့၏ မှတ်တမ်း (Narrative of the Mission to The Court of Ava in 1855)တွင် Henry Yule က နေပူခံကိုယ်တော်ကြီးကို "အီဂျစ်နိုင်ငံ နိုင်းမြစ်ဝှမ်းမှ ရုပ်တုကြီးများကဲ့သို့ အမရပူရမြို့ တောင်သမန်အင်းစောင်းမှ ကြီးမားသော ရုပ်တုကြီးတစ်ဆူသည် တောင်သမန်အင်းကြီးကို ပြုံး၍ ကြည့်နေသည်"ဟု ရေးသားခဲ့သည်။

အိန္ဒိယဘုရင်ခံ ဒါလဟိုဇီသည် ၁၈၅၅ ခုနှစ် ဇွန်လတွင် ဆာအာသာဖယ်ရာ ဦးဆောင်သည့် သံအဖွဲ့တစ်ဖွဲ့ကို အမရပူရသို့ စေလွှတ်ခဲ့သည်။ ယင်းအဖွဲ့သည် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်တို့က ပဲခူးကို သိမ်းပိုက်အုပ်ချုပ်ထားမှုအား အထက်မြန်မာနိုင်ငံ အစိုးရကလက်ခံရန် မင်းတုန်းမင်းနှင့် ညှိနှိုင်းရန်နှင့် အထက်မြန်မာနိုင်ငံ၏ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ အရပ်ရပ်ကို ထောက်လှမ်းရန် လာခဲ့ကြသည်။

သံအဖွဲ့သည် ရန်ကုန်မှ အမရပူရသို့ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်လာခဲ့ကြပြီး မြန်မာပြည်အခြေအနေအရပ်ရပ်ကို မှတ်တမ်းတင်နိုင်ရန် မဒရပ်စစ်တပ်မှ အင်္ဂလိပ်လူမျိုးအရာရှိ Linnaeus Tripe နှင့် ပန်းချီဆရာ Colesworthy Grant တို့ကို ခေါ်ဆောင်လာခဲ့သည်။ အမရပူရသည် မြန်မာနိုင်ငံတွင် ဗြိတိသျှသံအဖွဲ့ ပထမဆုံးရုံးစိုက်ခဲ့သည့်မြို့ဖြစ်ပြီး ၁၇၉၅ ခုနှစ်တွင် သံတဲကို ဖွင့်လှစ်ခဲ့သည်။ ဆာအာသာဖယ်ရာ ဦးဆောင်သည့် သံအဖွဲ့သည် ထိုသံတဲတွင် တည်းခိုခဲ့ကြသည်။

Linnaeus Tripe သည် ရန်ကုန်မှ အမရပူရသို့ လာခဲ့သည့် ခရီးစဉ်အတွင်း ဓာတ်ပုံပေါင်း ၂၀၀ ကျော် ရိုက်ကူးခဲ့ကာ ပုံ ၁၂၀ ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းတို့အနက် အမရပူရတွင် ရိုက်ကူးခဲ့သော ဓာတ်ပုံ ၅၈ ပုံ ပါဝင်ခဲ့ရာ နေပူခံကိုယ်တော်ကြီးဓာတ်ပုံလည်း ပါဝင်ခဲ့သဖြင့် အဖိုးတန်မှတ်တမ်းတစ်ခု ဖြစ်လာခဲ့သည်။ ဓာတ်ပုံဆရာက ရုပ်ပွားတော်ကြီးအား စေတီငယ်များက ဝန်းရံထားကာ ရုပ်ပွားတော်ကြီးသည် ပလ္လင်အထက် ၃၇ ပေ ၆ လက်မခန့်မြင့်ကြောင်း သူ၏စာအုပ်တွင် ရေးသားခဲ့သည်။

မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် လှုပ်ခတ်ခဲ့သည့်ငလျင်ကြောင့် တောင်မင်းကြီးရုပ်ပွားတော်ကြီး ပြိုကျပျက်စီးခဲ့သည်။ သက္ကရာဇ် ၁၂၁၂ ခုနှစ်တွင် အမရပူရ မြင်းရုံရပ်မှ လှထောင်ကြီးဦးမှုံက ပုဂံမင်းထံမှ အမိန့်ခံ၍ တောင်မင်းကြီးဘုရားကို ပြင်ဆင်ခဲ့ရာ မင်းတုန်းမင်းနန်းတက်သည့် ၁၂၁၄ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ရုပ်ပွားတော်ကြီးပြင်ဆင်ရန် အလှူတော်ရွှေခွက်အစိတ်၊ ရွှေချိန် ၂၀၀ ရရှိခဲ့သည်။

နှစ်ကာလရှည်ကြာလာချိန်တွင် တောင်မင်းကြီးရုပ်ပွားတော်ကြီးသည် ထိန်းသိမ်းမည့်သူ မရှိသဖြင့် ချုံနွယ်များ ပိတ်ဖုံးလာခဲ့သည်။ သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် အမရပူရမြို့ သိမ်ကြီးဈေးအရှေ့မိုက်စုရွာသစ်နေ ရွှေလုံဆရာဖူးက ချုံနွယ်များဖုံးနေသည့် တောင်မင်းကြီးဝန်းကျင်ကို ရှင်းလင်းခဲ့ပြီး တပေါင်းလပြည့်နေ့တွင် ဆွမ်းတော်ကြီးကပ်လှူပွဲကို ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ တောင်မင်းကြီးဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလတွင် ကျင်းပခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

လက်ရှိအတိုင်းအတာအရ တောင်မင်းကြီးရုပ်ပွားတော်ကြီးသည် စိန်တောင်ခံ ၈၅ စတုရန်းပေ ကျယ်ဝန်းလျက် ပလ္လင်အမြင့် ခုနစ်တောင်၊ နှစ်ဖက်ဒူးအစွန်း ၂၁ တောင် ၂ မိုက်၊ ဓမ္မခဏ်တော် အရှေ့အနောက် ပေ ၂၀၊ ဉာဏ်တော် အတောင် ၃၀၊ သင်းကျစ်တော်အလျား ၁၂ တောင်၊ ပါးစပ်တော် ၄ တောင် ၁ ထွာရှိကြောင်း တောင်မင်းကြီးမြတ်စွာဘုရား စာစောင်တွင် ရေးသားထားသည်။

ဘုရားကြီးရင်ပြင်တွင် ထောင်ထားသည့် ဆိုင်းဘုတ်တွင် ပလ္လင်အမြင့် ခုနစ်တောင်၊ ပလ္လင်ရှေ့နောက် ၃၃ ပေ၊ ပလ္လင်တောင်မြောက် ၄၇ ပေဟူ၍ ပလ္လင်အရွယ်အစားကိုပါ ဖော်ပြထားသည်။ ရုပ်ပွားတော်ကြီး၏ နားတော်ပေါက်သည် လူတစ်ယောက် အထဲဝင်ထိုင်နိုင်အောင် ကြီးမားကျယ်ဝန်းကြောင်း ဖော်ပြထားပေသည်။

**မဟာသကျသီဟ ကျောက်တော်ကြီး ရုပ်ပွားတော်**

တောင်သမန်ကျောက်တော်ကြီးဟု ထင်ရှားသည့် မဟာသကျသီဟရုပ်ပွားတော်သည် တောင်သမန်၏ အရှေ့ဘက် ဦးပိန်တံတားအဆုံး အမရပူရမြို့မှ သုံးမိုင်အကွာတွင်ရှိကာ မန္တလေးတောင်ခြေရှိ မဟာသကျမုနိမာရဇိန် ကျောက်တော်ကြီးရုပ်ပွားတော်နှင့် ကွဲပြားစေရန် အမရပူရ ကျောက်တော်ကြီးဘုရားဟုလည်းကောင်း၊ တောင်သမန် ကျောက်တော်ကြီးဘုရားဟုလည်းကောင်း ခေါ်ဆိုကြသည်။ ကောင်းမှုရှင်မှာ ပုဂံမင်းဖြစ်သည်။

စေတီတော်ပရိဝုဏ် အရှေ့မြောက်ထောင့်တွင် စိုက်ထူထားသည့် မဟာသကျရံသီ ကျောက်တော်ကြီး ကျောက်စာအရ ကျောက်ဆစ်ရုပ်ပွားတော်ကြီးကို ငစဉ့်ကူးမြို့အဝင် စုံမြို့စီရင်စု စကျင်တောင်မှ ဧရာဝတီမြစ်ကြောင်းအတိုင်း ပင့်ဆောင်ပြီး ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရားနှစ်ဆူအနီးမှ တောင်သမန်သို့ ဝင်ရောက်ခဲ့သည်။ ကုန်းဘောင်ဆက် မြန်မာ့ရက်စွဲသမိုင်း စာအုပ်တွင် ဘုရားတင်ဖောင်ပြာသာဒ်ကို မီးသင်္ဘောတော်ဖြင့်ဆွဲစေ၍ ရွှေမြို့တော်တောင်မျက်နှာ၊ တောင်သမန်အနီး၊ အထက်တည်ထားဆောက်လုပ်တော်မူသည့် အုတ်ပြာသာဒ်အတွင်း မြန်မာသက္ကရာဇ် ၁၂၁၁ ခုနှစ် ဝါဆိုလပြည့်ကျော် ၆ ရက် (ခရစ်နှစ် ၁၈၄၉ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်) တွင် ပင့်ဆောင်ကိုးကွယ်ခဲ့ကြောင်း ဖော်ပြထားသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် "သက္ကရာဇ် ၁၂၁၁ ခုနှစ် နယုန်လဆန်း ၁၄ ရက်ကစ၍ ရတနာပူရအင်းဝမြို့တွင် မဟာသကျရံသီ ကျောက်တော်ကြီးဘုရား ကိန်းဝပ်တော်မူသည့် အုတ်ပြာသာဒ် ပြိုပျက်သည်ကို ကျောက်မော်မြို့စား ဝန်ကြီး သတိုးမင်းကြီး မဟာမင်းလှသူ၊ ပန်းပဲဝန် အတွင်းဝန် မဟာမင်းကြီး မဟာမင်းလှကျော်သူတို့ကို လှေအမှုထမ်း ၃၀၀၀ ကျော်ပေးအပ်၍ ပင့်ဆောင်စေရာ သုံးရက်နှင့် မုတ္တမတံခါးပြင်၊ ဘုရားပင့်ဆောင်ရန်ဘောင်ပေါ်သို့ ရောက်ရှိကြောင်းလျှောက်ထား၍ ယင်းနှစ် ဝါဆိုလပြည့်ကျော် ၆ ရက်နေ့တွင် ဆရာတော်သံဃာတော်တို့ကို သမ္ဗန်တော်များတွင် တင်ဆောင်၍ ရှေးဦးရှေးဖျား ကြွသွားနှင့် စေပြီးလျှင် ဘဝရှင်မင်းတရားကြီးဘုရား၊ ဖောင်တော် လှေတော် သမ္ဗန်တော်များနှင့် မင်းညီမင်းသား မှူးတော်မတ်တော်တို့ ခြံရံ၍ ထွက်တော်မူပြီးလျှင် ဘုရားတင်ဖောင်တော်ပြာသာဒ်ကို မီးသဘော်တော်နှင့်ဆွဲစေ၍ ရွှေမြို့တော်တောင်မျက်နှာတောင်သမန်အနီး အထက်တည်ထားဆောက်လုပ်တော်မူသည့် အုတ်ပြာသာဒ်အတွင်း တည်ထားကိုးကွယ်တော်မူ၏"ဟု ပြည့်စုံစွာ မှတ်တမ်းပြုထားသည်။

ကျောက်တော်ကြီး ရုပ်ပွားတော်သည်လည်း ထိုင်တော်မူဆင်းတုတော်ဖြစ်ပြီး ဌာပနာပစ္စည်းများမှာ ရွှေဆင်းတု ၁၂ ဆူ၊ ငွေဆင်းတု ၃၅၈ ဆူဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ရုပ်ပွားတော်၏ ဉာဏ်တော်သည် ၁၁ တောင် ၂ မိုက် ၄ သစ် ဖြစ်သည်။ ရုပ်ပွားတော်မြတ်၏ အတိုင်းအတာများမှာ ဓမ္မခန်ထိပ်အချင်း ၈ တောင် ၄ သစ်၊ ထက်ဝယ်တော် ၇ တောင် ၂ မိုက် ၄ သစ်၊ ဉာဏ်တော် ၁၁ တောင် ၂ မိုက် ၄ သစ်၊ ဒူးတော်နှစ်ဖက် ၄ တောင် ၁ မိုက် ၄ သစ်၊ ပလ္လင်တော်လုံးပတ် ၂၁ တောင် ၁ မိုက် ၄ သစ်၊ လက်မောင်းလုံးပတ်တော် ၃ တောင် ၂ မိုက် ၂ သစ် ဖြစ်သည်။

ကျောက်တော်ကြီးရုပ်ပွားတော် သီတင်းသုံးသည့် အုတ်တိုက်ကို ပုဂံရှိ အာနန္ဒာစေတီလိုဏ်ပုံစံ ဆောက်လုပ်ထားပြီး မုခ်လေးခုတွင် ပုဂံမင်း၏ကုသိုလ်တော်များကို ရုပ်ပုံများဆွဲကာ အညွှန်းစာသားများနှင့်အတူ ဖော်ပြထားသည်။ အမရပူရ၊ အင်းဝ၊ ဥက္ကလာ၊ ရွှေတောင်၊ ပြည်၊ ကူခန်း၊ စစ်ကိုင်းနှင့် ပုဂံမြို့များတွင် ပုဂံမင်းလှူဒါန်းခဲ့သော ကောင်းမှုတော်များဖြစ်သည့် ကျောင်း၊ ကန်၊ သိမ်၊ ဥမင်များ အပါအဝင် အခြားပုံများကို ရေးဆွဲထားသည်။ နတ်၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ နက္ခတ်တာရာ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွားများနှင့် နန်းတော်သူ၊ နန်းတော်သား၊ လှေပြိုင်ပွဲ၊ သင်္ဘော၊ ဆိုင်းဝိုင်းစသည်ဖြင့် ပုံများက စုံလင်သည်။ ပုံများကို ဆေးရောင်စုံများ ခြယ်ထားသည်။ ကျောက်တော်ကြီးဘုရားအတွင်း အမရပူရခေတ် နံရံဆေးရေးပန်းချီနှင့် မင်စာများကို မူလလက်ရာနီးပါး ထိန်းသိမ်းထားသည်ကို တွေ့မြင်ရပေသည်။

တောင်သမန်ကျောက်တော်ကြီး အာရုံခံတန်ဆောင်းအတွင်းရှိ ဘုရားရှင်ခြေတော်ရာသည် မူလက တံတိုင်း၏ မြောက်ဘက်၌ အရှေ့အနောက် အတောင် ၂၀၊ တောင်မြောက် ၁၀ တောင် ကျယ်ဝန်းသည့် ခြေတော်ရာတိုက်ပျက်အတွင်းရှိခဲ့ပြီး နောက်ပိုင်းတွင် တန်ဆောင်းသို့ ပြောင်းရွှေ့ခဲ့ကြသည်။ ဘုရားအာရုံခံ ကျောဘက်တွင် ရဟန္တာရုပ်တု ၈၈ ခု ရှိသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘုရားရှင် ရုပ်ပွားတော်များကို ရွှေ၊ ငွေ၊ ကြေး၊ သစ်၊ ကျောက် စသည်တို့ဖြင့် အရွယ်မျိုးစုံ၊ ဟန်မျိုးစုံ ထုလုပ်ကိုးကွယ်လေ့ရှိခြင်းသည် ဗုဒ္ဓဘာသာဝင်များ၏ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ် တစ်ရပ် ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့နေထိုင်ရာ အိမ်အသီးသီးတွင် ဗုဒ္ဓဆင်းတုတော်များကို ထားရှိပူဇော်လေ့ရှိကြသကဲ့သို့ စေတီပုထိုး၊ ကျောင်းကန်များတွင်လည်း ကြီးမားသော ဆင်းတုတော်များကို လက်ရာမြောက်စွာ ထုဆစ်ပူဇော်လေ့ရှိကြသည်။

ကုန်းဘောင်ခေတ်လက်ရာ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးနှစ်ဆူဖြစ်သည့် တောင်မင်းကြီးရုပ်ပွားတော်နှင့် မဟာသကျသီဟ ကျောက်တော်ကြီး ရုပ်ပွားတော်တို့သည် မြန်မာ့ယဉ်ကျေးမှုနယ်မြေ အမရပူရ၊ တောင်သမန်အင်း၏ တစ်ဖက်စီတွင် တည်ရှိနေကြသည်။ တောင်မင်းကြီးသည် အုတ်ရုပ်ပွားတော်ဖြစ်၍ မဟာသကျသီဟဆင်းတုတော်ကြီးသည် ကျောက်ရုပ်ပွားတော်ဖြစ်ပြီး ဆင်းတုတော် နှစ်ဆူလုံးသည် အချိုးကျနပြေပြစ်သည်။ ရုပ်ပွားတော်ကြီးများသည် သမိုင်းပုံရိပ်များထင်ဟပ်နေသည့် ရှေးဟောင်းဆင်းတုတော်ကြီးများ ဖြစ်ကြသဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် နောင်နှစ်ပေါင်းကြာရှည်စွာ တည်တံ့နိုင်ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။ ။

**ကိုးကား**


**၁။ မြန်မာရက်စွဲသမိုင်း၊ ကုန်းဘောင်ဆက် (ဦးတိက္ခဓမ္မာလင်္ကာရ၊ ဒေါက်တာသန်းထွန်း)**

**၂။ တောင်မင်းကြီးမြတ်စွာဘုရားစာစောင်**

**၃။ The Journey to Amerapoora in 1855 (Linnaeus Tripe)**

## စလင်းတပ်နယ်တွင် ယာဉ်စည်းကမ်း ပညာပေးဟောပြော

**စလင်း ဇွန် ၁၉**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တောစိမ့်ကျေးရွာအနီး စလင်းတပ်နယ် အစည်းအဝေးခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် စလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းနိုင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့်အချက်များ၊ ဆိုင်ကယ်စီးရာတွင် ဖြစ်နိုင်သည့် အန္တရာယ်များနှင့် သတိပြုရမည့်အချက်များ၊ စလင်းမြို့တွင် ဆိုင်ကယ်အိတ်ဇောမပါခြင်း၊ ပါဝါအိတ်ဇော ပြောင်းလဲတပ်ဆင်မောင်းနှင်ခြင်း၊ လူနှစ်ယောက်ထက်ပို၍ စီးနင်းခြင်းတို့ကို ဇွန် ၁၀ ရက်မှစ၍ လက်ရှိအချိန်အထိ ဖမ်းဆီးအရေးယူနေပုံများ၊ လိုင်စင်မပါလျှင် အရေးယူမှုများ စသည့်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့ပြီး နယ်မြေခံတပ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးစိုးလင်းမောင်နှင့် တပ်မတော်သားများ၊ တပ်မတော်သားမိသားစုဝင်များ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**



## ပုဗ္ဗသီရိမြို့နယ်၌ အသိပညာပေးယာဉ်ဖြင့် ရှင်းလင်းပြသ

**နေပြည်တော် ဇွန် ၁၉**
နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ဧရိယာအတွင်းရှိပြည်သူများ မူခင်းအသိပညာ ဗဟုသုတများရရှိစေရန်နှင့် မူခင်းဖြစ်ပွားမှု လျော့နည်းစေရန်အတွက် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇွန် ၁၄ ရက် မွန်းလွဲ ၁ နာရီက ပုဗ္ဗသီရိမြို့နယ် ထုံးဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး လှလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မူးယစ်အထူးတပ်ဖွဲ့(၁၀၁)မှ တပ်ဖွဲ့ဝင်များ၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် သူရနှင့် တပ်ဖွဲ့ဝင်များပါဝင်၍ မင်္ဂလာဒီပရပ်ကွက်ရှိ အမှတ် ၉၇ အလက(ခွဲ)ကျောင်း၌ ပညာပေးပြခန်းယာဉ် ဖြင့် အသိပညာပေးပြသရာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ထို့အတူ ယင်းနေ့နံနက် ၁၀ နာရီက ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ပတ္တာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဝင်းရွှင်နှင့် တပ်ဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နေပြည်တော် မူးယစ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်၍ ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်းအုပ်စု ကံလုကွက်သစ်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ အသိပညာပေးယာဉ်ဖြင့် ရှင်းလင်းပြသရာ ဒေသခံအင်အား ၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**



## နတ်ပေါက်ချောင်းကူးတံတား ကိုယ့်အားကိုယ်ကိုးတည်ဆောက်

**အင်းတော် ဇွန် ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်ဇေယျရပ်ကွက်ရှိ နတ်ပေါက်ချောင်း နေရာတွင် ပေါင်းကူးသံကူကွန်ကရစ်တံတားကို ဒေသခံများ ကိုယ့်အားကိုယ်ကိုး၍ ဇွန်လဆန်းပိုင်းမှ စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အောင်ဇေယျရပ်ကွက်က ပြည်သူတွေက လုပ်အားတွေရော ငွေတွေရော စိုက်ပြီး တည်ဆောက်လုပ်ကိုင်နေကြတာပါ။ ငွေကတော့ သိန်းသုံးဆယ်ကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ပါတယ်။ တကယ်တမ်း လုပ်အားတွေကော တွက်မယ်ဆို သိန်းငါးဆယ်ကျော်လောက် ရှိပါမယ်"ဟု အောင်ဇေယျရပ်ကွက်၏ ရပ်မိရပ်ဖဖြစ်သူ မြို့နယ်စည်ပင်ကော်မတီဝင် ဦးသင်းဖေက ပြောသည်။

တံတားသည် အရှည် ပေ ၂၀၊ အကျယ် ပေ ၂၀ ရှိပြီး ရေမျက်နှာပြင်မှအမြင့် ၁၃ ပေရှိကာ စုစုပေါင်း ငွေကျပ် ၃၅ သိန်းခန့် အကုန်ကျခံကာ တံတားကို တည်ဆောက်လျက်ရှိကြောင်း၊ တံတားပြီးစီးပါက အင်းတော်မြို့အောင်ဇေယျရပ်ကွက်နှင့် အေးမြသာယာကွက်သစ်ရပ်တို့မှ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း သိရသည်။ **သန်းမောင်လေး(ကချင်မြေ)**

# လမ်းသစ်လမ်းအလယ် အုတ်ခုံများတွင် သစ်ပင်များ အစားထိုးစိုက်ပျိုးထား

**ရန်ကုန် ဇွန် ၁၉**
လမ်းမတော်မြို့နယ်အတွင်းရှိ လမ်းသစ်လမ်းတစ်လျှောက်တွင် လမ်းအလယ်၌ အုတ်ခုံများဖြင့် သစ်ပင်များ စိုက်ပျိုးထားရာ ယခုအခါ ပြိုကျပျက်စီးနေသော သစ်ပင်အုတ်ခုံများ နေရာတွင် သက်ဆိုင်ရာက သစ်ပင်များ ပြန်လည်စိုက်ပျိုးထားသည်ကို တွေ့ရပြီး ထိုသို့ စိုက်ပျိုးပေးခြင်းကြောင့် လမ်းအတွင်းနေသူများ ကျေနပ်လျက်ရှိကြောင်း သိရသည်။

လမ်းအလယ်တွင် အုတ်ခုံများဖြင့် သစ်ပင်များစိုက်ပျိုးပေးထားသလို လမ်းဘေးနှစ်ဖက်တွင်လည်း သစ်ပင်တန်းများဖြင့် စိမ်းစိုလှပနေသည်ဟု လမ်းအတွင်းနေပြည်သူများနှင့် လမ်းသွားလမ်းလာများက ပြောသည်။ သို့သော် လမ်းအလယ်မှ သစ်ပင်အုတ်ခုံတစ်ခုနှင့်တစ်ခုအကြားတွင် ယာဉ်များကွေ့ခြင်း၊ ယာဉ်ရပ်နားခြင်းများ ရှိနေသဖြင့် အုတ်ခုံများ ပျက်စီးကာ သစ်ပင်များရှင်သန်မှုကို ထိခိုက်မည်ကိုလည်း လမ်းအတွင်းနေသူများက စိုးရိမ်မှုရှိနေသည်။ ထိုသို့ ယာဉ်ရပ်နားခြင်း၊ ယာဉ်များကွေ့ခြင်းများကြောင့် လမ်းသစ်လမ်းအတွင်း သစ်ပင်အုတ်ခုံပေါင်း ၂၁ နေရာတွင် အုတ်ခုံလုံးဝပျက်စီးသည့်နေရာ လေးခု၊ တစ်ပိုင်းတစ်စပြိုပျက်သည့်နေရာ သုံးခုရှိပြီး သစ်ပင်များပါ ပျောက်ကွယ်လျက်ရှိသည်။

လမ်းသစ်လမ်းအတွင်း လမ်းလယ်အုတ်ခုံများမှ သေနေသော သစ်ပင်များနေရာတွင် သစ်ပင်သစ်များ အစားထိုးစိုက်ပျိုးသော်လည်း ပျက်စီးနေသောအုတ်ခုံများကို ပြင်ဆင်ခြင်း၊ အသစ်ပြုလုပ်ခြင်းများ မမြင်တွေ့ရသေးကြောင်း၊ ယခင်အတိုင်း လမ်းအလယ်တွင် သစ်ပင်များဖြင့် စိမ်းစိုနေသည့်မြင်ကွင်းကို ပြန်တွေ့မြင်လိုကြောင်း လမ်းသစ်လမ်းအတွင်း လူကူးခုံးကျော်တံတားအနီးတွင် နေထိုင်သူဦးကုတ်က ဆိုသည်။

၂၀၁၆ နှစ်ဦးပိုင်းက ထိုလမ်းအတွင်း အုတ်ခုံများကြားတွင် ယာဉ်ရပ်၍ အရေးယူခံရပြီး ဒဏ်ငွေဆောင်ခဲ့ရသူ လမ်းအတွင်းနေ ယာဉ်ပိုင်ရှင် ဦးစိုးလင်းက ယခုအချိန်တွင် ယာဉ်များရပ်နားနေခြင်းကို အရေးယူမှု မတွေ့ရသဖြင့် အုတ်ခုံများအကြား လမ်းလယ်တွင် ယာဉ်ရပ်နားနေခြင်းများ ရှိနေဆဲဖြစ်ကြောင်း ပြောသည်။

လမ်းသစ်လမ်းအတွင်း လမ်းလယ်အုတ်ခုံများမှ သေနေသောသစ်ပင်များနေရာတွင် သက်ဆိုင်ရာက အပင်သစ်များ စိုက်ပျိုးပေး၍ လမ်းအတွင်း နေထိုင်ကြသူများအနေဖြင့် ကျေနပ်လျက်ရှိသော်လည်း လက်ရှိအချိန်တွင် ပျက်စီးနေသော အချို့အုတ်ခုံများကိုပါ ပြန်လည်ပြုပြင်၍ ထိုအုတ်ခုံများနေရာတွင်ပါ သစ်ပင်များ စိုက်ပျိုးပေးရန်နှင့် စိုက်ပျိုးပြီးသော သစ်ပင်များ သေဆုံးခြင်း၊ အုတ်ခုံများ ပျက်စီးခြင်း မရှိစေရန်အတွက် အုတ်ခုံများအကြား၌ ယာဉ်များဝင်ရောက်ရပ်နားနေခြင်းကိုလည်း သက်ဆိုင်ရာမှ အရေးယူပေးရန် လမ်းအတွင်းနေသူများက ဆန္ဒရှိနေကြသည်။
**ခင်ဆိုင်**



## ရန်ကုန်တိုင်းစစ်ဌာနချုပ် လက်အောက်ခံတပ်များက ရုံးပိတ်ရက် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေး

**ရန်ကုန် ဇွန် ၁၉**
ရန်ကုန်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များက ရုံးပိတ်ရက် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၇ ရက်က လှိုင်သာယာမြို့နယ် အမှတ်(၄)အထက်တန်းကျောင်းဝင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ရေမြောင်းများ ဆယ်ယူပေးခြင်း၊ ကျောင်းအတွင်းမှ သစ်ပင်ချုံနွယ်နှင့် အမှိုက်များ ရှင်းလင်းပေးခြင်းတို့ကို လုပ်အားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"တပ်ရင်းတပ်ဖွဲ့ ၁၅ ဖွဲ့နဲ့ အင်အားရာကျော် ဒီမနက်မှာ လုပ်အားပေးဆောင်ရွက်တာပါ။ ပြည်သူ့အကျိုးပြုလုပ်ငန်းကတော့ တပ်မတော်သားတွေ စနေနေ့တိုင်း ဆောင်ရွက်ပေးနေပါတယ်"ဟု နယ်မြေခံတပ်မှ ဌာနချုပ်တပ်ဖွဲ့မှူးက လုပ်အားပေးဆောင်ရွက်နေမှုကို ကြီးကြပ်နေစဉ် ပြောကြားသည်။

လှိုင်သာယာမြို့နယ်တွင် အစိုးရစာသင်ကျောင်းပေါင်း ၅၈ ကျောင်းရှိကာ ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ် ၄၅ ခုတွင် စာသင်ကျောင်းအများဆုံးရှိရာ မြို့နယ်တစ်ခုဖြစ်သည်။ မိုးရာသီတွင် စာသင်ကျောင်းများ၌ ရေမြောင်းများပိတ်ဆို့၍ ရေဝပ်ခြင်း၊ ရေလျှံခြင်း၊ သစ်ပင် ချုံနွယ်များ ထူထပ်ခြင်းတို့ကို နှစ်စဉ်ကြုံတွေ့နေရသည့်အတွက် ယခုလို ကျောင်းသားကျောင်းသူတို့အတွက် အကျိုးပြုသော လုပ်အားပေးဆောင်ရွက်ခြင်းကို ရပ်ကွက်နေပြည်သူများနှင့် ဆရာ ဆရာမများက လက်ကမ်းကြိုဆိုလျက်ရှိသည်။

"ရပ်ကွက်ထဲမှာ ရေမြောင်းပိတ်တာထက် စာသင်ကျောင်းမှာ ရေမြောင်းတွေပိတ်တာ၊ ချုံနွယ်တွေ ထူနေတာ အဆိုးဆုံးပဲ။ အခုလိုတပ်မတော်သားတွေ လာရောက်လုပ်ကိုင်ပေးတာကို ကျေးဇူးလည်းတင်တယ်။ ဝမ်းလည်း ဝမ်းသာတယ်။ ရပ်ကွက်ထဲက ကလေးအများဆုံး စုရုံးပညာသင်ကြားတဲ့ စာသင်ကျောင်းဝင်းမှာ သန့်ရှင်းရေးဆောင်ရွက်ပေးတာကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒါကြောင့်ကိုယ်တတ်နိုင်တဲ့ စေတနာနဲ့တုံ့ပြန်တာပါ"ဟု အမှတ်(၄) အထက်တန်းကျောင်းအနီး စိန်ရတနာလမ်းတွင် ရေမြောင်းဆယ်နေသည့် တပ်မတော်သားများအား အာဟာရဒါနပြုနေသူ ဦးဝင်းမြင့်က ပြောသည်။

လှိုင်သာယာမြို့နယ်အတွင်း ရပ်ကွက်များ၌ ရေမြောင်းများပိတ်ဆို့မှုကြောင့် မိုးရာသီတွင် လမ်းများ၊ စာသင်ကျောင်းများ ရေမြုပ်လေ့ရှိရာ ယခုလို ကျောင်းပတ်ဝန်းကျင် ရေမြောင်းများ ရှင်းလင်းဆောင်ရွက်ပေးခြင်းအပေါ် ကျောင်းသားမိဘများက ကျေနပ်ဝမ်းမြောက်လျက်ရှိသလို အမှတ်(၄)အထက်တန်းကျောင်းမှ ဆရာ ဆရာမများကလည်း လုပ်အားပေး တပ်မတော်သားများအား မုန့်ဟင်းခါးဖြင့် အာဟာရပြု ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။
**သန်းထိုက်(လှိုင်သာယာ)**

## ရေရှားပါးနေဆဲ ကျေးရွာသုံးရွာသို့ သောက်သုံးရေများလှူဒါန်း

**ညောင်ဦး ဇွန် ၁၉**
မိုးရာသီရောက်ရှိနေပြီဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းမှ သောက်သုံးရေရှားပါးနေဆဲ ကျေးရွာအချို့တွင် ဒေသခံပြည်သူများ သောက်သုံးရေ လုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် ပုဂံမြို့ ရတနာဘုံစံ တောရကျောင်း နာယကဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာရေအလှူတော်အသင်းက သောက်သုံးရေများ လှူဒါန်းပေးလျက်ရှိရာ ဇွန် ၁၇ ရက်တွင် ရွာသစ်တောင်ကျေးရွာ၊ ထန်းနှောင်းဝန်းကျေးရွာနှင့် လက်ပံပင်တဲတိုက်တို့မှ ပြည်သူများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေလှူဒါန်းရာတွင် ရေသယ်ယာဉ်များဖြင့် ရွာသစ်တောင်ကျေးရွာမှ ပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ ထန်းနှောင်းဝန်းကျေးရွာမှ ပြည်သူများအတွက် ရေဂါလန် ၁၅၀၀ နှင့် လက်ပံပင်တဲတိုက်မှ ပြည်သူများအတွက် ရေဂါလန် ၁၅၀၀ စုစုပေါင်း ရေဂါလန် ၄၅၀၀ ကို လှူဒါန်းပေးနိုင်ခဲ့သည်။

ဖြူစင်မေတ္တာ ရေအလှူတော်အသင်းအနေဖြင့် နွေရာသီကာလအတွင်းက ညောင်ဦးမြို့နယ်အတွင်းမှ သောက်သုံးရေ အခက်အခဲများရှိနေသည့် ကျေးရွာများသို့ ရေများ လှူဒါန်းခဲ့သလို ယခု မိုးရာသီကာလတွင်လည်း ရေရှားပါးနေဆဲဖြစ်သော ကျေးရွာများမှ ပြည်သူများအတွက် ရေများဆက်လက်ဖြန့်ဝေလှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။
**ရဲဝင်းနိုင်(ညောင်ဦး)**



# အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ/မရှိ စစ်ဆေးပြီး ကာကွယ်ဆေးများထိုးပေး

**ကလေးဝ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် One For All Chirdren လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်း၍ ကလေးငယ်များအား အသည်းရောင်အသားဝါ(ဘီ)ပိုး ရှိ/မရှိ စစ်ဆေးခြင်းနှင့် ဘီပိုးကာကွယ်ဆေး ထိုးပေးခြင်းလုပ်ငန်းကို ဇွန် ၁၈ ရက်က ကလေးဝမြို့မဟာမြိုင်တောရရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပြုလုပ်ခဲ့သည်။

ကလေးဝမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းလှိုင်တို့ဦးဆောင်ပြီး သက္ကာယ်ကျင်း ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူးများနှင့် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ အဖွဲ့က ကျောင်းသား ကျောင်းသူ ၁၃၀ ကျော်အား ဘီပိုးရှိ/မရှိ စစ်ဆေးပြီး ဘီပိုးမရှိသူများအား ကာကွယ်ဆေးများ ထိုးပေးခဲ့ခြင်းဖြစ်သည်။ ဘီပိုးရှိ/မရှိ လာရောက်စစ်ဆေးပေးစဉ် ကျောင်းသားကျောင်းသူ ခုနစ်ဦးမှာ ဘီပိုးရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ပြီး ယင်းကလေးငယ်များအား ဆက်လက်ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကလေးဝမြို့နယ် ကျန်းမာရေးဦးစီးမှူးက ပြောကြားသည်။

"အခုကျောင်းမှာတက်ရောက်နေတဲ့ ကျောင်းသားကျောင်းသူတွေကို ကျန်းမာရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျောင်းမှာ ကျေးလက်တောရွာက လာရောက်တက်နေကြတယ်ဆိုပေမယ့် ဘီပိုးမရှိတာကို



တွေ့ရတယ်။ တကယ်လို့ရှိခဲ့ရင်လည်း ဦးဇင်းတို့အနေနဲ့ သက်ဆိုင်ရာဆေးရုံ၊ ဆေးပေးခန်းတွေနဲ့ ချိတ်ဆက်ပြီး ကုသပေးသွားမှာပါ"ဟု ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကြီးကြပ်သူ ဦးဇင်း စကြာဝဋ္ဋာက မိန့်ကြားသည်။

ကျန်းမာရေးဝန်ထမ်းများအဖွဲ့အနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကျောင်းသား ကျောင်းသူများအပြင် မဟာမြိုင်တောရကျောင်းဝင်းအတွင်းရှိ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီများကိုလည်း ဘီပိုးရှိ/မရှိ စစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေး

**ဗန်းမော် ဇွန် ၁၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိုဟောပြောပွဲကို ဇွန် ၁၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းသိန်းထွန်းက အမှာစကားပြောကြားပြီး ဒေါ့ဖုန်းယန်နယ်မြေရဲစခန်းမှ ဒုရဲအုပ်သန့်ဇင်ဦးက မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် သုံးစွဲသူများအတွက် ပြစ်မှုနှင့်ပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဦးက မူးယစ်ဆေးဝါး အန္တရာယ် အသိပညာပေး ဖြစ်ရပ်မှန်ဇာတ်လမ်းများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မူးယစ်ဆေးဝါး၏ အန္တရာယ်ဆိုးကျိုးများအကြောင်း အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ၊ စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ပြီး ဟောပြောပွဲလာရောက်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းမှ နည်းပြဆရာမများ၊ သင်တန်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများ လွှဲပြောင်းပေးအပ်

**နမ့်ဆန် ဇွန် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လူထုဗဟိုပြုစီမံကိန်းမှ စီမံကိန်းနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သော ပညာရေး၊ ကျန်းမာရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းများကို သက်ဆိုင်ရာဌာနများထံ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၆ ရက်က မြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကား ပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးသိန်းမောင်ထွေးက စီမံကိန်းအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်သော ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှု မှတ်တမ်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်ဝင်းက ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်မောင်လေးနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဇော်သိန်းကျော်တို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

လူထုဗဟိုပြုစီမံကိန်းမှ သုံးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသော လုပ်ငန်းများမှာ အခြေခံအဆောက်အအုံ အသစ်တည်ဆောက်ခြင်း နှစ်ခု၊ တိုးချဲ့ပြုပြင်ခြင်း ၆၆ ခု၊ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံ ၃၀ စုစုပေါင်း ကုန်ကျငွေ ကျပ် ၅၉၇၁ သိန်းကျော်နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံ အသစ်တည်ဆောက်ခြင်း ခုနစ်ခု ကုန်ကျငွေ ကျပ် ၆၉၁ သိန်းကျော်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ကျောက်ပန်းတောင်းမြို့မဈေးကြီးတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြို့မစည်ပင်သာယာဈေးကြီး ပတ်ဝန်းကျင်တွင် ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေမြောင်းများပိတ်ဆို့မှု မရှိစေရေးအတွက် ဈေးကြီးပတ်လည် ရေမြောင်းများအတွင်းမှ အမှိုက်နှင့် သဲနုန်းမြေများ ရှင်းလင်းဆယ်ယူခြင်းလုပ်ငန်းကို ဇွန် ၁၇ ရက်က ဈေးကြီးဝန်းကျင်တွင် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့မစည်ပင်သာယာဈေးကြီးဝန်းကျင် ရေမြောင်းများ တူးဖော်ဆယ်ယူခြင်းလုပ်ငန်းများကို စည်ပင်သာယာဝန်ထမ်းများ၊ ဈေးလုပ်သားများနှင့် ဈေးသည်များ စုစုပေါင်းအင်အား ၁၄၀ ကျော် စုပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ဈေးပတ်လမ်းရှိ ရေမြောင်းများအတွင်းမှ အမှိုက်များ၊ သဲနုန်းမြေများကိုဆယ်ယူ၍ အမှိုက်သယ်



ယာဉ်များဖြင့် မြို့ပြင်အမှိုက်ကျင်းသို့ စနစ်တကျစွန့်ပစ်ခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးတင့်ခိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့်ဝန်ထမ်းများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးဌေးမြင့်နှင့် အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

အလားတူ ကျောက်ပန်းတောင်းမြို့ရှေ့ ပန်းသီတာဥယျာဉ်တွင်လည်း စနေနေ့ ဒုတိယပတ် သန့်ရှင်းရေးလုပ်ငန်းများကို ကျောက်ပန်းတောင်းဟစ်တိုင်လူငယ်များ၏ စည်းရုံးလှုံ့ဆော်မှုဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များမှ လူငယ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မထိန်ကန်ပရဟိတအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၅၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြကာ ကျောက်ပန်းတောင်းတပ်နယ်မှူး ဗိုလ်မှူးကြီးကျော်ကျော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကိုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ရိခေါဒါရ် ဇွန် ၁၉**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့်ကဗျာရွတ်ဆိုပြိုင်ပွဲများကို ရိခေါဒါရ် ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးလာလ်ပက်လောမ်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို ရှင်းလင်းဟောပြောပြီး ပုံပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲများတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၇ ဦး၊ မူးယစ်ကင်းစင်ကျောင်းတော်တစ်ခွင် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

# အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး



**မိုင်းယန်း ဇွန် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်အတွင်း ကျေးရွာများနှင့် မိုင်းယန်းမြို့ပေါ်မှ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများကို ကျိုင်းတုံမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လင်း ဦးဆောင်ပြီး အထူးကုဆရာဝန်ကြီးများ ပါဝင်သော ဆေးကုသရေးအဖွဲ့က မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဇွန် ၁၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေးရာတွင် အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ဦးနှောက်နှင့်အာရုံကြောရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ သွေးတိုး သွေးကျရောဂါနှင့် အထွေထွေရောဂါဝေဒနာရှင် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စနစ်ကျလယ်ယာ ဧက ၁၀၀ ကို တောင်သူများအား ပေးအပ်

**ကန့်ဘလူ ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကန့်ဘလူမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု မိုးကောင်းကျေးရွာတွင် ဖော်ထုတ်ပေးခဲ့သော စနစ်ကျ စက်မှုလယ်ယာမြေ ဧက ၁၀၀ ကို ဒေသခံတောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၁၆ ရက် က မိုးကောင်းကျေးရွာ လေးထပ်ကျောင်း ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

လယ်ယာများ လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးရွှေဝင်းက စက်မှုလယ်ယာနှင့် စနစ်ကျလယ်ယာမြေများ ဖော်ဆောင်ပေးခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က စနစ်ကျစက်မှုလယ်ယာမြေ ဧက ၁၀၀ ကို ဒေသခံတောင်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်ဦးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

"ယခင်က လယ်ယာမြေတွေမှာ ကုန်ထုတ်လမ်းများ၊ ရေသွင်းရေထုတ်မြောင်းများ မရှိတဲ့အတွက်တောင်သူအများစုမှာ အခက်အခဲကြုံတွေ့ကြရပါတယ်။ အခု စနစ်တကျ လယ်ကွက်များမှာ လယ်ယာသုံးစက်ကိရိယာတွေ အချိန်မရွေး ရာသီမရွေး ဝင်ရောက်လုပ်ကိုင်နိုင်မှာဖြစ်တဲ့အတွက် တစ်သီးစားမှ နှစ်သီး သုံးသီးစားအထိ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်နိုင်လို့ တောင်သူတွေ ဝင်ငွေတိုးတက်လာမှာဖြစ်ပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကန့်ဘလူမြို့နယ် ခါးတောက်ရင်းကျေးရွာအုပ်စု ကံရိုးကျေးရွာတွင် တိုင်းဒေသကြီးအစိုးရက ဖော်ထုတ်ပေးခဲ့သော စနစ်ကျ စက်မှုလယ်ယာမြေ ဧက ၁၀၀ ကို ဒေသခံတောင်သူများထံ လွှဲပြောင်းပေးအပ်ပွဲကိုလည်း ဇွန် ၁၆ ရက်တွင်ပင် တစ်ဆက်တည်း ကျင်းပခဲ့သည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ထိုသို့ စနစ်ကျ စက်မှုလယ်ယာမြေများ ဖော်ဆောင်ပေးခြင်းဖြင့် ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ လူနေမှုအဆင့်အတန်းမြင့်မားလာကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ အဆိုပါ စက်မှုလယ်ယာမြေကွက်များကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနနှင့် ဇေယျာအောင်မြေကုမ္ပဏီတို့ ပူးပေါင်း ဖော်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# VICTORIA UNIVERSITY COLLEGE
## ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

**CONGRATULATIONS! 2017**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုကြိုဆိုပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် VUC တွင် ဗြိတိန်အစိုးရပိုင် South Essex College ၏ Foundation Diploma သင်တန်းကို ၅လ တက်ရောက်ပြီး UK မှ တိုက်ရိုက် ချီးမြှင့်မည့် Diploma ကို ရရှိပါမည်။

South Essex College (UK) ၏ Diploma ရရှိပြီးသူများသည် အင်္ဂလန်နိုင်ငံ Business and Technology Education Council (BTEC) မှ တိုက်ရိုက်ချီးမြှင့်မည့် အောက်ပါ HND ဘာသာရပ်များ အနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။ (တက္ကသိုလ်ဝင် စာမေးပွဲ အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)

1. Engineering (Civil/ Mechanical/ Electrical and Electronics)
2. Business (Management/ Marketing/ Accounting/ HR)
3. Computing and Systems Development
4. Health and Social Care



HND Diploma ရရှိရန်အတွက် (၂)နှစ် သင်ယူရမည်ဖြစ်သည်။
သင်တန်းပြီးမြောက်ပါက BE (Hons:), B.Sc (Hons:), BA (Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton နှင့် Victoria University College တို့ ပူးတွဲ သင်ကြားသည့် အတန်းတွင် (၁) နှစ် ဆက်လက်သင်ယူပြီး ယင်းတက္ကသိုလ်မှ ပေးအပ်သည့်ဘွဲ့ကို ရရှိပါမည်။ သို့မဟုတ် နိုင်ငံရပ်ခြားတက္ကသိုလ်များသို့ သွားရောက် ပညာ သင်ယူနိုင်သည်။



Victoria University College သည် QAA (UK) နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့် နိုင်ငံတကာ အသိအမှတ်ပြုဘွဲ့ နှင့် အလုပ်အကိုင် အခွင့်အလမ်း များ ရရှိမည်။ (Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) အမှတ်စာရင်းမိတ္တူ၊ ဓာတ်ပုံ ၃ပုံ ပူးတွဲ တင်ပြရမည်။ ၇.၇.၂၀၁၇ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။ (ကျောင်းသား အရေအတွက် ကန့်သတ်ထားပါသည်။)

BTEC Approved Centre | south essex college FURTHER & HIGHER EDUCATION | UNIVERSITY OF WOLVERHAMPTON KNOWLEDGE • INNOVATION • ENTERPRISE

လျှောက်လွှာတင်သွင်းရန် နှင့် စုံစမ်းဆွေးနွေးရန် - ကျောင်းသားရေးရာဌာန

ရန်ကုန် ▪ အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၅၁၀၄၇၄၈၊ ၀၉ ၂၅၉၂၇၁၀၉၄။

မန္တလေး ▪ အမှတ် (၁၅၁)၊ ၂၈လမ်း၊ ၇၇x၇၈ကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၂ ၃၁၁၅၄၊ ၀၉ ၂၅၄၅၇၄၇၃၈၊ ၀၉ ၅၀၆၀၇၂၀၊ ၀၉ ၇၈၅၉၆၀၇၂၀။










## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/1659 Aung Naing Thu(ANT-01) Pickup (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၁၂/သခန(နိုင်)၀၇၁၃၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/2674 Fotan Tractor Head ယာဉ်လက်ဝယ်ရှိသူ Myanmar Fiber Optic Communication Network Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ အိုးဘိုတောင်ရပ်ကွက်၊ ကွင်းအမှတ် (၃၃၃-က)၊ ဦးပိုင်အမှတ် (၁၄ လမ်း- ၆၅)၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက တို့အား ဦးအောင်ဆန်းမြင့်အမည်ဖြင့် မြေငှားဂရန်(ခွဲစိတ်အမည်ပြောင်း)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**မုံရွာခရိုင်တရားရုံးတော်၌**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၁ နှင့်ဆက်နွှယ်သည့်**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၂၇**

ဒေါ်ဝင်းကြည် နှင့် ဒေါ်စိုးမိုးသန့်

**ဒီကရီကိုအနိုင်ရသူ** **တရားရှုံး**

မုံရွာမြို့၊ ကန်သာဦးရပ်၊ ဝေဇယန္တာလမ်းနေ ဒေါ်စိုးမိုးသန့် (ကြယ်စင်မင်းစုကြေးအသင်းနှင့်စတိုး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၄၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်ဝင်းကြည်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ပြေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက် (၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် ဇွန် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မုံရွာခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/2721 Suzuki Swift Z C11S, Hatch Back(4x2)® ယာဉ်လက်ဝယ်ရှိသူ Sandrar Trading Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ် ၃၁၊ ဦးပိုင်အမှတ် ၃၄/၁၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၆၅ ဧကရှိ မြေယာကွက်ကို ဦးအင်မော့တူးအိမ် အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၃၃/V၊ ၈၆-၈၇ ဖြင့် (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန်ရရှိထားရာ အဆိုပါမြေယာကွက်ကို မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ အိမ်အမှတ် ၈၇ နေ ဦးလီရှင်းချန် (LEE SHIN CHAN) ၁/မကန(ပြု)၀၀၁၆၁၅ မှ စာရွက်စာတမ်းအပြည့်အစုံဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မြေငှားဂရန်အမည်ပြောင်းလျှောက်ထားသော မြေယာကွက်ဖြစ်၍ ကန့်ကွက်လိုသူရှိပါက ယခုကြေညာသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလီရှင်းချန် (LEE SHIN CHAN) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေဝဏ္ဏဦး LL.B အထက်တန်းရှေ့နေ (စဉ်-၄၂၃၇၀)**
**အမှတ် ၆၊ ရန်ကြီးအောင်ရပ်ကွက်၊ မြစ်ကြီးနားမြို့**
**ဖုန်း-၀၉-၄၀၀၀၂၃၅၇၇၊ ၀၉-၂၅၅၈၈၂၁၅၀**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/6765 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/1148 Mazda Scrum DG63T P/U(4x2)R.H.D ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထွေး ၁၂/ဥကမ(နိုင်)၀၉၇၇၅၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အမည်မှန်

ဦးအေးဆွေ၏သမီး တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အထက(၂)၊ နဝမတန်း(C)မှ မချွန်းလဲ့မွန်၏ အမည်မှန်မှာ မရွှန်းလဲ့မွန် ဖြစ်ပါကြောင်း။

**မရွှန်းလဲ့မွန်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၄၇ယ/၇၃၈၉၉ *Cbr 150 Honda* ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၁၃/တကန(နိုင်)၂၁၅၉၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၅၅၅၀ Dayang 110 M/C ယာဉ်လက်ဝယ်ရှိသူ Khine Myae Thitsar Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း(၆၀)၊ ၃၁×၃၂လမ်းကြားနေ၊ ဦးသန်းဇော်မြင့် ၅/ဝလန(နိုင်)၀၉၃၃၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ **'ရွှေဇီမိုး'** အမည်ရှိ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် (၂၆၅/၂၀၁၇)အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




သို့ဖြစ်ပါ၍ ဖော်ပြပါ **'ရွှေဇီမိုး'**အမည်အမှတ်တံဆိပ်အမှတ်အသားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုအပ်သလို လက်ဖက်နှင့် ပဲကြော်စုံအမျိုးမျိုးရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းရပ်အသီးသီးတွင် အသုံးပြု၍ လုပ်ငန်းခွဲများ ထပ်မံဖွင့်လှစ် တိုးချဲ့လုပ်ကိုင်ရာတွင် အသုံးပြုသွားရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ **'ရွှေဇီမိုး'** အမည်ရှိ လက်ဖက်နှင့် ပဲကြော်စုံအမျိုးမျိုးရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများအား မန္တလေးမြို့တွင် လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းမှုပိုင်ဖြစ်သော **'ရွှေဇီမိုး'** ဟူသော လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အဆိုပါ **'ရွှေဇီမိုး'**ဟူသောအမှတ်အသား၏ အရှေ့မှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ နောက်မှလည်းကောင်း တစ်စုံတစ်ရာစာတမ်းများဖြည့်စွက်၍ တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ခြင်း မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ လုပ်ငန်း၏ အမှတ်တံဆိပ်အား တုပသုံးစွဲဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးသန်းဇော်မြင့်**
**၅/ဝလန(နိုင်)၀၉၃၃၇၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြတ်သူ**
**LL.B;Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၄၁)**
**အမှတ် (ဓ-၃/၈)၊ လမ်း၄၀၊ ၆၅×၆၆လမ်းကြား၊**
**နဝရတ်လမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း ၆၀၊ ၃၁×၃၂ လမ်းကြားနေ ဦးသန်းဇော်မြင့် ၅/ဝလန(နိုင်)၀၉၃၃၇၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ **'ဆုပြည့်စုံ'**အမည်ရှိ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မန္တလေးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ၂၆၆/၂၀၁၇ အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




သို့ဖြစ်ပါ၍ ဖော်ပြပါ **'ဆုပြည့်စုံ'** အမည်အမှတ်တံဆိပ်အမှတ်အသားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လိုအပ်သလို ဆီသန့်ပဲကြော်စုံအမျိုးမျိုးရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများ၊ စားသောက်ကုန်ထုတ်လုပ်ငန်းရပ်အသီးသီးတွင် အသုံးပြု၍ လုပ်ငန်းခွဲများ ထပ်မံဖွင့်လှစ်တိုးချဲ့လုပ်ကိုင်ရာတွင် အသုံးပြုသွားရန်အတွက် မှတ်ပုံတင်သွင်းကြေညာခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ **'ဆုပြည့်စုံ'**အမည်ရှိ ဆီသန့်ပဲကြော်စုံအမျိုးမျိုးရောင်းဝယ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများအား မန္တလေးမြို့တွင် လုပ်ကိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ တစ်ဦးတည်းမှုပိုင်ဖြစ်သော **'ဆုပြည့်စုံ'** ဟူသော လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှား တုပသုံးစွဲခြင်းများ မပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။ အဆိုပါ **'ဆုပြည့်စုံ'**ဟူသော အမှတ်အသား၏ အရှေ့မှလည်းကောင်း၊ အလယ်မှလည်းကောင်း၊ နောက်မှလည်းကောင်း တစ်စုံတစ်ရာစာတမ်းများဖြည့်စွက်၍ တံဆိပ်အမည်အမှတ်အသားကို မှတ်ပုံတင်ခြင်းမပြုလုပ်ကြပါရန် ကြေညာအပ်ပါသည်။

အကယ်၍ မည်သူမဆို ကျွန်ုပ်မိတ်ဆွေ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်၍ လုပ်ငန်း၏ အမှတ်တံဆိပ်အား တုပသုံးစွဲဆောင်ရွက်ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးသန်းဇော်မြင့်**
**၅/ဝလန(နိုင်)၀၉၃၃၇၄**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးမြတ်သူ**
**LL.B, Dip in Business Law**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၄၁)**
**အမှတ် ဓ-၃/၈၊ လမ်း ၄၀၊ ၆၅×၆၆လမ်းကြား၊**
**နဝရတ်လမ်းသွယ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**



# ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိအစိတ်အပိုင်းများ ထပ်မံတွေ့ရှိရေးနှင့် ပျက်ကျရသည့်အကြောင်းအရင်းအဖြစ်မှန်သိရှိနိုင်ရေး ဆက်လက်လုပ်ဆောင်လျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

ပျက်ကျ Y-8လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိစေရေး ယနေ့တွင်လည်း တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများပူးပေါင်းပြီး ရေအောက်ရှာဖွေရေးကိရိယာ ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ် မူတည်၍ ကျွမ်းကျင်ရေငုပ်စစ်သည်များ၊ ဒေသခံရေငုပ်ကျွမ်းကျင်သူများဖြင့် ရှာဖွေခြင်း၊ ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေခြင်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထိုသို့ ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိစဉ် ယနေ့ညနေပိုင်းတွင် လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာအနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေနှစ်စင်းက သံသေတ္တာတစ်လုံး၊ လေယာဉ်အမှုထမ်းဝတ်စုံတစ်စုံ အပါအဝင် အဝတ်အထည်မျိုးစုံနှင့် စာရွက်စာတမ်းများအား ရှာဖွေတွေ့ရှိခဲ့ သည်။

ထို့ပြင် ဆယ်ယူရရှိခဲ့သည့် Flight Data Recorder-Black Box နှင့် CVR-Cockpit Voice Recorder တို့မှ လေယာဉ်ပျက်ကျသည့် အကြောင်းအရင်းအချက်အလက်များ ဖော်ထုတ်ရရှိရေးအတွက် လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များအတိုင်း လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်တာမီလန်လူငယ်အသင်း မြန်မာအသင်းများနှင့် ခြေစမ်းပွဲနှစ်ပွဲကစားမည်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဇွန် ၁၉**

အီတလီစီးရီးအေကလပ် အင်တာမီလန်လူငယ်အသင်းသည် မြန်မာနိုင်ငံသို့ လာရောက်ရန် နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာလူငယ်အသင်းများနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများအဖြစ် ဩဂုတ် ၁၂ ရက်တွင် မြန်မာ ယူ-၂၂ အသင်းနှင့် အင်တာမီလန်လူငယ်အသင်း၊ ဩဂုတ် ၁၄ ရက်တွင် မြန်မာ ယူ-၁၈ အသင်းနှင့် အင်တာမီလန်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။အင်တာမီလန်လူငယ်အသင်းနှင့်ခြေစမ်းပွဲမှာ မြန်မာ ယူ-၂၂ အသင်းအတွက် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နောက် ဆုံးကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် လေ့ကျင့်မှုများ စတင်ပြုလုပ်နေပြီဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၌ ခြေစွမ်းပြကစားနေသည့် တောင်ပံကစားသမား စည်သူအောင်ကို အားဖြည့်ရွေးချယ်ထားသည်။ မြန်မာယူ-၂၂ အသင်းသည် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဇွန် ၂၈ ရက်မှ ဇူလိုင် ၂ ရက်အထိ ကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ၊ ဇူလိုင် ၁၉ ရက်မှ ၂၃ ရက်အထိကျင်းပမည့် အာရှယူ-၂၃ ခြေစစ်ပွဲတို့ ယှဉ်ပြိုင်ရန်ရှိနေပြီး နိုင်ငံတကာခြေစမ်းပွဲများအဖြစ်

*စာမျက်နှာ ၅ ကော်လံ ၁* ❁



မြန်မာ ယူ-၂၂ အသင်းတွင် ထပ်မံရွေးချယ်ခံထားရသည့် စည်သူအောင်

**မုံရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားတစ်သိန်းနှင့် ဘိန်းဖြူများ ထည့်ထားသည့် ဆာလာအိတ် ၁၇ အိတ် တွေ့ရှိ**

စာမျက်နှာ » ၁၃



**မန္တလေး မိုးလေဝသ ရေဒါစခန်း ဖွင့်လှစ်ရန် ရာနှုန်းပြည့်ပြီးစီး**

စာမျက်နှာ » ၁၅



**စီရော်နယ်ဒိုကို ရောင်းထုတ်ဖို့ ပေါင် သန်း ၃၅၀ အထိ ဈေးခေါ်တဲ့ ရီးရဲမက်ဒရစ်**

စာမျက်နှာ » ၁၉

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှောဝတီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရခိုင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ပြည့်ဖြစ်သည်။

ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲနှင့် အနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မိုး/ဇလ)**


